



www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com





၈၉၅.၈၃

တြိုသင်္ခ်

ယက္ခတာဓေတ/ပညာဒီပ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၀။

၁၄၉ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) တြိုသင်္ခ်

စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၀၉၀၁၁၀။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၁၆၀၂၁၀။

ထုတ်ဝေသူ ။ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် ။ ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ။ ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။
၅၄၁၇၄၅၊ ၆၅၂၁၀၃၊ ၀၉၈၀၀၃၄၅၅၈၁၊ ၀၉၅၀၂၁၃၅၅၄။

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) သေရွာမှ ထလာသောသရဲ

အခန်း(၂) ရွာထဲ ဝင်လာသည့် ယက္ခတာတေ

အခန်း(၃) မြွဝင်းသူနှင့် လျှို့ဝှက်ချက်များ

အခန်း(၄) လူသတ်တရားခံ မိလေပြီ

အခန်း(၅) ယက္ခတာတေနှင့် အာဃာတရန်ငြိုး

အခန်း(၆) အမှောင်ထဲမှ ခေါင်းပြတ်ဆွဲလာသူ

အခန်း(၇) လေပေါ်မှ သွေးစုပ်ကောင်

အခန်း(၈) သုသာန်ထဲမှ ခေါင်းပြတ်အလောင်း

အခန်း(၉) ဝရမ်းပြေး ကလဲ့စား

အခန်း(၁၀) တစူးဝါးနှင့် မိစ္ဆာနိဂုံး

အခန်း(၁၁) အချစ်များဖြင့် သံသရာရှည်


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

# သေရွာမှ ထလာသောသရဲ

(၁၉၇၂)ခုနှစ်တွင် မြန်မာနိုင်ငံကို နှစ်ပေါင်းတစ်ရာကျော် သိမ်းပိုက်ခြယ်လှယ်ခဲ့သော ဗြိတိသျှတပ်များ မြန်မာပြည်မှ ဆုတ်ခွာထွက်ပြေးသွားပြီးနောက်ဝယ် ဖက်ဆစ်ဂျပန်များ ထပ်မံဝင်ရောက်လာကြပြန်သည်။

ဖက်ဆစ်ဂျပန်များကလည်း တိုင်းရင်းသားများအား ရက်ရက်စက်စက် နှိပ်စက်ကြပြန်လေ၏။

ဤသို့ဖြင့် ဂျပန်တို့လက်အောက် ဒေါက်တာဘမော် အမိပတိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေစဉ်အချိန်အတွင်းမှာပင် တိုင်းပြည် သူတလူ ငါတမင်း မင်းမူကာ ဆူပူသောင်းကျန်းလျက် ရှိနေတော့သည်။

တိုင်းပြည် မငြိမ်မသက်ဖြစ်နေစဉ် အချိန်ကာလတွင် လက်နက်ရှိသူများက လူသူစုဆောင်းကာ ဓါးပြဂိုဏ်းများ ထူထောင်ကာ တိုက်ခိုက်လုယက်ကြသည်။

ဂျပန်တို့လက်အောက်မှ ဒေါက်တာဘမော် အစိုးရမှာလည်း အုပ်ချုပ်ရေးနယ်နိမိတ်နှင့် ဝေးလံသောနေရာများကို ထိရောက်အောင် အုပ်ချုပ်နိုင်မှု မပေးနိုင်သဖြင့် တောမီးလောင် တောကြောင် လက်ခမောင်းခတ် ဆိုသကဲ့သို့ နေရာအနှံ့တွင် လုယက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လျက် ရှိနေတော့သည်။

ဒေါက်တာဘမော် ဦးဆောင်သော အစိုးရအဖွဲ့ကလည်း အနည်းငယ်မျှသာ ရှိသော ပုလိပ်များကို အသုံးပြုကာ ဆူပူသောင်းကျန်းသူများအား နှိမ်နင်းပေးလျက်ရှိသည်။

ထိုအချိန်က ရွှေဘိုနယ်တစ်ဝိုက်တွင် သူခိုးဓါးပြဂိုဏ်းများ နေရာအနှံ့ ပေါ်ထွန်းလျက်ရှိရာ နယ်သူနယ်သားများမှာ နေ့တထိတ် ညတထိတ် နေရရှာသည်။

အုပ်ချုပ်ရေးနှင့် အလှမ်းဝေးသော အရပ်ဒေသ ဖြစ်သဖြင့် ဓါးပြဂိုဏ်းများမှာ တစ်နေ့ထက်တစ်နေ့ အတင့်ရဲကာ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေတော့သည်။

ထိုအချိန်တွင် ရွှေဘိုနယ်သို့ ရာဇဝတ်ဝန်ကြီး ဦးထွန်းလှ အောင် ရောက်ရှိလာပြီးနောက် လူဆိုးဂိုဏ်း ဓားပြဂိုဏ်းများကို ဖမ်းဆီးသုတ်သင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးမိလာသော လူဆိုးဓားပြဆယ်ယောက်ကို ရွာသားများ ရှေ့မှာပင် သေနတ်နှင့် ပစ်သတ် သုတ်သင်ခဲ့ပြီးနောက်မှာတော့ ဓါးပြဂိုဏ်းအချို့မှာ ကြောင်ရောက်လာသောကြောင့် ကွက်များ ငြိမ်သက်သွားသကဲ့သို့ အနည်းငယ် ငြိမ်သွားကြတော့သည်။

နောက်ပိုင်းမှာတော့ စပါးကုန်သည်၊ ပဲကုန်သည်၊ သစ်ကုန်သည်များ၊ တစ်နေရာမှတစ်နေရာ သွားလာကြသော်လည်း လုယက်တိုက်ခိုက်ခြင်း မခံကြရတော့ပေ။

ငွေထောင်ဂဏန်း ရာဂဏန်း ပါသူများမှပင် စိတ်ချလက်ချ သွားလာဝံ့သော အခြေအနေ ရောက်လာတော့သည်။

ဦးထွန်းလှအောင် အာဏာစက် ရှိသော ရွှေဘိုနယ်နှင့် အနီးတစ်ဝိုက်တွင် အေးချမ်းသွားသည်ဆိုသော်လည်း ၎င်း၏အာဏာစက်နှင့် အလှမ်းဝေးသောနေရာများမှာတော့ လုယက်တိုက်ခိုက်မှုများက ပေါ်ပေါက်မြဲ ပေါ်ပေါက်လျက် ရှိနေသည်။

ဧရာဝတီမြစ်၏အနောက်ဘက်ကမ်း ထီးချိုင့် ကသာနယ်ဘက်များမှာတော့ လူသတ်မှု၊ လုယက်မှု၊ ဓါးပြမှု၊ ခိုးမှု စသော အမှုကြီးငယ်တို့မှာ မိုးဦးကျရာသီတွင် လယ်ကွက်ထဲမှာ ပေါ်ပေါက်လာသော မှိုပွင့်များကဲ့သို့ နေရာအနှံ့ ပေါ်ပေါက်လျက် ရှိလေသည်။

ထိုနယ်ဘက်တွင် ပစ္စည်းယူရုံမကပဲ လူသတ်မှုများပါ မကြာခဏ ပေါ်ပေါက်လျက်ရှိနေရာ ဦးထွန်းလှအောင်ကဲ့သို့ ထက်ကြမ်းကြမ်း စီရင်အုပ်ချုပ်တတ်သော အရာရှိတစ်ယောက် ရောက်လာပါစေဟု ထိုနယ်သူနယ်သားများက ဆုတောင်းနေကြရသည်။ နောက်ပိုင်းမှာတော့ ၎င်းတို့ ဆုတောင်းပြည့်ဝခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းလှအောင်ကဲ့သို့ ရာဇဝတ်ဝန်ကြီးမျိုး မရောက်လာစေကာမူ ဘီအိုင်အေစစ်တပ် ရောက်လာပြီး အုပ်ချုပ်ပေးရာ ဆိုးသွမ်းမှုများ အနည်းငယ် လျော့ပါးသွားလေတော့သည်။

ဘီအိုင်အေစစ်တပ်မှ စစ်ဗိုလ်များက ဓါးပြသူခိုးများ မိလာပါက လှံစွပ်ဖြင့် ထိုးသတ်စီရင်သည်အထိ အပြစ်ပေးရာ အနည်းငယ်တော့ ငြိမ်သက်သွားပြန်သည်။

သို့သော်လည်း တိုင်းပြည်မငြိမ်မသက် ရှိနေသောအချိန်ကာလပေမို့ ဒီနေရာ ငြိမ်သွားလျှင် အခြားနေရာက ဆူပူပြန်လေသည်။

ထိုခေတ်ထိုအခါက သေနတ်များကလည်း ပေါလှသည်။ အင်္ဂလိပ် တော်လှန်ရေးကာလက နည်းမျိုးမျိုးနှင့် ကျန်ခဲ့သော သေနတ်အမြောက်အမြားရှိရာ ငွေတစ်ရာလောက် ပေးနိုင်လျှင်ပင် သေနတ်တစ်လက် ရနိုင်သောအချိန်ဖြစ်သည်။

ထိုသို့ သေနတ်ပုန်းများ ပေါများလှသောကြောင့် လူဆိုးဓါးပြများ လက်ထဲ၌လည်း သေနတ်များက ရှိနေရာ သာမန်ပုလိပ်အဖွဲ့များလောက်တော့ ကြောက်ရွံ့မှု မရှိလှပေ။

ထိုကာလမှာပင် ထီးချိုင့်နယ်ဘက်တွင် အမှုကြီးတစ်ခု ပေါ်ပေါက်လာလေသည်။

ထီးချိုင့်ဘက်ရှိ သစ်တောများကို အုပ်ချုပ်ရသော တောအုပ်တစ်ယောက်ကို သတ်ဖြတ်ပြီး သစ်ဖိုးငွေ ငါးထောင်ကျော်ကိုပါ လုယူသွားသောအမှုကြီး ဖြစ်သည်။

ထိုအမှုကို ထီးချိုင့်ဂါတ်ဌာနမှ ကိုင်တွယ်ရရာ ဌာနအုပ် ဦးမင်း



www.burmeseclassic.com

www.burmeseclassic.com



ဒင်က ၎င်း၏ဌာနမှ ရာဇဝတ်အုပ် ဘခင်ဆိုသူကို စုံစမ်းစစ်ဆေးရန် စေလွှတ်လိုက်သည်။

ရက်အတန်ကြာသည်အထိ သတင်းမကြားရပဲ ရှိလေရာ တစ်နေ့သ၌ ပေါင်းခုတ်ရွာသားတစ်ယောက် ထီးချိုင့်ဂါတ်သို့ ရောက်လာပြီး သတင်းပို့သည်။

"ဘာကိစ္စရှိလို့လဲဟေ့"

"တောထဲမှာ ပုလိပ်အဝတ်အစားနှင့် လူတစ်ယောက် သေနေတာ တွေ့ရလို့ လာပြီးသတင်းပေးတာပါ ဆရာကြီး"

"မှောက်ခုံလဲနေတာဆိုတော့ မျက်နှာကိုတော့ သေသေချာချာ မမြင်ခဲ့ရပါဘူး"

"ဘာကြောင့် သေတာလဲ၊ ဒဏ်ရာဒဏ်ချက် တွေ့ခဲ့လား"

"သွေးတွေအများကြီး ထွက်နေတာပဲ တွေ့ရပါတယ်၊ အဲဒီတောက တစ္ဆေသရဲ သိပ်ကြမ်းတော့ တော်ရုံမသွားဝံ့ကြပါဘူး၊ တစ်ယောက်ထဲ သွားတာဆိုတော့ တစ္ဆေသရဲ သတ်လို့သေတာလဲ ဖြစ်နိုင်ပါတယ်"

သတင်းလာပို့သော ရွာသားကတော့ သူ့စိတ်ထဲမှာ ထင်နေသည်ကို ရိုးရိုးပင် ပြောသည်။

သို့ကြောင့် ဌာနအုပ် ဦးမင်းဒင်က ပုလိပ်တစ်ယောက်ကို လှမ်းခေါ်ပြီး. . .

"ရာဇဝတ်အုပ် ကျော်စွာကို လှမ်းခေါ်စမ်းကွာ"

ဟု အမိန့်ပေးလိုက်ရာ ပုလိပ်က အလေးပြုပြီး ပြန်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ကာကီရောင်ဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားသော ရာဇဝတ်အုပ်ကျော်စွာ အခန်းထဲ ဝင်လာပြီး ဦးမင်းဒင်ကို အလေးပြုသည်။

"ထိုင်ကွာ မောင်ကျော်စွာ"

ကျော်စွာက စားပွဲရှေ့၌ ရှိသော ကုလားထိုင်ပေါ်မှာ ဝင်ထိုင်သည်။

ရာဇဝတ်အုပ် ကျော်စွာသည် အသက်(၂၅)နှစ်ခန့် ရှိပြီး ခန္ဓာကိုယ် ကျစ်လစ်တောင့်တင်းကာ သွက်လက်ဖျတ်လတ်သူတစ်ဦးဖြစ်၏။

ထို့ပြင် ရုပ်ရည်ကလည်း ခန့်ညားတည်ကြည်မှု ရှိပြီး မဟုတ်မခံစိတ်ရှိသည့် လူရွယ်တစ်ဦးဖြစ်လေသည်။

"ဟိုတလောက တောအုပ်တစ်ယောက်ကို သတ်ပြီး ငွေငါးထောင်ကျော် လုယူသွားတဲ့အမှုကို မောင်ကျော်စွာ ကြားပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့. . . ကြားပြီးပါပြီ ဆရာကြီး"

"အဲဒီအမှုကို စုံစမ်းဖို့ ရာဇဝတ်အုပ် ဘခင်ကို လွှတ်လိုက်တာ ဘာသတင်းမှ မကြားရသေးဘူး၊ အခု ဒီမှာ ဒေါင်းနတ်ရွာက လူတစ်ယောက် ရောက်လာပြီး သတင်းလာပို့တယ်"

ကျော်စွာက စားပွဲထိပ်မှာ ထိုင်နေသော ရွာသားကို တစ်ချက်ကြည့်သည်။

"အခြေအနေ ဘယ်လိုတဲ့လဲ ဆရာကြီး"

"သူလာပြောတဲ့ ပုံပန်းသဏ္ဌာန်အရ ဆိုရင်တော့ ရာဇဝတ်အုပ် ဘခင်တစ်ယောက်တော့ အသတ်ခံလိုက်ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

ကျော်စွာမှာ မမျှော်လင့်သောစကားကို ကြားရသဖြင့် အံ့ဩသွားလေသည်။

"သေချာပြီလား ဆရာကြီး"

"သတင်းလာပို့တဲ့သူ ပြောပုံအရ နေရာရော ကိုဘခင်ရဲ့ပုံပန်းသဏ္ဌာန်ရော တူနေတယ်၊ အသတ်ခံရတဲ့နေရာကလည်း ကိုဘခင်သွားတဲ့ ပေါင်းနက်ချောင်း တောထဲမှာဆိုတော့ ဒီသတင်းက အမှန်ဖြစ်ဖို့ များပါတယ်"

"ကိုဘခင်ကို ဘယ်သူသတ်သွားတာလဲ ဆရာကြီး"

"အဲဒီနယ်ဘက်မှာတော့ နာမည်ကြီးလူဆို အတော်များများရှိတာပဲ၊ ဇေယျမင်းထင် ရှိတယ်၊ ယက္ခတာတေလည်း ရှိတာပဲ၊ သူတို့တတွေလက်ချက်ပဲ ဖြစ်မှာပေါ့"

ဦးမင်းဒင် ပြောပြသည့်အထဲမှာ ပါသည့် ဇေယျမင်းထင် ဆိုသူအကြောင်းကိုတော့ ကျော်စွာအနေနှင့် သင့်သလောက် ကြားဖူးထားလေသည်။

ၦင်းမှာ စော်ဘွားမျိုးနွယ်တစ်ဦးဖြစ်ပြီး စော်ဘွားများ အာဏာမရှိတော့သည့်အချိန်တွင် နှမဖြစ်သူကို ခေါ်ကာ ပေါင်းနက်ရွာတစ်ဝိုက်တွင် လျှို့ဝှက်စွာ လာရောက်နေထိုင်သူဖြစ်သည်။ ၎င်းသည် အစိုးရနှင့်ပတ်သက်သော ဝန်ထမ်းများကို များစွာမုန်းတီးသူဖြစ်ရာ အမြဲတစေအတိုက်အခံ ပြုလေ့ရှိသည်။ ၎င်းဆီသို့ သွားလျှင်လည်း မချေမငံပြောဆိုဆက်ဆံလေ့ရှိရာ အစိုးရဝန်ထမ်းများ၊ ပုလိပ်များက များစွာမုန်းတီးခံရသူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်းတွင် နှမတစ်ဦးရှိပြီး ဆတ်ဆတ်ကြဲ မာနခဲတစ်ဦးဖြစ်သည်။ သူမမှာလည်း အစ်ကိုဖြစ်သူ၏သွေးပါသူဖြစ်ရာ ရင်းတို့ စော်ဘွားမျိုးနွယ်များ တန်ခိုးကျဆင်းအောင် လုပ်သော အစိုးရလူများကို မုန်းတီးစွဲရှိသူဖြစ်၏။

သူတို့မောင်နှမနှင့် အဆက်အသွယ်ရှိသူမှာ ထိုနယ်တစ်ဝိုက်တွင် နာမည်ကျော် လူဆိုးတစ်ဦးဖြစ်သူ 'ယက္ခတာတေ' ဆိုသူဖြစ်၏။ ယက္ခတာတေမှာ တစ်ကိုယ်တော် လူဆိုးတစ်ဦး ဖြစ်သော်လည်း ဇေယျမင်းထင်တို့ မောင်နှမက ကာကွယ်စောင့်ရှောက်ပေးထားသဖြင့် ပုလိပ်များ၏ဖမ်းဆီးနှိပ်စက်မှု သိပ်မခံရပဲ ထင်တိုင်းကြဲနေသူဖြစ်၏။

ဦးမင်းဒင်က ဆက်ပြောသည်။

"ဇေယျမင်းထင်က စော်ဘွားမျိုးနွယ်တစ်ယောက်ဆိုတော့ အဲဒီနယ်တစ်ဝိုက်မှာ ဩဇာအာဏာ ရှိတယ်၊ နယ်သူနယ်သားတွေက သူ့စကားဆိုရင် နာခံကြတယ်၊

ဒါကြောင့် သူက ဘယ်သူ့ကိုမှ ဂရုမစိုက်ပဲ အစိုးရဘက်က တောခေါင်းတောအုပ်တွေ ပုလိပ်တွေ သွားရင် မောင်းထုတ်တာပဲ၊ နောက်ဆုံး အရေးပိုင်မင်းကိုတောင် မခြေမင် ဆက်ဆံတဲ့လူမျိုးပဲ၊ ကျုပ်အထင်ပြောရရင်တော့ ကိုဘခင် အသတ်ခံရတဲ့ကိစ္စမှာ သူမပတ်သက်ရင်တောင် သတ်တဲ့လူကို သူသိမှာ အမှန်ပဲ"

"ကျွန်တော် ဘယ်လိုဆောင်ရွက်ရမလဲ ဆရာကြီး"

ဦးမင်းဒင်က စားပွဲပေါ်တွင် တင်ထားသော ဆေးလိပ်ခွက်ထဲမှ ဆေးပြင်းလိပ်ကို ယူ၍ သစ်သားမီးခြစ် ခြစ်ကာ မီးညှိသည်။ ပြီးလျှင် တစ်ဖွာနှစ်ဖွာ ဖွာပြီးမှ စကားပြန်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ခေါ်ရတာ တခြားမဟုတ်ဘူး၊ အခုလာတဲ့ရွာသားနဲ့ ပေါင်းနက်ရွာကို တစ်ခါတည်း လိုက်သွားပေတော့၊ ပုလိပ်နှစ်ယောက်လည်း ခေါ်သွားချေ"

"ဟုတ်ကဲ့. . ."

"ဟိုရောက်လို့ အလောင်းကို စစ်ဆေးအတည်ပြုပြီးရင် ပေါင်းနက်သူကြီးလက်ကို အပ်လိုက်၊ သူတို့ လာပို့ပေးလိမ့်မယ်၊ ပြီးရင် အမှုတရားခံ မပေါ်ပေါ်အောင် စုံစမ်းပြီး ဖမ်းခဲ့ပါ မောင်ကျော်စွာ"

"ကောင်းပါပြီ ဆရာကြီး"

"မောင်ကျော်စွာကို အရေးကြီးတဲ့အချက်လည်း မှာလိုက်ရဦးမယ်၊ တောအုပ်ကို သတ်ပြီး အခွန်တော်ငွေ ငါးထောင်ကျော်ကို ယူသွားတဲ့သူက အသားမည်းမည်း၊ အရပ်မြင့်မြင့်၊ ဒေါင်ကောင်းကောင်းနဲ့ မျက်နှာအမူအယာက အတော်ကြောက်ဖို့ကောင်းတယ်လို့ အစီရင်ခံစာမှာ တွေ့လိုက်တယ်၊

တောအုပ်ကို သတ်တဲ့တရားခံနဲ့ ကိုဘခင်ကို သတ်သွားတဲ့ တရားခံက တစ်ယောက်တည်း၊ ဒါမှမဟုတ် တဖွဲ့တည်းလည်း ဖြစ်နိုင်တယ်၊ နောက်တစ်ချက်က ပေါင်းနက်ကို ရောက်ရင် ဇေယျမင်းထင်တို့ လူစုကိုလည်း သတိထား"

"စိတ်ချပါ ဆရာကြီး"

ရာဇဝတ်အုပ် ကျော်စွာသည် ပုလိပ်နှစ်ယောက်ကို ခေါ်၍ ရွာသားနှင့်အတူ ပေါင်းနက်ရွာသို့ ခရီးထွက်ခဲ့ကြသည်။ ၎င်းတို့တွင် သေနတ်နှင့် ကျည်ဆန်များ အလုံအလောက် ပါကြသည်။ ၎င်းခရီးတွင် မြစ်တစ်စင်းကို သမ္ဗန်ကြီးနှင့် ဖြတ်ကူးကြရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သမ္ဘန်ပေါ် ရောက်တော့ ရွာသားက ပြောသည်။

"ဆရာ့ကို ပြောစရာရှိလို့ပါ"

"ဘာပြောမှာလဲ ပြောလေဗျာ"

"ပေါင်းနက်တောထဲ သွားရင်တော့ သတိဝီရိယ ထားပြီးတော့ သွားဗျ"

"ဘာကြောင့်လဲ"

"ပေါင်းနက်တောက သိပ်ပြီးကြမ်းတယ်၊ လူဆိုးဓါးပြတွေထက် ပိုပြီးကြောက်စရာကောင်းတဲ့ တစ္ဆေသရဲတွေ သိပ်ပေါတဲ့တောဗျ"

ကျော်စွာက စီးကရက်တစ်လိပ်ကို ဖွာရင်း တစ်ချက်ပြုံးလိုက်သည်။

"တစ္ဆေသရဲတွေ ရှိတယ်ဆိုတော့ ခင်ဗျား မြင်ဖူးလို့လား"

"ကျုပ်တော့ မမြင်ဖူးဘူး၊ ဒါပေမယ့် ကိုယ်တွေ့ကြုံဖူးသူတွေ ရွာမှာ အများကြီး ရှိတယ်၊ ဟိုရောက်တော့ မေးကြည့်ပေါ့၊ တောက တော့ အထိကရ တောကြမ်းပဲဗျ"

မြတောင်ဘက်ကမ်း ရောက်သောအခါ မြင်းကိုယ်စီဖြင့် ခရီး ဆက်ကြရာ လမ်းခရီး၌ မိုးမိသဖြင့် မိုးဝင်ခိုနေကြရသောကြောင့် ညနေ စောင်းအချိန်မှ ပေါကင်းနက်ရွာသို့ ရောက်ကြလေသည်။

ကျော်စွာက ရွာလူကြီးနှင့် တွေ့ကာ ညတွင်းချင်း ခရီးထွက်ရန် ပြင်လေရာ တောအခြေအနေ မကောင်းကြောင်း အားလုံးက ဝိုင်းတား ကြသောကြောင့် စိတ်လျှော့လိုက်ကာ နောက်တစ်နေ့ မနက်စောစောမှ သွားရန် ဆုံးဖြတ်ပြီး သူကြီးအိမ်မှာပင် ညအိပ် တည်းခိုကြလေသည်။

ကျော်စွာမှာ အိပ်ယာပေါ် ရောက်သော်လည်း တော်တော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အိပ်မပျော်ဘဲ ရှိရာ ညဥ့်နက်ပိုင်းရောက်မှ မှေးကနဲ ဖြစ်သွားလေသည်။

ထိုသို့ အိပ်ပျော်သွားစဉ် တစ်စုံတစ်ယောက်က လာရောက် ပုတ်နှိုးလိုက်သဖြင့် မျက်စိဖွင့်ကြည့်လိုက်သည်။

သူ့အိပ်ယာနံဘေးမှာ မည်းမည်းသဏ္ဌာန်တစ်ယောက် ရပ်နေသည်။

အခန်းအလယ်မှာ ရေနံဆီမီးအိမ်တစ်လုံး ချိတ်ဆွဲထားသော်လည်း အလင်းရောင် မှုန်ပျပျသာ ရှိသဖြင့် သဲကွဲစွာ မမြင်ရပေ။ ကျော်စွာက ခေါင်းအုံးနံဘေးမှာ အဆင်သင့် ချထားသော ခြောက်လုံးပြူး သေနတ်ကို လက်ဖြင့် စမ်းယူလိုက်သည်။

"ဘယ်သူလဲ"

လေသံခပ်အုပ်အုပ်ဖြင့် လှမ်းမေးလိုက်သည်။

ထိုအခါမှ ကျောခိုင်းနေသူက သူ့ဘက်သို့ တဖြည်းဖြည်းနှင့် မျက်နှာလှည့်လာသည်။

"ဟင်. . ."

အမှောင်ရိပ်ထဲမှာ တစ်စွန်းတစ်စ လှမ်းမြင်နေရသော မျက်နှာမှာ အခြားမဟုတ်ဘဲ သေဆုံးသွားသည်ဟု သတင်းရောက်နေသော ရာဇဝတ်အုပ် ဘခင်၏ ကြောက်မက်ဖွယ်ရာ မျက်နှာကြီးပင် ဖြစ်တော့သည်။

ကိုဘခင်၏မျက်နှာမှာ နောက်ဘက်မှ သေနတ်ကျည်ဆန် ထိမှန်ထားသောကြောင့် ရှေ့မျက်နှာတစ်ခြမ်းလုံး ပွင့်ထွက်နေကာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတော့သည်။

မျက်နှာတစ်ခြမ်း မရှိတော့ပဲ မျက်လုံးနှစ်လုံးသာ အပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်နေသည်။

ပါးတစ်ခြမ်း မရှိတော့သဖြင့် အတွင်းမှ သွားများကို အတိုင်းသား မြင်နေရလေရာ သွားဖြဲပြနေသကဲ့သို့ ရှိနေတော့သည်။

"ကို. . . ကိုဘခင် ခင်ဗျားဘယ်လို အသက်ရှင်လာတာလဲ"

ဟု မေးလိုက်သောအခါ ကိုဘခင်၏ကြောက်မက်ဖွယ် ကောင်းသော မျက်နှာကြီးက 'ဟီး' ကနဲ တစ်ချက်ရယ်ပြပြီး နောက်ဘက်သို့ ပြန်လှည့်သွားတော့သည်။

ထိုအခါမှ ကျော်စွာလည်း အိပ်မက်,မက်နေရာမှ ပြန်နိုးလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

# ရွာထဲ ဝင်လာသည့် ယက္ခတာစော

**နောက်**တစ်နေ့မနက်တွင် ပေါင်းနက်ရွာသူကြီးက ရွာသား သုံးယောက်နှင့် လှည်းတစ်စီးကို ဆင့်ခေါ်လိုက်ရာ ရောက်လာကြသည်။

သို့ကြောင့် ကျော်စွာတို့ သုံးယောက်နှင့်အတူ ပေါင်းနက်တောတွင်းသို့ သွားကြလေသည်။

ရွာသားသုံးယောက်တွင် လာရောက်သတင်းပို့ပေးသော ရွာသားလည်း ပေါင်းနက်တောမှာ သစ်ပင်ကြီးများ ချုံနွယ်ပိတ်ပေါင်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ပိတ်ဖုံးလျက် ရှိလေရာ လှည်းတစ်စီးပင် အနိုင်နိုင် သွားရလေသည်။

အချို့နေရာများတွင် လူသွားလမ်းကလေးများသာ ရှိပြီး လှည်းတစ်စီး မသွားသာပေ။

သို့သော်လည်း နေရာမှတ်မိသော ရွာသားတစ်ယောက် ပါသဖြင့် ထိုနေရာသို့ တန်းတန်းမတ်မတ် ရောက်သွားလေသည်။

တစ်နေရာသို့ ရောက်သောအခါ လူသွားလမ်းကလေးသာ ရှိသော တောစပ်တစ်နေရာတွင် မှောက်ရက်သား လဲကျနေသည့် အလောင်းတစ်လောင်းကို လှမ်းမြင်ရသည်။

ကာကီရောင် အကျႌဘောင်ဘီးတို့နှင့် လူပုံပန်းသဏ္ဌာန်ကို ကြည့်ရုံဖြင့် ရာဇဝတ်အုပ် ဘခင်အလောင်းမှန်း သိနိုင်လေသည်။

အနားရောက်သောအခါ လှည်းရပ်၍ ဆင်းကာ ကျော်စွာက အလောင်းအခြေအနေကို စစ်ဆေးကြသည်။

ဦးခေါင်းတစ်ပိုက်မှ စီးကျနေသော သွေးများမှာ မြေပြင်ပေါ်နှင့် သစ်ရွက်ခြောက်များပေါ်တွင် အိုင်ထွန်းနေပြီး အချို့မှာ ခြောက်သွေ့စ ပြုနေချေပြီ။

ကျည်ဆန်မှာ နောက်စေ့ဘက်မှ ဝင်သွားပြီး ရှေ့မျက်နှာဘက်သို့ ဖောက်ထွက်သွားဟန်ရှိသည်။

အလောင်း၏အနေအထားကို စစ်ဆေးကြည့်သောအခါ သေနတ်ကျည်ဆန် ထိမှန်ပြီး လဲကျသွားသည့်အတိုင်းသာ ရှိနေပြီး တစ်နေရာမှ တစ်နေရာ ဆွဲယူခြင်း၊ ရွှေ့ပြောင်းထားသော လက္ခဏာများ မတွေ့ရပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက အလောင်းကို ပက်လက်လှန်လိုက်သည်။

အလောင်းမှာ တောင့်နေပြီဖြစ်သဖြင့် တော်တော်နှင့် ဆွဲလှန်၍ မရပေ။

မြေကြီးကို လက်ဖြင့် ကုပ်ထားသကဲ့သို့ ရှိနေရာ ပုလိပ်နှစ်ယောက်နှင့် ဆွဲလှန်လိုက်မှ တောင့်တောင့်ကြီး ပက်လက်လန်သွားလေသည်။

"ဟာ. . ."

"ဟင်. . ."

အလောင်း၏မျက်နှာကို မြင်လိုက်ရသည်နှင့် အားလုံးအထိတ်တလန့် ဖြစ်သွားကြသည်။

သေဆုံးနေသူ၏မျက်နှာမှာ ကျော်စွာ အိပ်မက်ထဲမှာ တွေ့ရသည့်အတိုင်းပင်။

ကျည်ဆန်က နောက်ဘက်မှ ရှေ့ဘက်သို့ ဖောက်ထွက်သွားသောကြောင့် မျက်နှာတစ်ခြမ်းလုံး ပွင့်ထွက်နေသည်။

မျက်လုံးနှစ်လုံးက အပြင်သို့ ပွင့်ထွက်နေပြီး ပါးတစ်ခြမ်းက ပွင့်ထွက်နေသောကြောင့် သွားများက ပေါ်နေသည်။

ကျော်စွာမှာ မိမိတို့နှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦး ထိုကဲ့သို့ ရက်ရက်စက်စက် အသတ်ခံလိုက်ရသည်ကို တွေ့ရသဖြင့် များစွာစိတ်မကောင်းဖြစ်သွားမိသည်။

ကိုဘခင်၏ပါးမှာ ရင်းကိုင်ဆောင်သော ခြောက်လုံးပြူးသေနတ်လည်း မရှိတော့ပေ။

လူသတ်သမားက ကိုဘခင်နောက်မှ တိတ်တဆိတ် လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com

[illegible] ထိုလမ်းမှ လာမည်ကို သိသဖြင့် တစ်နေရာမှ [illegible] နောက်ဘက်မှ သေနတ်ဖြင့် ပစ်ခတ်ခြင်း ဖြစ်ပေမည်။

ကိုဘခင် လဲကျနေသော ပုံပန်းသဏ္ဍာန်နှင့် ကျည်ဆန်ထိမှန်ထားသောဒဏ်ရာကို အကဲခတ်ကြည့်ရာ လူသတ်သမား ရှိနိုင်သောနေရာမှာ လက်ယာဘက်၌ ရှိသဖြင့် ကျော်စွာက သေနတ်ကို အဆင်သင့် ကိုင်ကာ ထိုနေရာဘက်သို့ တစ်ယောက်တည်း ထွက်လာလေသည်။

မြေပြင်ပေါ်မှာ မိုးရွာထားသည်က တစ်ကြောင်း. . .

လေတိုက်သဖြင့် သစ်ရွက်များ ပြန့်ကျဲနေသည်ကတစ်ကြောင်းကြောင့် မြေပေါ်မှာ ခြေရာလက်ရာ ကြည့်ဖို့ကတော့ မလွယ်တော့ပေ။

တစ်နေရာမှာတော့ လူတစ်ယောက် ကွယ်နေလောက်အောင်ကြီးမားသော အင်ကြင်းပင်ကြီးတစ်ပင်ကို တွေ့ရသည်။

လူသတ်သမားအတွက် ကိုဘခင်အား သေနတ်နှင့် ချောင်းပစ်ရန် အကောင်းဆုံးနေရာဖြစ်သည်။

ကျော်စွာသည် ထိုနေရာတစ်ဝိုက်တွင် သဲလွန်စ ရလိုရငြားလိုက်လံကြည့်ရှုလေရာ အင်ကြင်းပင်ကြီးနှင့် သုံးလေးတောင်ခန့် ကွာသောနေရာတွင် ကြိမ်ဘူးချုံကြီးတစ်ချုံကို တွေ့ရသဖြင့် ထိုနေရာသို့လျှောက်သွားလေသည်။

ထိုနေရာသို့ ရောက်သောအခါ ကြိမ်ဘူးချုံကြီးပေါ်တွင် ငြိတင်နေသော အရာဝတ္ထုတစ်ခုကို တွေ့ရသဖြင့် ဖြုတ်ယူကြည့်လိုက်သည်။

ထိုအရာမှာ မိုးရေစိုစွတ်ထားသဖြင့် လုံးတွန့်နေသော အဝတ်စတစ်ခုပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက လက်ဖြင့် ဖြန့်ကြည့်လိုက်သောအခါ ပလေကပ် လုံချည်မှ လောလောလတ်လတ် စုတ်ပြဲကျန်ခဲ့သော အဝတ်စပင်ဖြစ်ကြောင်း သိရလေသည်။

အဝတ်မှာ အနက်နှင့်အဖြူ အကွက်စိပ်ဆင်ဖြစ်ပြီး ဆူးချုံနှင့် ငြိကျန်သဖြင့် သုံးထောင့်ပုံသဏ္ဍာန် စုတ်ပြဲကျန်ခဲ့ခြင်း ဖြစ်ပေသည်။

ကျော်စွာက ထိုအဝတ်စကလေးကို ဒိုင်ယာရီစာအုပ်ထဲမှာ ညှပ်ထားလိုက်ပြီး အခြားသဲလွန်စ ရလိုရငြား ထိုနေရာတစ်ဝိုက်သို့ လိုက်ကြည့်တော့လည်း မိုးရေများ စိုစွတ်နေသောကြောင့် ဘာမှ မတွေ့တော့မှ ထိုနေရာမှ ပြန်ထွက်လာခဲ့သည်။

အပြင်ရောက်တော့ သူကြီးနှင့် ရွာသားများက အလောင်းကို မြက်များနှင့် ပတ်ကာ လှည်းပေါ် တင်ထားပြီးကြလေပြီ။ လှည်းသမားများကို အလောင်းအား ထီးချိုင့်ဌာနသို့ ရောက်အောင် ပို့စေပြီး ကျော်စွာတို့က ပေါင်းနက်ရွာသို့ ပြန်ခဲ့ကြလေသည်။

ပေါင်းနက်ရွာသို့ ရောက်သောအခါ သူကြီးအိမ်မှာပင် တည်းကာ သိလိုသမျှ မေးမြန်းစုံစမ်းရသည်။

ပေါင်းနက်ရွာသူကြီး ဦးဘိုးလူမှာ ရိုးဖြောင့်၍ သဘောမနောကောင်းသူဖြစ်သည်။

"ကျွန်တော့်ကို ဒီနယ်မှာ နာမည်ကြီးနေတဲ့ ဖေယျမင်းထင်တို့ အကြောင်းနဲ့ ယက္ခတာတေအကြောင်းကို သူကြီး သိသလောက် ပြောပြစမ်းပါ"

"ဖေယျမင်းထင် ဆိုတဲ့လူက သာမညတော့ မဟုတ်ဘူး၊ မင်းသွေးပါတဲ့ စော်ဘွားမျိုးနွယ်တစ်ယောက်ပဲ၊ ဂျပန်တွေလက်ထက်မှာ



www.burmeseclassic.com

www.burmeseclassic.com



စော်ဘွားတွေကို နှိပ်စက်တာနဲ့ ဒီနယ်ဘက်မှာ လာရှောင်နေတာပဲ၊ ဂျပန်ဆိုရင်တော့ အင်မတန် မုန်းတဲ့လူပေါ့၊ ဂျပန်လက်အောက်မှာ အမှုထမ်းနေတဲ့လူတွေကိုလည်း တစ်စက်ကလေးမှ ကြည့်လို့ရတဲ့လူ မဟုတ်ဘူး"

"သူ့မှာ နာကြည်းချက်တစ်ခု ရှိလို့နေမှာပေါ့"

"ဒါတော့ ကျုပ်တို့လည်း မသိပါဘူး၊ သူတို့နေတာက နန်းပေါင်းရွာနားမှာပဲ"

"နန်းပေါင်းရွာဆိုတာ ဘယ်နားမှာလဲ"

"ပေါင်းနက်ရွာကနေ ကိုးမိုင်ကျော်လောက်ပဲ ဝေးပါတယ်"

"သူက နန်းပေါင်းရွာထဲမှာ နေတာလား"

"မဟုတ်ဘူး. . . ရွာပြင်ဘက်က တောစပ်နားမှာ သီးသန့်နေတယ်၊ သူက ဘယ်သူနဲ့မှ အဆက်အဆံ မလုပ်ချင်တဲ့သူဆိုတော့ ရွာနဲ့ ဝေးဝေးမှာပဲ နေတယ်၊ သူ့ဆီမှာ သေနတ်မျိုးစုံကလဲ ရှိနေတော့ အချိန်ရတာနဲ့ သေနတ်တစ်လက်နဲ့ တောထဲမှာ အမဲပစ် ထွက်နေတာက များတယ်"

ကျော်စွာစိတ်ထဲမှာ သေဆုံးသွားသော ကိုဘခင်ကို သတိရလိုက်သည်။

ဂျပန်အစိုးရလက်အောက်မှာ အမှုထမ်းနေသော ရာဇဝတ်အုပ် ဘခင်နှင့် အစိုးရလူဆိုလျှင် မုန်းတီးသော ဇေယျမင်းထင်တို့ နှစ်ယောက် တောထဲမှာ တွေ့များတွေ့ကြလေရော့သလားဟု ဆက်စပ်တွေးမိသည်။

"သူ အမဲပစ်ထွက်တာက လိုင်စင်လည်း မယူတော့ တောအုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ထောင်နှစ်ခါလောက် ကျဖူးတယ်၊ လူ့သတ်မှုနဲ့ နှစ်ကြီး ကျနေပြီး မှ ခေတ်ပျက်ပြီး ဂျပန်ဝင်လာတော့ ပြန်လွတ်လာတာ"

"လူမိုက်ကံကောင်းပေါ့. . . ဒါထက် ယက္ခတာတောက တစ်ယောက်တည်းသမားလား"

"သူ့မှာ မိန်းမရှိတယ်၊ အသက်လည်း သိပ်မကြီးသေးဘူး၊ ရုပ်ရည်ကလေးကလည်း သနားကမားနဲ့ပါ၊ ဒါပေမယ့် လင်ဆိုးမယား တဖားဖားဆိုသလို သူ အနွံအတာတော့ အတော်ကလေး ခံရရှာတယ်"

ဦးဘိုးလူက စကားပြောရင်း ကွမ်းယာအသစ်တစ်ယာ ယာစားနေလေသည်။

"ဒါထက် သူကြီး. . . ယက္ခတာတောက ဇေယျမင်းထင်တို့ မောင်နှမနဲ့ ဘယ်လိုပတ်သက်မှု ရှိနေတာလဲ"

"ဒီလို ဆရာလေးရေ၊ ယက္ခတာတောက လူဆိုးလူမိုက်တစ်ယောက်လည်း ဖြစ်ပြန် အစိုးရလူတွေကို ပမာမခန့် လုပ်တဲ့နေရာမှာလည်း တူနေတာနဲ့ ဇေယျမင်းထင်က သူ့တပည့်ကျော်အဖြစ် လက်သပ်မွေးထားတယ်လို့ သတင်းကြားရတာပဲ"

ဟု ပြောပြနေစဉ် ရွာဖျားဘက်မှ ဆူဆူညံညံအသံများ ကြားရသဖြင့် ကျော်စွာက သေနတ်ကို ယူပြီး နေရာမှ ထလေသည်။

ဦးဘိုးလူကပါ နောက်မှ ထလာပြီး အိမ်အောက်ကို ဆင်းလာကြလေသည်။

ထိုအချိန်မှာ ရွာဖျားဘက်မှ မီးတုတ်ကိုင်ထားသော ရွာသားတစ်ယောက် သုတ်သီးသုတ်ပျာ အမူအယာဖြင့် ရောက်လာလေသည်။

"ဘာဖြစ်တာလဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



“ရွာဖျားဘက်မှာ ယက္ခတာတေ ဝင်ရမ်းနေလို့ သူကြီး”

“ဘာကြောင့် ဝင်ရမ်းတာလဲ”

“ရွာထဲမှာ ပုလိပ်တွေကို လက်ခံထားတာ မကျေနပ်လို့ လာရမ်းတာလို့ ပြောသံကြားတယ်”

သို့ကြောင့် သူကြီး ဦးဘိုးလူကိုယ်တိုင် နှစ်လုံးပြူးသေနတ်ကို ယူပြီး ကျော်စွာတို့နှင့်အတူ ရွာဖျားဘက်သို့ သွားကြလေသည်။

“ဟိုရောက်လို့ ပါးစပ်နဲ့ ပြောမရရင်တော့ သေနတ်နဲ့ ပစ်ဖမ်းရမှာပဲ”

“စိတ်မပူပါနဲ့. . . ကျွန်တော်ကြည့်လုပ်ပါ့မယ်”

“ဒီကောင်နဲ့ ရင်ဆိုင်တွေ့ရင်တော့ မပေါ့နဲ့ ဆရာလေး၊ လူက မိုက်တိမိုက်ကန်းအပြင် သေနတ်ပါ ရှိတယ်”

အခင်းဖြစ်ပွားရာသို့ ကျော်စွာတို့ ရောက်သွားသောအချိန်တွင် ယက္ခတာတေဆိုသူကို မတွေ့ရတော့ပေ။

မကျည်းပင်ကြီးတစ်ပင်၌ ဓါးမြှောင်တစ်လက်နှင့် ထိုးစိုက်ထားသော စာရွက်တစ်ရွက်ကိုသာ တွေ့ရတော့သည်။

ကျော်စွာက ကတ်ထူပြားချပ်ပေါ်မှာ မီးသွေးခဲဖြင့် မညီမညာရေးထားသောစာကို ဖတ်ကြည့်လိုက်သည်။

“ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ
ဝင်ရှုပ်ချင်တဲ့လူတွေ
ဇက်ပြုတ်ဖို့သာ ပြင်ထားကျော့

ယက္ခတာတေ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေးထားလေသည်။

ပုလိပ်များက အနီးတစ်ဝိုက်သို့ လိုက်လံရှာဖွေသော်လည်း ယက္ခတာတေဆိုသူ၏အရိပ်အယောင်ကိုမျှ မတွေ့ကြရပေ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

# မြဝင်းသူနှင့် လျှို့ဝှက်ချက်များ

**နောက်**တစ်နေ့ နံနက်စောစောအချိန်တွင် ကျော်စွာတစ်ယောက်တည်း မြင်းတစ်စီးနှင့် နန်းပေါင်းရွာဘက်သို့ ခရီးထွက်ခဲ့လေသည်။ သူ့အနေနှင့် စနည်းနာရန်သဘောသက်သက် ဖြစ်သောကြောင့် ကျန်ပုလိပ်နှစ်ယောက်ကိုပင် မခေါ်ခဲ့တော့ပေ။

နန်းပေါင်းရွာနှင့် ပေါင်းနက်ရွာမှာ (၉)မိုင်ခန့်သာ ဝေးသဖြင့် အကယ်၍ မြင်းဖြင့် စိုင်းသွားပါက အချိန်အနည်းငယ်အတွင်း ရောက်သွားနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိုးရွာထားသဖြင့် လမ်းများ စိုစွတ်ကာ ချောနေသော ကြောင့် ဖြည်းဖြည်းမှန်မှန် သွားနေရသဖြင့် ခရီးမတွင်လှပေ။

မနက်ပိုင်းမှာကတည်းက ညှို့နေသော မိုးရိပ်များသည် အတန် ကြာသောအခါ မည်းမှောင်တက်လာတော့သည်။

ထွက်ပြူလာစ နေရောင်ကလေးကိုပင် တိမ်မည်းများက ဖုံး အုပ်ပစ်လိုက်လေသည်။

မိုးရိပ်များ တက်လာသည်နှင့် အနောက်တောင်လေကလည်း ခပ်ကြမ်းကြမ်းလေး တိုက်ခတ်လာသည်။

ပထမတော့ သစ်ပင်ထိပ်ဖျားပိုင်းများ တအိအိ တနွဲ့နွဲ့ ရှိရုံသာ တိုက်နေရာမှ ခဏကြာတော့ တဝေါဝေါအသံများ ပေါ်လာကာ သစ်ပင်ကြီးငယ်တို့မှာ အမူးလွန်နေသော အရက်သမားများပမာ ယိမ်းထိုးလှုပ်ရှားလာလေသည်။

ကျော်စွာမှာ မိုးကာမပါသောကြောင့် မိုးမသည်းခင် မိုးခိုစရာ နေရာတစ်ခု ရောက်အောင် အမြန်သွားလေသည်။

သို့သော် တဝေါဝေါနှင့် လေပြင်းများ တိုက်ခတ်နေသော ကြောင့် ခရီးမတွင်လှပေ။

ခဏချင်းမှာပင် လေပြင်းများ ကျလာလေတော့သည်။

ထိုနှင့်အတူ မိုးသီးမိုးပေါက်များ ပါလာလေသည်။

တကယ်တော့ မိုးချည်းသက်သက် ရွာသွန်းခြင်း မဟုတ်ပဲ လေပြင်းမုန်တိုင်းများပါ ကျလာပြီဖြစ်ရာ ကျေးငှက်များ၊ တောတိရစ္ဆာန် တို့မှာ အပြေးအလွှား ခိုနားစရာ ရှာနေကြသည်။

ကျော်စွာမှာလည်း လေကွယ်မိုးကွယ် တစ်နေရာကို အရေး



www.burmeseclassic.com

www.burmeseclassic.com



တကြီး လိုက်ရှာရင်းမှ လမ်းပျောက်သွားတော့သည်။

နောက်ဆုံးတော့ မြင်းကပါ မိုးဒဏ်မခံနိုင်အောင် ဖြစ်လာသဖြင့် နီးစပ်ရာ သစ်ပင်ကြီးတစ်ပင်အောက်သို့ ဝင်ကပ်နေရလေသည်။

လေပြင်းမုန်တိုင်းများက တော်တော်နှင့် အရှိန်မသေဘဲ တစ်နာရီနီးပါး တိုက်ခတ်လေရာ လူရောမြင်းပါ မိုးဒဏ်လေဒဏ်ကို ကော့နေအောင် ခံကြရသည်။

တစ်ကိုယ်လုံး ခိုက်ခိုက်တုန်အောင် ချမ်းလာသော်လည်း နေရာမှ ထွက်မရသဖြင့် ဒီအတိုင်း ပေနေရသည်။

နောက်တော့မှ တဖြည်းဖြည်းနှင့် အရှိန်လျော့သွားပြီးနောက် မိုးရောလေပါ စဲသွားလေသည်။

ကျော်စွာမှာ ခိုက်ခိုက်တုန်အောင် ချမ်းလှပြီ ဖြစ်သောကြောင့် နောက်သို့ ပြန်မလှည့်တော့ပဲ ရှေ့သို့ ခရီးဆက်သွားတော့သည်။

သို့သော်လည်း လမ်းကောင်းစွာ မမှတ်မိတော့သဖြင့် မှန်းဆ၍သာ ခရီးဆက်ခဲ့ရလေသည်။

ရှေ့သို့ တစ်မိုင်ခန့် ခရီးဆက်မိသောအခါ တောစပ်တစ်နေရာတွင် ခြံဝန်းကျယ်ကြီးနှင့် အိမ်တစ်လုံးကို လှမ်းမြင်ရသဖြင့် ထိုနေရာသို့သွားလေသည်။

ခြံစည်းရိုးအပေါက်နား ရောက်သောအခါ အသံပြုလိုက်သည်။

"အိမ်ရှင်တို့. . . အိမ်ရှင်တို့"

အသံပေးလိုက်သောအခါ ပထမ ခွေးဟောင်သံ အရင်ကြားရသည်။

ခဏကြာတော့ ခမောက်ဝိုင်းကြီး ဆောင်းထားသော လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ထွက်လာသည်။

"ကျွန်တော် ခရီးသွားတစ်ယောက်ပါ၊ ခဏလောက် မိုးခိုပါရစေ"

ခမောက်ဝိုင်း ဆောင်းထားသူက တစ်ချက်မော့ကြည့်သည်။

သည်တော့မှ ချောမောလှပသည့် မိန်းမချောတစ်ယောက်မှန်း သိရတော့သည်။

"ရပါတယ်. . . အထဲဝင်ပါ"

ဟု ပြောကာ ခြံတံခါး ဖွင့်ပေးသဖြင့် အထဲဝင်လိုက်သွားသည်။

အိမ်အောက် ရောက်တော့ မြင်းကို သင့်တော်သောနေရာမှာ ထားပြီးနောက် ကွပ်ပျစ်ပေါ် ဝင်ထိုင်ရင်း အခြေအနေကို ကြည့်သည်။

အိမ်အောက်မှာတော့ မီးပုံတစ်ပုံ ဖိုထားပြီး မီးပုံနားမှာ ခွေးနက်ကြီးတစ်ကောင် အိပ်နေသည်။

လူတော့ မတွေ့ရပေ။

အိမ်က ခြေတံရှည်အိမ်မို့ အပေါ်ထပ်မှာတော့ လူရှိချင်မှ ရှိနိုင်လေသည်။

"မုန်တိုင်းမိလာလို့ ခဏလောက် နေပါရစေ၊ ဒီမှာ ဘယ်သူများ ရှိသေးသလဲ"

"ခုတော့ ကျွန်မတစ်ယောက်တည်းပါပဲ"

"ဒီလိုဆိုရင် ခဏတည်းလို့ သင့်ပါ့မလား"

"ရပါတယ်. . . နေပါ"

မိန်းကလေးက အရေးမကြီးသလို ပြန်ပြောသဖြင့် ကျော်စွာမှာ အနည်းငယ် စိတ်သက်သာရာ ရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးမှာ အသက်နှစ်ဆယ်ဝန်းကျင်ခန့် ရှိပြီး ရှမ်းသွေးပါ သူတစ်ဦးဖြစ်ကြောင်း မျက်နှာအမူအရာက ဖော်ပြနေသည်။

ကြောက်ရွံ့မှုကင်းပြီး ရဲတင်းလှသော မျက်နှာထားက ဘာတစ်ခုမှ ဂရုမစိုက်သည့် အမူအယာမျိုး ရှိသည်။

သို့သော်လည်း သူမ၏အလှမှာ ရင့်ကျက်တည်ငြိမ်သောအလှမျိုးဖြစ်သည်။

ယခုလို ခေါင်လှသော တောစပ်တစ်နေရာမှာ ချောမောလှပသည့် မိန်းကလေးတစ်ယောက်တည်း နေဝံ့သည့်သတ္တိကိုတော့ စိတ်ထဲမှ ကြိတ်၍ချီးကျူးမိသည်။

"ရှင်နွေးသွားအောင် မီးကင်လိုက်ပါလား၊ ကျွန်မ ကော်ဖီတစ်ခွက် ဖျော်ပေးမယ်လေ"

"ကျေးဇူးပါပဲဗျာ"

ကျော်စွာက မီးဖိုနား သွားကာ အပေါ်အင်္ကျီကို ချွတ်တော့ လက်များက ထုံကျင်နေသောကြောင့် အင်္ကျီကိုပင် မချွတ်နိုင်တော့ပေ။

ထိုအခြေအနေကို ရိပ်မိသော မိန်းကလေးက နောက်မှ နေ၍ ဂျာကင်အင်္ကျီကို ကူချွတ်ပေးသည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

ထို့နောက် အပေါ်အင်္ကျီနှင့်ဖိနပ် ခြေအိတ်များကို ချွတ်ကာ ခြေနှင့်လက်တို့ကို မီးအပူရှိန်ဖြင့် ကင်ပေးလိုက်တော့မှ အနည်းငယ် နေသာထိုင်သာ ရှိသွားတော့သည်။

မိန်းကလေးက မီးဖိုဆောင်နားသို့ သွားကာ နို့ဆီ၊ သကြား၊ ကော်ဖီမှုန့်တို့ဖြင့် ကော်ဖီဖျော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောထဲတောင်ထဲမှာ ယခုလို အဆင့်အတန်းမြင့်သော အစားအသောက်များဖြင့် အဆင့်အတန်းမြင့်စွာ နေသည်ကိုလည်း ထပ်မံအံ့သြရပြန်သည်။

ရွာသူရွာသားများကတော့ ဒီလိုအစားအသောက်များကို စိတ်ကူးမျှပင် မထည့်ကြပေ။

ကျော်စွာက မီးလှုံနေရင်းမှပင် အိမ်၏အောက်ခြေတစ်ဝိုက်ကို အကဲခတ်ကြည့်နေသည်။

အောက်ဘက်တစ်နေရာမှာ ရှမ်းဘောင်းဘီရှည်၊ ရှပ်အင်္ကျီများ လှမ်းထားသည်ကို တွေ့ရသဖြင့် ယောက်ျားတစ်ယောက်တော့ ရှိရမည်ဟု ခန့်မှန်းမိသည်။

ထို့ပြင် အိမ်အောက်နံရံမှာလည်း ပြောင်းရှည်သေနတ်တစ်လက်နှင့် ငှက်ကြီးတောင်ဓါးတစ်လက်ကို ချိတ်ဆွဲထားလေသည်။

မီးဖိုချောင်မှာ အသုံးပြုသော တောသူတောင်သားများ အသုံးပြုသည့်ပစ္စည်းမျိုး မဟုတ်ပဲ အဆင့်အတန်းရှိသော မိသားစုများ အသုံးပြုလေ့ရှိသော ကြွေထည်၊ ဖန်ထည်၊ ငွေထည် အသုံးအဆောင်များဖြစ်ပေသည်။

ခဏကြာတော့ မိန်းကလေးက ကြွေပန်းကန်ဖြင့် ထည့်လာသော ကော်ဖီတစ်ခွက်ကို လာပေးသည်။

“နွေးသွားအောင် ကော်ဖီသောက်ပါဦး”

“ကျေးဇူးတင်လိုက်တာဗျာ”

ကျော်စွာက ကော်ဖီတစ်ကျိုက် မော့သောက်လိုက်ရာ ရင်ထဲမှာ နွေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွက် မိန်းကလေးကိုလည်း များစွာကျေးဇူးတင်သွားမိလေသည်။

"အခုလို အကူအညီပေးတာ တကယ့်ကို ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်နာမည် ကျော်စွာလို့ ခေါ်ပါတယ်"

"ရှင်က အမှုထမ်းတစ်ယောက်လား"

"မှန်ပါတယ်. . . ထီးချိုင့်ဂါတ်တဲစခန်းက ရာဇဝတ်အုပ် ကျော်စွာပါပဲ"

မိန်းကလေးက ဘာမှမပြောပဲ အကဲခတ်သလို ကြည့်နေသည်။

"ဒါထက် ဒီက နာမည် ဘယ်သူပါလဲ"

"မြဝင်းသူ"

ဒီတော့မှ ကျော်စွာစိတ်ထဲမှာ ဘဝင်ကျသွားလေတော့သည်။

စောစောက ဇဝေဇဝါ ဖြစ်နေမှုများမှာလည်း ရှင်းသွားတော့သည်။

ကျော်စွာက ကော်ဖီကို ငုံ့သောက်ရင်း မြဝင်းသူနှင့် ပတ်သက်ပြီး သူကြားသိခဲ့ရပြီးသောအကြောင်းများကို တစ်စစီ ဆက်စပ်တွေးတောနေမိသည်။

မြဝင်းသူ၏အစ်ကိုတော်စပ်သူ ဇေယျမင်းထင်မှာ အိမ်ရှေ့စံမင်းသားတစ်ပါးနှင့် စော်ဘွားအနွယ်တော်တစ်ဦးတို့ အကြောင်းဆက်ရာမှ မွေးဖွားလာခဲ့သူ ဖြစ်သည်။

အိမ်ရှေ့မင်းသားမှာ သားတစ်ယောက် ဖွားမြင်ပြီးနောက် ရန်ဖြစ်သူကလည်း သေဆုံး၊ ခေတ်ပျက်ချိန်မှာ အင်္ဂလိပ်များက စော်ဘွားတို့ နေထိုင်ရာ ဟော်နန်းများကို တိုက်ခိုက်သိမ်းပိုက်ပြန်ရာ အရေးမလှ



www.burmeseclassic.com

www.burmeseclassic.com



တော့သဖြင့် မိုးမိတ်နယ်ဘက်သို့ တိမ်းရှောင်ခဲ့ရပေသည်။

မိုးမိတ်နယ်ဘက်တွင် နေထိုင်စဉ် ရှမ်းအမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျပြန်ရာ မိန်းကလေးတစ်ဦး ဖွားမြင်လေသည်။

ပထမက 'သီရိစန္ဒာ' ဟု အမည်ပေးထားသော်လည်း မင်းသားကွယ်လွန်ပြီးနောက်တွင် ဆင်းရဲသောဘဝဖြင့် နေထိုင်ရသဖြင့် 'မြဝင်းသူ' ဟု ပြောင်းလဲမှည့်ခေါ်ခဲ့လေသည်။

မိခင် ရှမ်းအမျိုးသမီး ကွယ်လွန်သောအခါ ဇေယျကျော်ထင်သည် နှမဖြစ်သူ မြဝင်းသူအား အဖေတူ အမေကွဲ မောင်နှမ ဖြစ်သော်လည်း နှမအရင်းပမာ စောင့်ရှောက်ပေးခဲ့သည်။

မြဝင်းသူကလည်း အစ်ကိုအရင်းပမာ အားကိုးလေသည်။

နောက်ပိုင်း အင်္ဂလိပ်လက်ထက် ရောက်လာပြီး ခေတ်ပျက်လာသောအချိန်တွင် ဇေယျကျော်ထင်သည် အင်္ဂလိပ်လက်အောက်၌ မနေလိုသောကြောင့် နှမဖြစ်သူကို ခေါ်ကာ နန်းပေါင်းရွာဘက်သို့ ရွှေ့ပြောင်းကာ မည်သူနှင့်မှ အဆက်အသွယ် မလုပ်ဘဲ သီးခြား လာရောက်နေထိုင်ခြင်း ဖြစ်သည်။

၎င်းနှင့်အတူ သေနတ်မျိုးစုံတို့ ပါလာပြီး သေနတ်ပစ်လည်း ကောင်းစွာကျွမ်းကျင်သူ ဖြစ်သောကြောင့် အချိန်ရသည်နှင့် တောတွင်း ဝင်ကာ အမဲပစ်ထွက်လေ့ရှိသည်။

၎င်းမှာ ဥပဒေကို ဖောက်ဖျက်ခြင်း မရှိသော်လည်း အင်္ဂလိပ်အစိုးရနှင့် ပတ်သက်သောလူများကို မုန်းတီးသူဖြစ်သောကြောင့် ၎င်းနှင့် တွေ့လျှင် အဆင်မပြေ ဖြစ်ကြရသည်။

အမဲပစ်ခြင်းနှင့် ပတ်သက်၍ တောအုပ်တောခေါင်းများနှင့်


www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ ပြဿနာ ဖြစ်လေ့ရှိသော်လည်း မဟုတ်မခံစိတ် ရှိပြီး စိတ်ကြမ်းလူကြမ်းသမားဖြစ်သောကြောင့် တင်းတင်းမာမာတော့ မဆက်ဆံဝံ့ကြပေ။

ဗင်းနှင့် ပြဿနာ ဖြစ်ပါက တောထဲ လှည့်သည့်အခါ သေနတ်နှင့် ချောင်းပစ်ခံရမည်ကိုလည်း စိုးရိမ်သောကြောင့် ဖြစ်သည်။

သို့သော်လည်း မရှိဆင်းရဲသူများကိုတော့ တတ်နိုင်သမျှ ကူညီစောင့်ရှောက်မှု ပေးသည်။

ဇေယျမင်းထင်မှာ ဖခင်ဖြစ်သူထံမှ နန်းတွင်းဆေးပညာများနှင့် အစီအရင်ပညာများကို တတ်ကျွမ်းခဲ့ပေရာ ဆင်းရဲသားများ နာမကျန်းဖြစ်ပါက ဆေးဝါးကုသပေးသည်။ စားစရာ မရှိလျှင် စားစရာများကို ဝေငှပေးသည်။

သို့သော်လည်း မြို့အုပ် တိုက်ပိုင်၊ ဝန်ထောက် အစရှိသော အရာရှိအရာခံများနှင့် တွေ့သည့်အခါမှာတော့ ပြေပြေပြစ်ပြစ် မရှိပဲ ကြမ်းတမ်းစွာ ဆက်ဆံလေ့ရှိသည်။

သို့ကြောင့် ဇေယျမင်းထင်အပေါ် ဆင်းရဲသားများက ချစ်ခင်သလောက် အရာရှိများကတော့ မုန်းတီးကြသည်။

အကွက်ဝင်ပါက ဖမ်းဆီးနှိပ်စက်ရန်ပင် စိတ်ကူးထားကြသည်။

ထိုသို့ စိတ်ကူးရခြင်းမှာ အကြောင်းနှစ်ချက် ရှိသည်။ တစ်ချက်က ဗင်းတို့အကြိုက် မလိုက်သဖြင့် မုန်းတီးကြခြင်းဖြစ်ပြီး ကျန်တစ်ချက်က ဇေယျမင်းထင် ရှိနေလျှင် ဗင်း၏နှမချောကလေး မြဝင်းသူကို လွတ်လွတ်လပ်လပ် မပိုးပန်းဝံ့သောကြောင့်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မြဝင်းသူမှာလည်း သာမန်မိန်းကလေးမျိုးတော့ မဟုတ်ပေ။ အစ်ကိုသွေးမျိုး ပါသူဖြစ်သဖြင့် မဟုတ်မခံ ဆတ်ဆတ်ကြဲစိတ်မျိုး ရှိသည်။

၎င်းကိုတောသူအထင်နှင့် လာရောက်ကြံစည်ကြသောအရာရှိ အချို့မှာ အရက်တကွဲ အကျိုးနည်းဖြစ်ပြီး ခွေးပြေးဝက်ပြေး ဆင်းပြေးရ ပေါင်းလည်း မနည်းတော့ပေ။

တစ်ခါက မြို့အုပ်အသစ်တစ်ယောက်မှာ မြဝင်းသူတို့ အကြောင်းကို မသိသဖြင့် မောက်မောက်မာမာနှင့် လာရောက်ဆက်ဆံရာ ဇေယျကျော်ထင်နှင့် တွေ့ပြီး ထွက်ပြေးရလေသည်။

နယ်သူနယ်သားများက ဇေယျမင်းထင်ကို ကြောက်ရွံ့ကြ သောအချက်များထဲတွင် ၎င်းကျွေးမွေးစောင့်ရှောက်ထားသူများထဲတွင် ထိုနယ်တစ်ဝိုက်တွင် နာမည်ကြီးနေသော လူဆိုးအများအပြား ပါဝင်ရုံ မက ယက္ခတာတေလို လူဆိုးလူမိုက်ပင်လျှင် ဇေယျမင်းထင်စကားကို မပယ်ရှားဝံ့ပေ။

အကြောင်းတစ်ခု ပေါ်လာပါက ဇေယျမင်းထင်က ဘာမှမလုပ် ရဘဲ လူဆိုးလူမိုက်များ လက်ချက်ကြောင့် ဒုက္ခများရသောကြောင့် ကြောက်ရွံ့ကြခြင်းဖြစ်၏။

ယခုအခါမှာလည်း နာမည်ကြီး လူဆိုးလူမိုက်တစ်ဦးဖြစ်သူ ယက္ခတာတေမှာ ဇေယျမင်းထင်တို့ထံ အမြဲတစေ အဝင်အထွက် ရှိနေ ကြောင်း သတင်းထွက်နေလေသည်။

ကျော်စွာက မြဝင်းသူ ဖျော်ပေးသော ကော်ဖီကို တစိမ့်စိမ့် သောက်ရင်း ၎င်းတို့အကြောင်းများကို စဉ်းစားနေသည်။ ယခုအခါ

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်၌ မိုးသက်မုန်တိုင်းများ စဲသွားသော်လည်း မိုးစက်မိုးပွဲများ
က ကျဆင်းနေလျက် ရှိနေဆဲပင်။

ကျော်စွာကတော့ မီးပုံနားမှာ အတန်ကြာအောင် နေရသဖြင့်
ခြေလက်များ နွေးလာကာ အတန်အသင့် သက်သာမှု ရလာလေပြီ။

မြဝင်းသူမှာ ရောက်စက ဝတ္တရားအရ ဆက်ဆံခဲ့သော်လည်း
ကျော်စွာကို ပုလိပ်အရာရှိတစ်ဦးအဖြစ် သိရသောအခါ အကဲခတ်သည့်
ပုံစံမျိုးဖြင့် အကဲခတ်ကြည့်နေသည်။

"ကျွန်တော့်ကို အစိုးရ အရာရှိတစ်ဦးဆိုတာ သိရတာနဲ့ စော
စောက ကော်ဖီတစ်ခွက် ဖျော်ပေးခဲ့တာကိုတောင် အလုပ်ရှုပ်တယ်လို့
ထင်နေရော့သလား မသိဘူး"

ကျော်စွာက မြဝင်းသူတို့ မောင်နှမအကြောင်းကို အတော်များ
များ သိထားသူမို့ စကားဖြင့် တစ်ချက်စမ်းကြည့်လိုက်သည်။

"ဒီလိုတော့ မဟုတ်ပါဘူး၊ ဒုက္ခရောက်လာတဲ့သူဆိုရင် ဘယ်
သူမဆို အကူအညီပေးရမှာပဲ၊ ဒါပေမယ့် ကျွန်မအစ်ကိုကတော့ ရှင်တို့
လို ပုလိပ်အရာရှိတွေ လာတာကို သဘောကျမှာ မဟုတ်ဘူး"

"လူအမျိုးမျိုး ရှိသလို ကျွန်တော်တို့မှာလည်း မလွဲသာလို့သာ
သူများဝန်ကို ထမ်းနေရပေမယ့် ကိုယ့်တိုင်းပြည်ကို မတရား လုယက်
ထားတဲ့လူမျိုးတွေကိုတော့ နှစ်သက်မှု မရှိပါဘူး"

"ဒါဖြင့်လည်း တခြားလုပ်စရာတွေ အများကြီး ရှိတာပဲ၊ အစိုး
ဆီမှာ အလုပ်မလုပ်နဲ့ပေါ့"

"ကျွန်တော်လည်း ဒီလိုပဲ စိတ်ကူးထားပါတယ်၊ ထောက်လပ်ရေး
ရပြီးရင်တော့ အေးအေးဆေးဆေး နေဖို့ စိတ်ကူးထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ မြဝင်းသူ၏မျက်နှာမှာ တင်းနေရာမှ အနည်းငယ် လျော့ကျသွားသည်ကို သတိပြုမိလိုက်သည်။

"ကျွန်မကတော့ ကိုယ်လည်း အစိုးရနဲ့ မပတ်သက်ချင်ဘူး၊ အစိုးရနဲ့ ပတ်သက်တဲ့လူဆိုရင်လည်း သိပ်မုန်းတာပဲ၊ ဂျပန်တွေရဲ့လူ ဆိုရင် သာတောင်ဆိုးသေး"

"အစိုးရဝန်ထမ်းတွေထဲမှာလဲ ဆိုးတဲ့လူတွေ ရှိသလို ကောင်း တဲ့လူတွေလည်း ရှိပါတယ် မြဝင်းသူရယ်၊ တချို့က မလွှဲသာလို့ လုပ်နေ ကြရတာလည်း ရှိပါတယ်၊ ဘာပဲဖြစ်ဖြစ် မြဝင်းသူတို့လို အစိုးရလူကို မုန်းတီးနေတဲ့သူဆီက အခုလောက် အကူအညီ ရတာကိုပဲ ကျေးဇူး တင်လှပါပြီ၊ ကူညီလက်စနဲ့ လက်ဖက်ရည်ကြမ်း တစ်ပန်းကန်လောက် ရရင်ဖြင့် သောက်ချင်ပါတယ်"

ဟု ပြောလိုက်ရာ မြဝင်းသူက မီးဖိုပေါ်မှာ ထည့်ထားသော ရေနွေးအိုးထဲမှ ရေနွေးကြမ်းထည့်ရန် ခွက်တစ်လုံး ထယူသောအခါမှ သူမ ဝတ်ဆင်ထားသော လုံချည်ဆင်ကို သတိပြုမိလေသည်။

မြဝင်းသူ ဝတ်ထားသော လုံချည်ဆင်မှာ အဖြူနှင့်အနက် ကွက်စိပ်လုံချည်ဖြစ်သည်။

ထိုအခါမှ မိမိဗိုင်ယာရီစာအုပ်ထဲမှာ ညှပ်ထားသော လုံချည် အပြဲစကလေးကို သတိရသည်။

ထိုလုံချည်ဆင် နှစ်ခုမှာ တစ်ထေရာတည်း ဖြစ်၏။

ထိုသို့ သတိထားကြည့်နေစဉ်မှာ သူမ ဝတ်ဆင်ထားသော လုံချည်၏အောက်ဘက်နားတစ်နေရာတွင် သုံးထောင့်ပုံသဏ္ဍာန် စုတ် ထွက်နေသောနေရာကို တွေ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

ကျော်စွာမှာ မြဝင်းသူအပေါ် မသင်္ကာစိတ်နှင့်အတူ စိုးရိမ်စိတ်ပါ ဝင်သွားတော့သည်။

ကိုဘခင်ကို သတ်တာ ဒီမိန်းကလေးများလား။

ဒါမှမဟုတ် လူသတ်မှုထဲတွင် တစ်နည်းတစ်ဖုံ ပါဝင်ပတ်သက်နေရော့သလားဟု တွေးမိသည်။

မြဝင်းသူက လက်ဖက်ရည်ကြမ်း တစ်ပန်းကန် ထည့်ယူလာပြီး ကျော်စွာကို လာပေးသည်။

ကျော်စွာက လက်ဖက်ခြောက်များ ခပ်ထားသော လက်ဖက်ရည်ကြမ်းတစ်ကျိုက် သောက်လိုက်ပြီး. . .

"ကျွန်တော်က တလောတုန်းက ဒီနားတစ်ဝိုက်မှာ သေနတ်နဲ့ ပစ်သတ်ခံလိုက်ရတဲ့ ရာဇဝတ်အုပ်တစ်ယောက် သေတဲ့အမှုကို စုံစမ်းရအောင် လာတာပါ၊ မြဝင်းသူတို့က ဒီနားတစ်ဝိုက်မှာ နေတာဆိုတော့ ဘာသတင်းများ ကြားမိသေးလဲ"

ဟု စကားစလိုက်သည်။

"ရှင်က မသင်္ကာလို့ စစ်နေတာလား"

"မဟုတ်ပါဘူး. . . ကြုံလို့ မေးကြည့်တာပါ"

"ကျွန်မတို့က အေးအေးနေတာဆိုတော့ သိလည်း မသိဘူး၊ သတင်းလည်း မကြားမိပါဘူး"

ထိုကဲ့သို့ ငြင်းလိုက်ခြင်းကပင် တစ်ခုခု သိထားကြောင်းကို အတွေ့အကြုံအရ အကဲခတ်လိုက်မိသည်။

ကျော်စွာက ဘာမှထပ်မပြောပဲ သောက်လက်စ လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ခွက်ကို ပြန်ချထားလိုက်ပြီး ဂျာကင်အင်္ကျီထဲမှ မိုးကာစဖြင့် ပတ်ထားသော ဒိုင်ယာရီစာအုပ်ကလေးကို ထုတ်ယူလိုက်သည်။

စာအုပ်ကလေးကို ဖွင့်လိုက်သောအခါ အထဲမှ လုံချည်အပြိုင်စကလေး ထွက်လာသည်။

ထိုလုံချည်စကို မြင်တော့ မြဝင်းသူမှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

လုံချည်အပြိုင်စကလေးမှာ မြဝင်းသူ ဝတ်ဆင်ထားသော လုံချည်အဆင်နှင့် တစ်ထေရာတည်း တူပြီး စုတ်ပြဲနေပုံမှာလည်း တစ်ထေရာတည်း တူလေသည်။

"ဒီလုံချည်အစုတ်ကလေးက အသတ်ခံရတဲ့ ရာဇဝတ်အုပ်ကိုဘခင်အလောင်းနားက ရခဲ့တာ၊ မြဝင်းသူ ဝတ်ထားတဲ့ လုံချည်အဆင်နဲ့ရော စုတ်နေတဲ့နေရာပါ အတူတူပဲနော်"

"ရှင်က ကျွန်မကို မသင်္ကာဖြစ်ပြီး ဖမ်းရအောင် လာတာပေါ့လေ၊ ဒီလိုမှန်း သိရင် စောစောကတည်းက အိမ်ထဲ အဝင်မခံလိုက်ရရင် အကောင်းသား"

"ဒီသဘောမျိုး မရှိပါဘူး မြဝင်းသူရယ်၊ ကျွန်တော် သိချင်တာက ဒီအမှုနဲ့ ပတ်သက်ပြီး မြဝင်းသူ ဘာများသိသလဲလို့ပါ"

"ကျွန်မကတော့ ဘာမှမသိဘူး"

"ဒါဖြင့် ကိုဘခင် သေပြီးတဲ့နောက်မှာ အင်ကြင်းပင်ကြီးအောက်ကို မြဝင်းသူ ဘာသွားလုပ်ခဲ့တာလဲ"

"သူသေတာလည်း မသိဘူး၊ ဟင်းရွက်ခူးရင်းနဲ့တော့ အဲဒီနေရာတစ်ဝိုက် ရောက်ခဲ့တာပဲ၊ ရှင်က ကျွန်မသတ်တယ်လို့ထင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒီလို မသက်ာရင် ဖမ်းချင်လည်း ဖမ်းပေါ့"

ဟု ကျော်စွာအား ရဲရဲတင်းတင်း ကြည့်ကာ ပြောသည်။

သူမ အမူအယာမှာ စိတ်တင်းထားဟန်၊ ဟန်ဆောင်ထားဟန် မျိုး မဟုတ်ဘဲ ရဲတင်းပွင့်လင်းမှု ရှိနေသည်။

"တကယ်ပြောရရင် ကျွန်တော့်စိတ်ထဲမှာ မြဝင်းသူကို ကျေးဇူး ရှင်တစ်ယောက်အနေနဲ့ ဒီအမှုမျိုးမှာ မပတ်သက်စေချင်ပါဘူး"

"ပြောတော့ တစ်မျိုး၊ လက်တွေ့ကတော့ မသင်္ကာလို့ ဖမ်းချင် နေတာ မဟုတ်လား"

"စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောရရင် တကယ်လို့ မြဝင်းသူက တရားခံအစစ် ဖြစ်ခဲ့ရင်တောင် ကျွန်တော် အများကြီး အကာအကွယ် ပေးသွားမှာပါ"

ကျော်စွာက သူမမျက်လုံးကို စိုက်ကြည့်ပြီးနောက် ရင်ထဲ ရှိသည့်အတိုင်း ပြောလိုက်ရာ မြဝင်းသူမှာ အကြည့်ချင်း ရင်မဆိုင်ဝံ့ သည့်အလား မျက်လွှာချသွားသည်။

တင်းမာမှုလည်း အနည်းငယ် လျော့ကျသွားသည်။

"ဒါထက် မြဝင်းသူရဲ့အစ်ကိုတော် ဇေယျမင်းထင်ရော ဘယ် မှာလဲ"

"သူ အိမ်ကို ပြန်မလာတာ နှစ်ရက်သုံးရက် ရှိနေပြီ"

"အခုသေတဲ့ ရာဇဝတ်အုပ်က ဇေယျမင်းထင်နဲ့ ပတ်သက်တဲ့ မသင်္ကာမှုတွေ စစ်ဖို့သွားရင်း အသတ်ခံခဲ့ရတာ"

မြဝင်းသူ မျက်နှာပေါ်မှာ အံ့သြသွားသည့် အရိပ်အယောင် တလေးများ ပေါ်သွားသည်ကို သတိပြုမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအစ်ကိုနဲ့ ပတ်သက်ပြီး ဘာများစစ်ဆေးစရာ ရှိလို့လဲ"

"တောအုပ်တစ်ယောက်ကို သတ်ပြီး ငွေငါးထောင် ယူသွားတဲ့ အမှုတစ်ခုကြောင့်ပဲ၊ အဲဒီတောအုပ် မသေခင်က ဇေယျမင်းထင် အမဲပစ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူတို့နှစ်ယောက် အချင်းများဖူးတယ်၊ အဲဒီလိုဖြစ်ပြီး သိပ်မကြာဘူး၊ အဲဒီတောအုပ် အသတ်ခံရတာပဲ"

"ဒါကတော့ တခြားလူတစ်ယောက်ယောက်ရဲ့လက်ချက်လည်း ဖြစ်နိုင်တာပဲ၊ ကျွန်မအစ်ကိုက အစိုးရဝန်ထမ်းတွေမုန်းသမျှ သိပ်မုန်းတဲ့လူပဲ၊ ဘယ်သူမဆို သူနဲ့ တွေ့ရင်တော့ ပြဿနာ ဖြစ်လေ့ရှိတာပဲ"

မြဝင်းသူက ရဲရဲတင်းတင်းပင် ပြောပြနေသည်။

သူမ အမူအယာကို အကဲခတ်ရသည်မှာ လိမ်လည်ပြောဆိုနေသော အမူအယာမျိုး မတွေ့ရပေ။

မြဝင်းသူက စကားပြောရင်း လက်ဖက်ရည်ကြမ်း ကုန်လျှင် ထပ်ထည့်ပေးပြန်သည်။

ကျော်စွာမှာ လက်ဖက်ရည်သောက်ရင်း စဉ်းစားရ ခက်နေသည်။

မြဝင်းသူမှာ လူသတ်မှုနှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်မှု ရှိလျှင်သော်လည်းကောင်း၊

သို့မဟုတ် လူသတ်မှု ကျူးလွန်သူနှင့် ပတ်သက်သော အကြောင်းများကို သိတန်သရွေ့သိရမည်ဟု တစ်ထစ်ချ ယူဆရပေသည်။

သို့သော်လည်း သူမအနေနှင့် ဘယ်နည်းနှင့်မျှ ဖွင့်ပြောမည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြောင်း စိတ်ထဲမှ အလိုလို သိနေသည်။

အပြင်မှာတော့ မိုးက လုံးလုံးစဲသွားချေပြီ။

အချိန်ကလည်း နေ့လည်ပိုင်းအချိန် ကျော်လာပေပြီ။

အချိန်သိပ်မနှောင်းခင် ပေါင်းနက်ရွာသို့ ပြန်ဖို့ကိစ္စကလည်း ရှိသေးသည်။ အိမ်အတွင်း ရောက်စက အပေါ်ထပ်တွင် အခြားလူတစ်ယောက်ယောက် ရှိနေလိမ့်မည်ဟု ခန့်မှန်းမိသော်လည်း ယခုထိတော့ လှုပ်ရှားမှု တစ်စုံတစ်ရာ မတွေ့ရသေးပေ။

"ဘယ်လိုများလဲ. . . ကျွန်မကို မသ်ကာမှုနဲ့ ဖမ်းသွားမှာလား"

မြဝင်းသူက မေးသည်။

"တကယ်လို့ မြဝင်းသူက တရားခံအစစ် ဖြစ်နေရင်တောင် ကျွန်တော် မဖမ်းချင်ပါဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"အခုလို ဂျပန်တွေလက်အောက် ရောက်ပြီး ခေတ်ပျက်နေတဲ့ အချိန်မှာ မြဝင်းသူတို့ မောင်နှမကို သူတို့လက်ချက်နဲ့ ဒုက္ခမရောက်စေချင်ပါဘူး"

ထိုစကားကြားတော့ မြဝင်းသူက တအံ့တဩ မော့ကြည့်လေသည်။ ကျော်စွာကလည်း သူမကို ပြန်ကြည့်နေသည်။

နှစ်ယောက်စလုံး၏အကြည့်များထဲတွင် အဓိပ္ပါယ်အချို့ ပါနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဖိုးစာဓေ

## အခန်း (၄)

# လူသတ်တရားခံ မိလေဖြီ

ကျော်စွာမှာ မိမိသိလိုသော သဲလွန်စများမှာ ယခုရောက်နေသောနေရာမှာပင် ရသင့်သလောက် ရနိုင်မည်မှန်း သိသဖြင့် မြဝင်းသူကိုပင် ချော့မော့ကာ သိလိုသမျှများ မေးနေသည်။

မြဝင်းသူမှာ ထိုအမှုနှင့် ပတ်သက်ပြီး သိသင့်သလောက် သိထားကြောင်း ရိပ်မိသဖြင့် နည်းမျိုးစုံဖြင့် လှည့်ပတ်ကာ အကဲခတ်နေသည်။

မြဝင်းသူမှာလည်း ကျော်စွာအပေါ်မှာ ရောက်စကလောတ်



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းမာမာ မရှိတော့ပဲ နူးညံ့ပျော့ပျောင်းစွာဖြင့် ၎င်းတို့မောင်နှမ အကြောင်းအချို့ကို ပြောပြနေရာ တဖြည်းဖြည်းနှင့် ညနေပိုင်းအချိန်သို့ ရောက်လာချေပြီ။

ယခုအချိန်အထိတော့ အိမ်အတွင်းမှာရော အပြင်ဘက်မှာပါ လူရိပ်လူခြည် မတွေ့ရပဲ ထိုအိမ်တွင် မြဝင်းသူ တစ်ယောက်တည်း ရှိနေသည်မှာ ထင်ရှားလေသည်။

ထိုအနိုက်မှာပင် အိမ်၏အဝင်ပေါက်ဝဘက်မှ ခြေသံပြင်းပြင်း နှင့် ဝင်လာသောအသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ အိမ်ပေါက် ဝမှာ လူတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

ထိုလူမှာ အရပ်အမောင်း မြင့်မားလှသည်။

ရုပ်ဆင်းအင်္ဂါကလည်း ကြမ်းတမ်းခက်ထန်သော အမူအယာ ရှိလေသည်။

ကျော်စွာမှာ ရေစိုနေသော ဂျာကင်အင်္ကျီကို ချွတ်ချထားရာ သေနတ်က ထိုအင်္ကျီထဲမှာ ရှိနေသည်။

ထိုလူက ကျော်စွာကိုယ်ပေါ်မှ အဝတ်အစားများကို မြင်သည် နှင့် ပုလိပ်တစ်ယောက်မှန်း သိသွားရာ အကြီးအကျယ် ဒေါသထွက် သွားဟန် ရှိလေသည်။

၎င်းထံတွင် သေနတ်မပါဘဲ ခါးတွင် ဓါးမြှောင်တစ်လက် ထိုး စိုက်ထားသည်ကို လှမ်းမြင်ရသည်။

သူက မြဝင်းသူအနီးသို့ လျှောက်လာသည်။

မီးရောင်ဖြင့် သေသေချာချာ မြင်ရတော့မှ မျက်နှာမှာ ခက် ထန်ကြမ်းတမ်းရုံမက ကြောက်မက်ဖွယ်ရာလည်း ကောင်းလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြဝင်းသူ. . . သူက ဘယ်သူလဲ"

ဟု အသံသြသြကြီးဖြင့် မေးလိုက်သည်။

"သူက ရာဇဝတ်အုပ် ကိုကျော်စွာတဲ့"

"ဒီပုလိပ် ဘာလာရှုပ်တာလဲ၊ နင်ကရော ပုလိပ်ကို ဘာကြောင့် လက်ခံထားရတာလဲ"

မကျေမနပ်ဖြင့် ပြောသည်။

"အို. . . မိုးမိပြီး ဒုက္ခရောက်လာတာပဲ၊ ပုလိပ်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် အကူအညီ ပေးရမှာပဲ၊ ဘာဖြစ်လဲ ကိုတာတေရဲ့"

ထိုအခါမှ မိမိရှေ့သို့ ရောက်နေသူမှာ နာမည်ကြီး လူဆိုးလူမိုက်တစ်ဦးဖြစ်သူ ယက္ခတာတေ ဖြစ်မှန်း သိရတော့သည်။

သို့ကြောင့် ချထားသော အပေါ်အင်္ကျီကို ပြန်ဝတ်လိုက်သည်။

ဂျာကင်အင်္ကျီအိတ်အတွင်း၌ သေနတ်ရှိသဖြင့် အနည်းငယ်တော့ အားရှိသွားသည်။

"နင့်ကြည့်ရတာ ဒီပုလိပ်ကို အတော်အရေးစိုက်နေပုံ ရတယ် မိုးမိလာလည်း မီးလှုံပြီး ပြန်ပစေပေါ့၊ အခုတော့ အစားအသောက်တွေနဲ့တောင် ဧည့်ခံနေတယ်ဆိုတော့ သိဟောင်းကျွမ်းဟောင်းတွေ ကျနေတာပဲ"

"အိမ်ရှင်ဝတ္တရားကိုးရှင့်"

မြဝင်းသူက အရေးမစိုက်သလို ပြန်ပြောလိုက်ရာ ယက္ခတာတေမှာ ဒေါသထွက်သထက် ပိုထွက်သွားလေသည်။

"ငါက ပုလိပ်ဆိုတဲ့ ကောင်တွေဆိုရင် သိပ်မုန်းတာ၊ ဘယ်လောက်မုန်းသလဲဆိုရင် မြင်တာနဲ့တင် အလိုလိုနေရင်း သတ်ချင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ"

ဟု ပြောကာ ခါးကြားထဲမှာ ထိုးထားသောဓါးမြှောင်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ပြီး နံဘေးနားရှိ သစ်သားတိုင်ကို အားဖြင့် ထိုးစိုက်ချလိုက်လေသည်။

"ဒုန်း . . ."

စိုက်အားပြင်းသဖြင့် အိမ်တစ်ခုလုံး တုန်သွားလေသည်။

"နေစမ်းပါဦး . . . ခင်ဗျားက ပုလိပ်တွေကို ဘာကြောင့် ဒီလောက်မုန်းနေရတာလဲ"

"ဟ . . . ပုလိပ်ဆိုတာ ကောင်းတဲ့လူစားမျိုးမှ မဟုတ်တာ၊ လူတွေကို အမြဲဒုက္ခပေးဖို့လောက်ပဲ ကြည့်နေတတ်ကြတာ၊ ဒါကြောင့် ငါက ပုလိပ်မြင်ရင် သိပ်မုန်းတာပဲ"

"ခင်ဗျားမှာ အပြစ်မရှိဘူးဆိုရင် ပုလိပ်ပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် မုန်းစရာအကြောင်း မရှိပါဘူး၊ ပုလိပ်တွေကို ဒီလောက်မုန်းနေပုံ ထောက်ရင် ခင်ဗျားမှာ အပြစ်ရှိနေလို့သာ ဖြစ်မှာပေါ့"

"ဘာကွ"

"ဟုတ်တယ် . . . အပြစ်ရှိတဲ့သူတွေမှသာ ပုလိပ်ကို မြင်ရင် ကြောက်ကြ မုန်းတီးကြတာဆိုတော့ ကေန္တ ခင်ဗျားမှာ အပြစ်တစ်ခုခု ရှိနေပုံရတယ်"

"ပုလိပ်စုတ် . . . စကားပြောတာ ကြည့်ပြောစမ်း၊ မင်း ငါ့ နာမည် မကြားဖူးဘူးလား၊ ယက္ခတာတေဆိုတာ ငါပဲ"

"ယက္ခတာတေပဲဖြစ်ဖြစ် အာဠာဝကတာတေပဲဖြစ်ဖြစ် ကြောက်စရာ မလိုပါဘူး၊ အပြစ်ရှိရင်တော့ ဖမ်းဆီးရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ အပြစ်မရှိဘဲ ဖမ်းရင် အူအခွေလိုက် ထွက်သွားမယ်..
ဘာမှတ်သလဲ"

ယက္ခတာတေမှာ တရှုံးရှုံး တရှားရှား ဖြစ်လာသည်။

ကျော်စွာကတော့ အရေးမစိုက်ဟန်ဖြင့် အေးအေးဆေးဆေး
အမူအယာနှင့် ရှိနေသည်။

"ခင်ဗျား ဘယ်လောက်ပဲကြိမ်းကြိမ်း ကျုပ်ကတော့ နည်းနည်း
ကလေးမှ မကြောက်ပါဘူး၊ ဝတ္တရားအရ လုပ်စရာရှိရင်တော့ လုပ်ရမှာ
ပဲ"

"လုပ်ဝံ့ရင် လုပ်ကြည့်လေ"

ဟု ပြောကာ တိုင်မှာ စိုက်ထားသော ခါးပြောင်ကို ပြန်ဆွဲနှုတ်
ယူလိုက်သည်။

ကျော်စွာ အင်္ကျီအိတ်ထဲမှာ အဆင်သင့် ရှိနေသော သေနတ်
ဒင်ပေါ်သို့ လက်တင်ထားသည်။

သေနတ်ကို မြင်တော့ ယက္ခတာတေမှာ နည်းနည်းတော့ တ
သွားလေသည်။

"ခင်ဗျားကို တစ်လက်စထဲ မေးရမယ်၊ တောအုပ်တစ်ယောက်
ကို သတ်ပြီး ငွေငါးထောင် ယူသွားတဲ့အမှုကို ခင်ဗျားဘာသိသလဲ"

"ဘာမှ မသိဘူး"

"ဒါဖြင့် ရာဇဝတ်အုပ်တစ်ယောက်ကို သေနတ်နဲ့ ပစ်သတ်
လူကိုရော သိလား"

"ငါ မသိဘူး"

မသိဘူး တွင်တွင်ပြောနေရင်းမှပင် ရင်းအမူအယာမှာ ထိုအ



www.burmeseclassic.com

www.burmeseclassic.com



များအကြောင်းကို သိတန်သရွေ့ သိနေသည့် အမူအယာများ မျက်လုံးထဲမှာ ပေါ်နေလေသည်။

ကျော်စွာ စိတ်ထဲမှာတော့ မမျှော်လင့်ပဲ အမှုနှင့် သက်ဆိုင်သော လူတစ်ယောက်ကို ထပ်မံတွေ့ရပြန်ပြီဟု တွေးမိလိုက်သည်။

မြဝင်းသူကတော့ ကျော်စွာနှင့် ယက္ခတာတေတို့နှစ်ယောက် အခြေအနေကို မလှမ်းမကမ်းမှ စောင့်ကြည့်နေသည်။

သူမ၏အမူအယာမှာ တစ်ခုခုဖြစ်မှာကို စိုးရိမ်နေသည့်ပုံစံမျိုးဖြစ်သည်။

"ခင်ဗျားက ပါးစပ်က မသိဘူးလို့ တွင်တွင်ငြင်းနေတယ်၊ ဒါပေမယ့် ခင်ဗျားအမူအယာကတော့ ဒီအကြောင်းတွေကို သိနေတဲ့ အမူအယာမျိုး ပေါ်နေတယ်၊ ခင်ဗျားကို မသင်္ကာမှုနဲ့ ဖမ်းမယ်ဆိုရင်တောင် ရနေပြီ"

"ငါမပြောဘူးလား၊ ပုလိပ်ဆိုမှတော့ ဒီအတိုင်းချည်းပါပဲ၊ လူကိုမြင်တာနဲ့ မသင်္ကာဖို့ပဲ စိတ်ကူးနေတော့တာပဲ၊ ငါ့ကို ဖမ်းရအောင် ဘာအမှုနဲ့ ဖမ်းမှာလဲ၊ သက်သေသက္ခာယကော ရှိပြီလား"

"တရားခံ တွေ့နေမှတော့ သက်သေရှာဖို့က မခက်လှပါဘူး"

"ဒီလိုတော့ ဘယ်အဖမ်းခံမလဲကွာ၊ မင်းတို့ပုလိပ်တွေက ဂါတ်ရောက်တာနဲ့ ဟုတ်ဟုတ် မဟုတ်ဟုတ် အတင်းနှိပ်စက်ပြီးတော့ စစ်ဆေးကြမှာ မဟုတ်လား"

ထိုသို့ အခြေအနေ တင်းမာနေစဉ် အိမ်ပေါက်ဝမှ လူတစ်ယောက် ထပ်ဝင်လာပြန်သည်။

အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ဥပဓိရုပ် ခန့်ညားသော လူကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပင် ဖြစ်သည်။

"ဟော. . . အစ်ကိုကြီး ပြန်ရောက်လာပြီ"

မြဝင်းသူက ဝမ်းသာအားရ လှမ်းပြောလိုက်သည်။

ဒီတော့မှ နောက်ထပ်ရောက်လာသူမှာ ဇေယျမင်းထင် ဖြစ်မည်ဟု ခန့်မှန်းမိလိုက်သည်။

ကျော်စွာက ဇေယျမင်းထင်ကို ခေါင်းညိတ်၍ နှုတ်ဆက်လိုက်သည်။

ဇေယျမင်းထင်လက်ထဲတွင် ပြောင်းရှည်သေနတ်တစ်လက်ကို အဆင်သင့် ကိုင်ထားသည်။

ရှပ်အင်္ကျီ၊ ရှမ်းဘောင်းဘီနှင့် ဦးထုပ်အဝိုင်းတစ်လုံးကို ဆောင်းထားသည်။

မျက်နှာပေါ်မှာ နှုတ်ခမ်းမွေးရှည်များ ရှိပြီး တည်ကြည်ခန့်ငြားသောအသွင်ရှိသည်။

"သူက ဘယ်သူလဲ"

"သူက ရာဇဝတ်အုပ် ကျော်စွာတဲ့ အစ်ကိုကြီး"

"ဒီကို ဘာအတွက် ရောက်လာတာလဲ"

"ကျွန်တော် အလုပ်တာဝန်နဲ့ ခရီးထွက်လာရင်း မိုးသက်မုန်တိုင်းမိလို့ မိုးဝင်ခိုတာပါ"

ကျော်စွာက ဝင်ပြောပြလိုက်သည်။

"မဟုတ်ဘူး ဆရာကြီး၊ သူက တောအုပ်တစ်ယောက်နဲ့ ပုလိပ်တစ်ယောက် သေတဲ့အမှုကို စုံစမ်းဖို့လာတာ၊ ဒီရောက်တော့ ကျုပ်တို့ကို မသင်္ကာဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ယက္ခတာတေက ဝင်ပြောပြသည်။

ထိုအခါ ဇေယျမင်းထင်က ကျော်စွာကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်သည်။

ယက္ခတာတေကတော့ ဇေယျမင်းထင် တစ်ခုခု အမိန့်ပေးလိုက်လျှင် ကျော်စွာကို ရန်ရှာမည့်ပုံစံမျိုး ရှိနေသည်။

"မောင်က ကျုပ်တို့အပေါ် ဘယ်လိုများ သဘောထားနေလို့လဲ"

"မေးစရာရှိတာတွေ မေးချင်တာပါပဲ"

"မေးပါ"

"ရာဇဝတ်အုပ် ကိုဘခင် သေတဲ့အမှုနဲ့ ပတ်သက်ပြီး ဆရာကြီးအနေနဲ့ ဘာများသိသလဲဆိုတာ သိချင်ပါတယ်"

"သူ သေသွားပြီလား"

ဇေယျမင်းထင်က အံ့သြသွားဟန်ရှိသည်။

"ဟုတ်ပါတယ်. . . နောက်စေ့ကို သေနတ်နဲ့ ချောင်းပစ်လို့ သေပါပြီ"

"ဖြစ်ရလေ. . . မသေခင် ကျုပ်နဲ့တောင် တွေ့လိုက်သေးတာပဲ၊ ကျုပ်ကိုင်တဲ့သေနတ်နဲ့ ပတ်သက်ပြီး လိုင်စင်ရှိသလားဆိုပြီး စစ်လားဆေးလား လုပ်နေသေးတယ်၊ ဒါထက် တရားခံက ဘယ်သူများလဲ"

"အဲဒီအဖြေကို ကျွန်တော်လည်း သိချင်နေတာပါပဲ"

"စုံစမ်းကြည့်တော့ ဘယ်လိုသဲလွန်စ ရပြီလဲ"

"ကိုဘခင် အသတ်ခံရတဲ့နေရာကို ဆရာကြီးရဲ့နှမဖြစ်ဝင်းသူ ရောက်ခဲ့တယ်ဆိုတာကတော့ သက်သေအထောက်အထား တွေ့ထား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

"ဟင်. . ."

ဇေယျမင်းထင်မှာ မျက်နှာပျက်သွားသည်။

ညီမဖြစ်သူကိုလည်း ကွက်ကနဲ တစ်ချက်လှမ်းကြည့်သည်။

"အို. . . ကျွန်မ အဲဒါတွေ ဘာမှမသိဘူး၊ အစ်ကိုကြီး ကျွန်မ သွားတယ်ဆိုတာက. . ."

မြဝင်းသူက ရှေ့ဆက်ပြောရမှာ ခက်ဟန်ဖြင့် စကားစ ရပ်သွားသည်။

ဇေယျမင်းထင်က သဘောပေါက်သွားဟန်ဖြင့် ယက္ခတာတေကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ယက္ခတာတေကတော့ ဓါးမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး အခွင့်သာသည်နှင့် ကျော်စွာကို ဝင်ရောက်တိုက်ခိုက်ရန် ပြင်ဆင်နေသည်။

ကျော်စွာကလည်း တစ်ချက်ကလေးမှ အလစ်မပေးချေ။

"ဟော့. . . တာတေ၊ မင်းလက်ထဲက ဓါးမြှောင်က ငါ့ဆီက ငှားသွားတဲ့ ဓါးမြှောင်မဟုတ်လား"

"ဟုတ်တယ် ဆရာကြီး"

"ငါ့ကို ပြန်ပေးစမ်းကွယ်၊ ငါ့ဓါးမြှောင်ကိုင်ပြီး မင်းက တစ်ခုခု လုပ်လိုက်မှဖြင့် ငါ့အပေါ် အမှုလာပတ်နေပါဦးမယ်"

ဇေယျမင်းထင်က ပြောသော်လည်း ယက္ခတာတေက လှာ မပေးသဖြင့်. . .

"ညီမလေး. . . သူ့လက်ထဲက ဓါးမြှောင်ကို သွားယူထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်း"

ဟု ပြောသဖြင့် မြဝင်းသူက သုံးယောက်ကြားမှ ဖြတ်သွားရာ ကျော်စွာအတွက် အခွင့်အရေး ရသွားသည်။

မြဝင်းသူ ကွယ်ပေးလိုက်သည့် အခိုက်အတန့်မှာပင် ဂျာကင် အိတ်အတွင်းမှ ခြောက်လုံးပြူးသေနတ်ကို ဖျတ်ကနဲ ဆွဲထုတ်လိုက်သည်။

ယက္ခတာတေက သူ့လက်ထဲမှ ဓါးမြှောင်ကို မြဝင်းသူအား မပေးဘဲ တွန်းဖယ်လိုက်သည်။

"ဖယ်စမ်း. . . ဒီအတိုင်းတော့ ဘယ်အလျှော့ပေးလိမ့်မလဲ၊ ယက္ခတာတေဆိုတဲ့နာမည် ရိုင်းသွားမှာပေါ့၊ ဒီလောက်ရှုပ်ချင်တဲ့ ပုလိပ် စုတ်. . . သေဖို့သာ ပြင်ပေတော့"

ဟု ကြိမ်းမောင်းကာ ဓါးမြှောင်ကို မြှောက်ကာ ကျော်စွာ ရှိရာ သို့ ပြေးလာသည်။

ထိုအချိန်၌ ကျော်စွာလက်ထဲ၌ သေနတ်က အဆင်သင့် ရောက်နေပြီမို့ ဓါးကိုင်ထားသောလက်ကို ချိန်ကာ ပစ်ချလိုက်သည်။

"ဒိုင်း. . ."

ယက္ခတာတေလက်ထဲမှာ ကိုင်ထားသောဓါးမြှောင် လွတ်ကျ သွားပြီး လူလည်း ပစ်လဲကျသွားသည်။

ကျော်စွာ ချက်ချင်း အနားကပ်သွားပြီးနောက် လက်နှစ်ဖက်ကို လက်ထိပ်ခတ်ထားလိုက်တော့သည်။

လျှပ်တစ်ပြက်အခြေအနေကြောင့် ဇေယျမင်းထင်နှင့်မြဝင်း သူတို့မှာ ပါးစပ်အဟောင်းသားဖြင့် အံ့ဩနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက မလှမ်းမကမ်းမှာ ကျနေသော ခါးမြှောင်ကို ကောက်ယူပြီး ကြည့်လိုက်သည်။

ခါးမြှောင်မှာ ရှေးခေတ်နန်းတွင်းသုံး ခါးမြှောင်မျိုးဖြစ်ကာ အရိုးမှာ ဆင်စွယ်ရိုးဖြစ်သည်။

ကနုတ်ပန်းများနှင့် ဇေယျမင်းထင်ဆိုသော အမည်စာလုံးကိုပါ တွေ့ရသည်။

ကျော်စွာက ခါးမြှောင်ကို ဇေယျမင်းထင်လက်သို့ ပြန်ပေးလိုက်လေသည်။

"တကယ်တော့ ဒီခါးမြှောင်လေးက ကျွန်မအစ်ကိုကြီးကို ကယ်တင်ပေးလိုက်တာပါ"

ဟု မြဝင်းသူက ပြောသည်။

ထိုစကားကို ဇေယျမင်းထင်က သိပ်ပြီးသဘောမပေါက်သော်လည်း ယက္ခတာတေကတော့ သဘောပေါက်ဟန်တူသည်။

မျက်စိမျက်နှာ ပျက်သွားလေသည်။

"နင် မဟုတ်တာတွေ လျှောက်ပြောမနေနဲ့နော်"

တစ်ချက်လှမ်းဟန့်သော်လည်း မြဝင်းသူက အောက်ပါ အကြောင်းအရာအချို့ကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

# ယက္ခတာတေနှင့် အာဃာတရန်ငြိုး

**တစ်**နေ့သ၌ ဇေယျမင်းထင် ရှိရာသို့ ယက္ခတာတေ ရောက်လာသည်။

"ဆရာကြီး. . . ကျွန်တော့်ကို ဓါးမြှောင်ခဏငှားပါ"

"ဘာလုပ်ဖို့လဲကွယ်"

"ကျွန်တော် သုံးစရာရှိလို့ပါ"

"မင်း မဟုတ်တာတွေတော့ လျှောက်မလုပ်နဲ့နော်"

"မလုပ်ပါဘူး ဆရာကြီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ညွှန့်မောင်ကတော့ သဘောရိုးဖြင့် ဖင်းခါးမြှောင်ကို ငှား လိုက်လေသည်။

ယက္ခတာတေကတော့ သဘောရိုးဖြင့် ငှားသည်မဟုတ်ဘဲ အကြံအစည်ရှိသဖြင့် ငှားရမ်းသွားခြင်း ဖြစ်သည်။

ယက္ခတာတေတွင် ခင်မှုံဟုခေါ်သော မိန်းမရှိသည်။

ခင်မှုံက အသက်(၂၅)နှစ်အရွယ်ခန့် ရှိပြီး ရုပ်ရည်အသင့် အတင့်ရှိသည်။

သို့သော်လည်း လင်ဆိုးမယား တဖားဖား ဆိုသကဲ့သို့ ပင်ကိုယ် ရုပ်ရည်က မပေါ်လွင်လှပေ။

ယက္ခတာတေ ရှိသော်လည်း လူဆိုးလူမိုက်တစ်ဦး ဖြစ်သဖြင့် ငွေရလာသည့်အခါ ဖောဖောသီသီ စားသောက်ရသော်လည်း မရသည့် အခါ မိမိဘာသာ ရှာဖွေစားသောက်ရသည်။

ယက္ခတာတေမှာ ထောင်အကြိမ်ကြိမ် ကျဖူးသူဖြစ်သဖြင့် ဖင်း ထောင်ထဲ ဝင်ရသည့်အခါတွင် ခင်မှုံခမျာ ဖင်းဖာသာ ဝမ်းရေးကို ရှာဖွေစားသောက်ရသည်။

နန်းပေါင်းရွာသူကြီး ဦးစံမြမှာ အသက်လေးဆယ်ကျော် အရွယ်ခန့်ရှိပြီး အသားမည်းမည်း ဂင်တိုတို ဖြစ်သည်။

ဖင်းမှာ နာမည်ပျက် ရှိသော်လည်း ဂျပန်စကားပြန်များနှင့် သင့်တင့်အောင် ပေါင်းတတ်သူ ဖြစ်သဖြင့် သူကြီးရာထူး ရထားခြင်းဖြစ် သည်။

ဦးစံမြမှာ ကိုယ်ကျင့်တရား မကောင်းသဖြင့် ရွာထဲမှာ ရှိသော ရိုးသားသည့် မိန်းမပျိုများအပြင် သူတပါး သားမယားပါမကျန် ဖျက်ဆီး



www.burmeseclassic.com

www.burmeseclassic.com



တတ်သူဖြစ်သည်။

မိန်းကလေးများမှာ သူကိုယ်တိုင် ခြေတော်တင်ရုံမကဘဲ ဂျပန် အလိုတော်ရိများအတွက်ပါ ဆောင်ကြဉ်းပေးရလေသည်။

သူ့စနက်ကြောင့် ဘဝပျက်ခဲ့ရသော မိန်းကလေးများမှာ မနည်းလှတော့ပေ။

ယခုလည်း ဦးစံမြ၏မြေးဦးက ခင်မှုံထံသို့ လှည့်နေပြန်သည်။

ယက္ခတာတေမှာ အိမ်မှာ အမြဲမနေသည်ကတစ်ကြောင်း၊ ထောင်ထဲ ဝင်ရပြန်လျှင်လည်း နှစ် လအထိ ကြာတတ်သဖြင့် အရွယ် ကလေးလည်းရှိ၊ ရုပ်ရည်ကလေးလည်း အသင့်အတင့်ရှိသော ခင်မှုံထံ သို့ ခြေဦးလှည့်နေခြင်း ဖြစ်၏။

ယက္ခတာတေမှာ ခင်မှုံအပေါ်မှာ နှစ်နှစ်ကာကာ မရှိလှသော် လည်း ထိုကဲ့သို့ အခြားလူနှင့် ဖောက်ပြန်နေမှန်း သိသောအခါ ယမ်းပုံ မီးကျ ဒေါသပုံ ထနေတော့သည်။

သို့သော်လည်း လက်ဆုပ်လက်ကိုင် မပြနိုင်သေးသောကြောင့် စွပ်စွဲရန်လည်း ခက်နေပြန်သည်။

မိမိဘက်မှ မခိုင်လုံပဲ စွပ်စွဲပြန်လည်း အမှုဆင်၍ ထောင်ချခံရ ပေဦးမည်။

သို့ကြောင့် အခွင့်အရေး သာသည့်အချိန်ကို စောင့်နေသည်။

နောက်တစ်ချက်မှာ. . .

ယက္ခတာတေမှာ ဇေယျမင်းထင်ထံ၌လည်း တပည့်ခံကာ ဝင်ထွက်သွားလာနေရင်းမှ မြဝင်းသူအပေါ်မှာ ကြိတ်၍ သဘောကျနေ ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဇေယျမင်းထင် ရှိနေသမျှတော့ ဘာမှမလုပ်ဝံ့ပေ၊ အကယ်၍ ဇေယျမင်းထင် မရှိတော့လျှင် အားကိုးစရာ မရှိတော့သော မြဝင်းသူကို တစ်နည်းနည်းနှင့် အပိုင်သိမ်းရန် ကြံစည်နေသည်။

ယခု ဇေယျမင်းထင်ထံမှ နာမည်ပါသော ဓါးမြှောင်ကို ငှားရမ်းသော အကြံအစည်မှာ ထိုဓါးမြှောင်ဖြင့် ဦးစံမြကို အလစ်ထိုးသတ်ပြီး တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်အောင် ကြံရွယ်ခြင်းပင် ဖြစ်တော့သည်။

တစ်နေ့ ဇေယျမင်းထင် တောသို့ တက်သွားသောအချိန်တွင် နွားကျောင်းသားကလေးတစ်ယောက် ရောက်လာပြီး စာရွက်ခေါက်တစ်ခု လာပေးသည်။

မြဝင်းသူက ဖတ်ကြည့်လိုက်သောအခါ ယက္ခတာတေ ရေးပေးလိုက်သောစာဖြစ်မှန်း သိရသည်။

"ဆရာကြီး. . .

ကျွန်တော် အကွက်ကောင်းတစ်ချက် တွေ့ထားတယ်၊

နန်းပေါင်းနဲ့ ပေါင်းနက်တောစပ်ကို လိုက်လာခဲ့ပါ"

ယက္ခတာတေ"

ဟူ၍ဖြစ်သည်။

ထိုစာရသည်နှင့် မြနှင်းဝေမှာ အစ်ကိုကြီးအတွက် များစွာစိတ်ပူသွားလေသည်။

ယက္ခတာတေသည် စာတစ်တန် ပေတစ်တန်နှင့် ရေးမှာပုံထောက်လျှင် မကောင်းသော အကြံအစည်တစ်ခု ပြုလုပ်တော့မည်မှာ သေချာလှသည်။

သို့ကြောင့် ဓါးတစ်လက်ကို ယူပြီးနောက် အစ်ကိုဖြစ်သူ ဇေယျ



www.burmeseclassic.com

www.burmeseclassic.com



မင်းထင် သွားရာနောက်သို့ လိုက်သွားလေသည်။

ထိုနေရာသို့ ရောက်သောအခါ ဖေယျမင်းထင်ကို မတွေ့ရ သော်လည်း သေဆုံးနေသော အလောင်းတစ်လောင်းကို တွေ့ရသဖြင့် ထိတ်လန့်သွားသည်။

သေဆုံးနေသူမှာ ပုလိပ်အဝတ်အစားများနှင့် ဖြစ်သော ကြောင့် မိမိအစ်ကိုလက်ချက်ဟု ထင်လိုက်မိသည်။

ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေကြည့်သောအခါ အင် ကြင်းပင်ကြီးအောက်မှာ မြှုပ်ထားသော ဓါးမြှောင်တစ်လက်နှင့် ငွေစက္ကူ (၁၀)ကျပ်တန် အထပ်တစ်ထပ်ကို တွေ့ရသည်။

*ငွေစက္ကူများကို မိုးကာစဖြင့် ပတ်ထားသည်။*

"ပထမတော့ ကျွန်မစိတ်ထဲမှာ အစ်ကိုကြီးက တောခေါင်းကို သတ်ပြီး ငွေတွေ ယူလာတယ်၊ ဒီကိစ္စနောက်ကို လိုက်လာတဲ့ ပုလိပ်နဲ့ ပက်ပင်းတိုးတာနဲ့ ဆက်ပြီးသတ်ခဲ့တယ်လို့ ထင်မိခဲ့တာပါ၊

အခု ဒီရောက်တော့မှ အစ်ကိုကြီး ဓါးမြှောင်ကို ကိုတာတေ ငှားယူသွားတယ်ဆိုတာ သိရတာပါ။

တကယ်တော့ လူသတ်သမားအစစ်က သူပါပဲ၊

သူ မြှုပ်ထားတဲ့ငွေတွေကိုလည်း ကျွန်မ လိုက်ပြပေးပါ့မယ်"

ဟု မြဝင်းသူက ပြောပြတော့မှ ယက္ခတာတေမှာ မငြင်းသာ အောင် ဖြစ်သွားတော့သည်။

"ကဲ. . . ကိုတာတေ ခင်ဗျားဘာပြောချင်သေးလဲ"

"ဟုတ်ပါတယ်. . . တောခေါင်းကို သတ်တာတော့ ငွေလိုချင် လို့ သတ်တာပါ၊ ရာဇဝတ်အုပ်ကတော့ ကျုပ်နောက်ကို ခြေရာခံ လိုက်



www.burmeseclassic.com

www.burmeseclassic.com



လာလို့ ပစ်သတ်လိုက်ရတာပါ"

"မင်းက ငါ့ခါးမြှောင် ငှားသွားပြီး ငါ့ကိုတောင် အမှုပတ်အောင် ကြံစည်သေးတယ်ပေါ့၊ ငါက အစိုးရနဲ့ ပတ်သက်တဲ့လူတွေကို သဘောမကျလို့ ဖီလာဆန့်ကျင် လုပ်ချင်လုပ်မယ်၊ အခုလို ရာဇဝတ်မှုမျိုးတော့ ဘယ်လိုမှ မကျူးလွန်ဘူးကွ. . . မှတ်ထား"

"ကျုပ်မှားပါတယ် ဆရာကြီးရယ်၊ ကျုပ်ကို ကယ်ပေးပါဦးဗျာ"

"ဒီလိုကိစ္စမျိုးကတော့ ငါလည်း ဘာမှ မတတ်နိုင်ဘူး၊ တရားဥပဒေရဲ့အစီအရင်ကို ခံပြီး မင်းထိုက်နဲ့မင်းကံ ရှိတော့ကွာ"

ကျော်စွာလည်း တရားခံကို မိပြီမို့ ပေါင်းနက်ရွာသို့ ပြန်ရန် စီမံရတော့သည်။

"မြဝင်းသူ. . . ရွာလူကြီးကို တဆိတ်ခေါ်ပေးပါ"

ဟု ပြောလိုက်ရာ မြဝင်းသူက အပြင်ထွက်သွားလေသည်။ ထိုအခါမှ ယက္ခတာတေက ဆက်ပြောသည်။

"ကျုပ်ကို လွှတ်ပေးကြပါဗျာ၊ ကျုပ်က လူဆိုးလူမိုက်တစ်ဦးပေမယ့် ကတိသစ္စာတော့ တည်ပါတယ်၊ တစ်ချိန်ကျရင် ခင်ဗျားဆီမှာ လာပြီးအဖမ်းခံပါ့မယ်"

"တရားဥပဒေဆိုတာ ဒီလိုလုပ်လို့ မရဘူးဗျ"

"ကျုပ်လည်း ဒီလောက်တော့ နားလည်ပါတယ်ဗျာ၊ အခုအခါမှာ ဘယ်ဥပဒေမှ အတည်မရှိပါဘူး၊ အစိုးရ ရှိမှ ဥပဒေ ရှိတာပါ၊ ဂျပန်အစိုးရလား အင်္ဂလိပ်အစိုးရလား မသေချာတဲ့ အခုလို ခေတ်ပျက်ကာလမှာ ကျုပ်ကို တစ်ဆိတ်လောက် ချမ်းသာပေးကြပါ၊ ကျုပ်ဘဝပျက်အောင် အခုလိုဘဝမျိုး မရောက်ရောက်အောင် လုပ်ခဲ့တဲ့လူကို



www.burmeseclassic.com

www.burmeseclassic.com



ကလဲ့စားချေပြီးရင် ခင်ဗျားဆီကို ကျုပ်ကိုယ်တိုင် လာပြီးအဖမ်းခံပါ့မယ်”

ဟု ထပ်ကာတလဲလဲ ပြောနေလေသည်။

ထိုအခိုက်မှာပင် ရွာလူကြီးနှင့် ရွာသားအချို့ ရောက်လာကြသည်။

ကျော်စွာက လှည်းစီစဉ်ခိုင်းသဖြင့် ချက်ချင်းစီစဉ်ပေးကြသည်။

ရွာလူကြီးမှာ အခြားမဟုတ်ပေ။

ဦးစံမြက ယက္ခတာတေကို ဖမ်းမိပြီဆိုသောသတင်း ကြားကတည်းက ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ကျော်စွာလိုအပ်သမျှကို အားတက်သရော စီစဉ်ပေးလေသည်။

ယက္ခတာတေကတော့ ဦးစံမြအား မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်နေပြီးမှ. . .

“ကျုပ် အခုလို အဖမ်းခံရတာ ခင်ဗျားကတော့ သိပ်ပြီးဝမ်းသာနေတယ် မဟုတ်လား၊ ဒါမှ ကျုပ်မယားကို လွတ်လွတ်လပ်လပ်ကြီး ကြာခိုလို့ ရတော့မှာပေါ့”

ဟု ပြောလိုက်ရာ ဦးစံမြမှာ လူရှေ့သူရှေ့တွင် ယခုကဲ့သို့ အပြောခံရသဖြင့် ရှက်သွားလေသည်။

“ဟော့. . . တာတေ၊ မင်း ဘယ်စကားမျိုး ပြောတာလဲကွယ်၊ ငါလို သမာဓိနဲ့ နေတဲ့ လူကြီးလူကောင်းတစ်ယောက်က ဒီလိုအလုပ်မျိုးတွေ လုပ်ပါ့မလားကွယ်”

“ဒါကတော့ ခင်ဗျားအသိဆုံးပဲ ဖြစ်မှာပေါ့၊ ကျုပ် ဒီအထိ ရောက်အောင် လုပ်ခဲ့တဲ့ ခင်ဗျားကို ကျုပ် ဘယ်တော့မှ မကြေဘူး၊ ဒီအမှုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးပေးခံရလို့ သေခဲ့ရင်တောင် ခင်ဗျားဆီကို သရဲဘဝနဲ့ အရောက်လာပြီး သတ်ပြမယ်"

ဟု ပြောရာ ဦးစံမြမှာ မျက်စိမျက်နှာ ပျက်သွားလေသည်။

ထို့နောက်. . .

ယက္ခတာတေကို လှည်းဖြင့် ခေါ်သွားရန် အဆင်သင့် ဖြစ်သောအခါ ကျော်စွာက ဇေယျမင်းထင်နှင့် မြဝင်းသူတို့နှစ်ယောက်ကိုပါ ခေါ်ရလေသည်။

"အလုပ်ဝတ္တရားအတိုင်း ဆောင်ရွက်ရတယ်ဆိုပေမယ့် အစိုးရလူတွေနဲ့ ကင်းကင်းနေတဲ့ ဆရာကြီးနဲ့ မြဝင်းသူတို့ကိုတော့ အကူအညီတောင်းရဦးမယ်"

"ပြောပါကွယ့်. . . ကျုပ်တို့က ဒီလောက်လည်း တစ်ယူမသန်ပါဘူး၊ အကူအညီပေးလို့ရတဲ့ကိစ္စမျိုးဆိုရင် ပေးပါ့မယ်"

ဟု လိုက်လိုက်လျောလျော ပြောလေသည်။

"တခြားတော့ မဟုတ်ပါဘူး၊ မြဝင်းသူက ကိုကာတေ မြှုပ်ထားတဲ့ ငွေစက္ကူတွေ ရှိတဲ့နေရာကို တစ်ဆိတ်လောက် လိုက်ပြဖို့နဲ့ ဆရာကြီးက သက်သေအဖြစ်နဲ့ လိုက်ပြပေးဖို့ အကူအညီ တောင်းချင်တာပါ"

ကျော်စွာက ယဉ်ကျေးစွာနှင့် ပြောလိုက်လေရာ ဇေယျမင်းထင်က သဘောတူသည့်အနေနဲ့ ခေါင်းတစ်ချက်ညိတ်လိုက်လေသည်။

"ကျုပ်က အစိုးရဆီမှာ အလုပ်လုပ်တဲ့လူတွေဆိုရင် ထောင့်မကျိုး ဆိုက်မကျချည်း ထင်နေမိတာ၊ မောင့်လို ရည်ရည်မွန်မွန် လူကောင်းတွေလည်း ရှိပေသေးသကိုး၊ အပန်းမကြီးလှပါဘူး၊ မောင်ရင် အကူအညီ တောင်းတဲ့အတိုင်း ကျုပ်တို့မောင်နှမ လိုက်ခဲ့ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရာ ကျော်စွာမှာ များစွာဝမ်းသာသွားလေသည်။ ဝမ်းသာသော အကြောင်းရင်းမှာ တရားခံကို ဖမ်းမိပြီး အမှုကိစ္စအတွက် ပြီးမြောက်အောင်မြင်သည်ကတစ်ကြောင်း၊ သူနှင့်အတူ မြဝင်းသူပါ လိုက်ပါလာသောကြောင့် ဖြစ်သည်။

ညဦးပိုင်းအချိန်တွင် လှည်းနှစ်စီး မြင်းနှစ်ကောင်နှင့် ခရီးထွက်ခဲ့ကြသည်။

လှည်းတစ်စီးပေါ်မှာ ရွာသားတစ်ယောက်နှင့် ယက္ခတာတေက လိုက်ကြပြီး ကျန်တစ်စီးမှာတော့ မြဝင်းသူနှင့် လှည်းသမားနှစ်ယောက် ပါသည်။

မြင်းနှစ်ကောင်ကိုတော့ ဇေယျမင်းထင်နှင့် ကျော်စွာတို့က စီးလာကြသည်။

မြဝင်းသူ ရောက်ခဲ့သော ကညင်ပင်ကြီး ရှိရာသို့ ရောက်သောအခါ သူမ ညွှန်ပြသောနေရာသို့ တူးဖော်ကြသည်။ မိုးကာစဖြင့် ပတ်ထုပ်ထားသော ငွေစက္ကူများကို တွေ့သဖြင့် ရေတွက်ကြည့်ရာ ငွေငါးထောင်အပြည့် ရှိသည်ကို တွေ့ကြရသည်။

တောအုပ်ထဲမှ လူယူထားသောငွေများပင် ဖြစ်သည်။

ထိုနေရာမှ ခရီးဆက်ကြရာ အရုဏ်တက်အချိန်လောက်တွင် ပေါင်းနက်ရွာသို့ ပြန်ရောက်ကြသည်။

ပေါင်းနက်ရွာသို့ ပြန်ရောက်သောအခါ ရွာလူကြီး ဦးတိုးလူက သတင်းထူးတစ်ခုကို ဆီးပြောသည်။

"ဆရာလေး ပြန်ရောက်လာပြီလား၊ တရားခံကော မိခဲ့ပြီလား"

"ဟုတ်ကဲ့. . . မိခဲ့ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေးကို ဝမ်းသာစရာသတင်း ပြောရဦးမယ်ဗျ"

"ဘာများလဲ ဦးတိုးလူ"

"ဘီအိုင်အေစစ်တပ် ချီတက်လာပြီဗျ၊ အခု မြတောင်ဘက်မှာ စခန်းချနေတယ်"

"ဟင်. . . ဟုတ်လား"

"ကျုပ်တို့ ဂျပန်လက်အောက်က လွတ်မြောက်တော့မယ်၊ ဂျပန်တွေကို တိုက်ပစ်ရတော့မယ်"

ဟု အားရပါးရ ပြောပြလေသည်။

ဘီအိုင်အေစစ်တပ် ရောက်လာလျှင် ကျော်စွာတို့၏အလုပ်တာဝန်မှာ ပြီးဆုံးတော့မည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်. . .

ဘီအိုင်အေစစ်တပ်က ၎င်းတို့ ရောက်သောနေရာတိုင်းတွင် လူဆိုးသူခိုးများအား သူတို့ကိုယ်တိုင် သုတ်သင်ရှင်းလင်းနေသောကြောင့်ဖြစ်သည်။

နာမည်ကြီး လူဆိုးခါးပြများ ဖမ်းမိပါက သေနတ်နှင့် ပစ်သတ်သည်သာမက လှံစွပ်နှင့်ပါ ထိုးသတ်သောကြောင့် ၎င်းတို့ ရောက်သောအရပ်ဒေသတွင် လူဆိုးခါးပြများ မသောင်းကျန်းဝံ့ကြပေ။

သို့ကြောင့် ဘီအိုင်အေစစ်တပ် ရောက်သော အရပ်ဒေသမှန်လျှင် ပုလိပ်များအတွက် အလုပ်တာဝန် မရှိတော့ပေ။

နောက်တစ်နေ့ နံနက်စောစောအချိန်တွင် ပေါင်းနက်ရွာမှ ခရီးထွက်ကြသည်။

ပေါင်းနက်ရွာလူကြီး ဦးဘိုးလူ ကျွေးမွေးလိုက်သော ကောက်



www.burmeseclassic.com

www.burmeseclassic.com



ညှင်းပေါင်း၊ ငါးကြော်၊ အမဲခြောက်မီးဖုတ် စသည်တို့ကိုလည်း ဝမ်းပြည့်အောင် စားခဲ့ကြသည်။

ထိုခရီးမှာတော့ လူများများ မပါတော့ပေ။

ကျော်စွာနှင့် ပုလိပ်နှစ်ယောက်၊

ဇေယျမင်းထင်နှင့် မြဝင်းသူတို့ မောင်နှမ၊

လှည်းမောင်းသမားနှစ်ယောက်နှင့် တရားခံ ယက္ခတာတေတို့ပင် ပါတော့သည်။

နေ့မွန်းတည့်ချိန်လောက်တွင် ပေါင်းနက်တောစပ်သို့ ရောက်ကြသည်။

ထိုနေရာမှ သွားလျှင် ထီးချိုင့်ဘက်သို့ သွားသောလမ်းဘက်သို့ ရောက်တော့သည်။

ထိုနေရာ ရောက်သောအခါ လှည်းရောလူပါ ခေတ္တနားကြသည်။ မြင်းနှင့်နွားများကိုတော့ လှည်းသမားနှစ်ယောက်တို့က ရေတိုက်အစာကျွေး လုပ်နေကြသည်။

ပုလိပ်နှစ်ယောက်နှင့် ယက္ခတာတေကတော့ သစ်ပင်တစ်ပင်အောက်မှာ နားကြသည်။

ကျော်စွာ မြဝင်းသူနှင့် ဇေယျမင်းထင်တို့က အခြားမလှမ်းမကမ်းနေရာ၌ နားကြစဉ် ဇေယျမင်းထင်က ပြောလေသည်။

"ဘီအိုင်အေစစ်တပ် ဝင်လာပြီဆိုတော့ ဂျပန်တွေ ပြေးရတော့မှာပေါ့"

"မှန်ပါတယ် ဆရာကြီး"

"စစ်တပ်ဝင်လာရင်တော့ မောင်ရင်တို့ ပုလိပ်တွေ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိတော့မယ် မထင်ဘူး"

"သူတို့က တိုက်ရိုက်အုပ်ချုပ်မှာဆိုတော့ ကျွန်တော်တို့ နားကြရဦးမှာပေါ့"

"ကောင်းပါတယ်. . . မောင်ကျော်စွာတို့လို အရည်အချင်းရှိတဲ့ လူငယ်လူရွယ်တွေအတွက်ကတော့ အခြားသူဝန်ထမ်း လုပ်မယ့်အစား ကိုယ်ပိုင်လုပ်ငန်းတွေကိုပဲ လုပ်ဖို့ အကောင်းဆုံးပေါ့"

ဖေယျမင်းထင်က ၎င်းကိုယ်တိုင်က အစိုးရအလုပ်ကို မနှစ်မြို့သူတစ်ဦးဖြစ်သဖြင့် အခွင့်သာခိုက် ၎င်း၏ဆန္ဒကို ပြောပြလေသည်။

"ကျွန်တော်လည်း စိတ်ကူးတော့ ရှိပါတယ်၊ မိဘတွေဆီမှာ ခွင့်တောင်းပြီး လုပ်တန်လုပ်ရမှာပဲ၊ ဒါမှမဟုတ် ကျွန်တော့်မိဘတွေရဲ့ လက်ငုတ်လက်ရင်းလုပ်ငန်းဖြစ်တဲ့ သစ်လုပ်ငန်းမှာပဲ ဝင်လုပ်တန်လုပ်ဖို့ စိတ်ကူးထားပါတယ်"

"ကောင်းတာပေါ့ကွယ်. . . ဒါ့ထက် မောင်ကျော်စွာက အခုအသက်အရွယ်အထိ အိမ်ထောင်ရက်သား မရှိသေးဘူးပေါ့"

"မရှိသေးပါဘူး. . . တက္ကသိုလ်က ထွက်တာနဲ့ အလုပ်ထဲ တန်းဝင်၊ အလုပ်ထဲ ရောက်ပြန်တော့ တာဝန်တွေက ပိနဲ့ အိမ်ထောင်ရေးအတွက် စိတ်ကူးချိန်ကို မရသေးပါဘူး ဆရာကြီးရယ်"

ကျော်စွာပြောနေသော စကားများကို မလှမ်းမကမ်းမှာ ထိုင်နေသော မြဝင်းသူက မသိမသာ နားစွင့်နေလေသည်။

ကျော်စွာက စကားပြောရင်း တစ်ချက်လှမ်းကြည့်လိုက်သောအခါ ခေါင်းငုံ့သွားလေသည်။

"ကျုပ် မောင်ကျော်စွာကို တစ်ခုပြောချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ပြောပါ ဆရာကြီး"

"တခြားတော့ မဟုတ်ပါဘူး၊ အခု ဘီအိုင်အေစစ်တပ်က လည်း ချီတက်လာပြီဆိုတော့ ဂျပန်တွေ ပြေးရတော့မယ်၊ မောင်ကျော် စွာတို့က ဂျပန်လက်အောက်က အမှုထမ်းတွေဆိုတော့ ဂျပန်ပြေးရင် တာဝန်မရှိတော့ဘူး မဟုတ်လား"

"မှန်ပါတယ်"

"အခု တာတေကို ဖမ်းသွားပြီးရင် ဟိုရောက်တာနဲ့ ဘီအိုင်အေ စစ်တပ်လက်ထဲကို အပ်လိုက်တာနဲ့ ချက်ချင်းသတ်ပစ်လိုက်ကြမှာပဲ"

ကျော်စွာမှာ ယခုအချိန်အထိ ဇေယျမင်းထင်၏ စကား အဓိပ္ပါယ် ဦးတည်ချက်ကို သဘောမပေါက်သေးပေ။

"ဒီလိုအသတ်ခံရမယ့် အတူတူတော့ ကျုပ် တာတေကို ပြန် လွှတ်ပေးလိုက်ချင်တယ်"

"ဗျာ. . ."

မမျှော်လင့်သော စကားကို ကြားရသဖြင့် ကျော်စွာမှာ များစွာ အံ့သြသွားလေသည်။

"အစိုးရ ပြောင်းပေမယ့် ဥပဒေက ပြောင်းတာမှ မဟုတ်တာ ဆရာကြီးရယ်၊ သူက လူနှစ်ယောက်ကို ရက်ရက်စက်စက် သတ်ခဲ့တာ ဆိုတော့. . ."

"တာတေအကြောင်းကို ကျုပ်ကောင်းကောင်းသိပါတယ်၊ သူက မဆိုးချင်ပဲဆိုး၊ မမိုက်ချင်ပဲ မိုက်နေရတဲ့သူပါ၊ တောခေါင်းကို ဘာကြောင့် သတ်ရသလဲဆိုတာ ကျုပ်သိတယ်၊ တခြားကြောင့်မဟုတ် ဘူး၊ သူ့နှမလေးကို ဖျက်ဆီးပြီး မယူပဲ ပစ်ထားခဲ့လို့ သတ်လိုက်တာ"

www.burmeseclassic.com



"ဟင်. . . ဒါဖြင့် ရာဇဝတ်အုပ် ကိုဘခင်ကို သတ်လိုက်တာက ရော ဘယ်လိုကြောင့်လဲ"

"သူ့နောက်ကို ခြေရာကောက်မိပြီး လိုက်လာလို့ ပစ်သတ်ခဲ့ တာ ဖြစ်မှာပါ"

"ဒါပေမယ့် ဘယ်လိုကြောင့်ပဲသတ်သတ် လူသတ်မှုကတော့ လူသတ်မှုပါပဲ၊ ဒါထက် ဆရာကြီးက သူ့ကို ဘာကြောင့် လွှတ်ပေးချင် တာလဲ"

"ကျုပ်တို့က အခု ဖမ်းသွားပြီး ဘီအိုင်အေစစ်တပ်လက်ကို အပ်လိုက်ရင်လည်း ချက်ချင်းအသတ်ခံရမှာပဲ၊ အခု လွှတ်ပေးလိုက်ရင် လည်း တစ်နေ့ကျရင် သူ့ထိုက်နဲ့သူ့ကံ သေမှာ မုချပါပဲ၊ ဒါပေမယ့် မသေခင် သူ့ရင်ထဲက အာဃာတ တရားလေးကိုတော့ ချေသွားခွင့် ရတာပေါ့ကွယ်"

"သူက ဘယ်လိုအာဃာတတွေ ရှိနေလို့လဲ"

"နန်းပေါင်းရွာသူကြီး စံမြက သူ့မိန်းမကို မရ,ရအောင် ကြံ စည်နေတယ်၊ ဒါကို တာတေက ရိပ်မိတယ်၊ ဒါကြောင့် ဒီလူယုတ်မာကို သတ်ဖို့ ကြံစည်နေရင်းက အခုလို အဖမ်းခံရတာပါ၊ ဒီတော့ သူ့ကို လွှတ်ပေးလိုက်ပါ၊

မသေခင် သူ့ရင်ထဲက အာဃာတ တရားတွေကို ချေခွင့်ပေး လိုက်ပါ မောင်ကျော်စွာရယ်"

ထိုသို့ တောင်းပန်ပြောဆိုသောအခါ ကျော်စွာမှာ ချီတုံချတုံ ဖြစ်နေလေသည်။

ယက္ခတာတေကို ဖမ်းစဉ်က ဝတ္တုရားအရ ဖမ်းခဲ့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ယခု မိမိတာဝန်မရှိသောအချိန်တွင် မည်ကဲ့သို့ ပြုလုပ်ရမှန်း မသိအောင် ရှိတော့သည်။

ထိုအခါ မြဝင်းသူကပါ ဝင်ပြောပြန်သည်။

"အခုနေ အစ်ကိုက သူ့ကို လွှတ်ပေးလိုက်တာနဲ့ သူ့ရင်ထဲက ရန်ငြိုးထားတဲ့အတိုင်း လုပ်မှာပဲ၊ အဲဒီလို လုပ်ပြီးလို့ ရှိရင် လာပြီးအဖမ်းခံပါဆိုလည်း အဖမ်းခံမှာပါပဲ၊

ကိုယ့်ကိုယ်ကို သတ်သေလိုက်လို့ ပြောရင်လည်း သတ်သေဖို့ ဝန်လေးမယ့်လူ မဟုတ်ပါဘူး"

ထိုစကားကြားသောအခါ ကျော်စွာမှာ အတန်ကြာအောင် စဉ်းစားပြီးနောက် ဇေယျမင်းထင်၏တောင်းဆိုမှုကို သဘောတူလိုက်လေသည်။

ထို့နောက် ပုလိပ်နှစ်ယောက်နှင့် လှည်းတစ်စီးကို ထိးချိုင့်ဂါတ်တဲကို အရင်ပြန်လွှတ်လိုက်ကာ ယက္ခတာတေကို ခေါ်ထားလိုက်သည်။

အတန်ကြာသောအခါမှ လှည်းကို အခြားနေရာသို့ မောင်းလာခဲ့ပြီး တောတွင်းတစ်နေရာ၌ ရပ်တန့်စေသည်။

ထိုနေရာ ရောက်သောအခါ ကျော်စွာက ယက္ခတာဇောတို့ လက်ထိပ်ဖြုတ်ပေးလိုက်သည်။

"ခင်ဗျား သွားလိုရာ သွားပေတော့"

"ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ဆရာကြီးနဲ့ ဆရာတို့ရဲ့ ကျေးဇူးကို ကျုပ် ဘယ်ဘဝရောက်ရောက် ပြန်ဆပ်ပါ့မယ်လို့ ကတိပေးခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝမ်းသာသောအသံဖြင့် ပြောဆိုကာ ဇေယျမင်းထင်နှင့် ကျော်စွာတို့ကို ထိုင်ကန်တော့ပြီးနောက် တောထဲသို့ ဝင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

# အမှောင်ထဲက ခေါင်းပြတ်ဆွဲလာသူ

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက် ယက္ခတာတော သတင်းမှာ အစအနမှပင် မကြားရတော့ပေ။

ပေါင်းနက်ရွာလူကြီးနှင့် ရွာသားများက ထီးချိုင့်သို့ တစ်ပါ တည်း ခေါ်ဆောင်သွားကြပြီဟု ထင်နေကြသည်။

ပေါင်းနက်ရွာသားများကလည်း ယက္ခတာတောနှင့် ပတ်သတ် ၍ အမျိုးမျိုး ပြောဆိုနေကြသည်။

"ယက္ခတာတောကို ပုလိပ်တွေက ဖမ်းသွားပြီး ဘီအိုင်အေ

www.burmeseclassic.com

www.burmeseclassic.com



စစ်တပ်လက်ထဲ တစ်ခါတည်း အပ်လိုက်တယ်လို့ သတင်းကြားရတယ်"

"ဘာပဲဖြစ်ဖြစ် တာတေတစ်ယောက်တော့ သနားစရာပါပဲ"

"ဘာများ သနားစရာ ရှိလို့လဲအေ၊ တာတေက လူဆိုးတစ်ယောက်မှ မဟုတ်တာ၊ ပတ်ဝန်းကျင်ကြောင့် ဆိုးနေရတာ မဟုတ်လား"

"အင်း. . . ဟုတ်တော့လည်း ဟုတ်တယ်၊ အခုတောင် သူ့မိန်းမ ခင်မှုံနဲ့ သူကြီးဦးစံမြနဲ့က ဘာလိုလို သတင်းထွက်နေတယ်"

"သတင်းထွက်ရုံ ဘယ်ကပါ့မလဲအေ၊ တာတေ အဖမ်းမခံရခင်ကတည်းက သူတို့ချင်းက အဆက်အသွယ် ရှိနေတော့ အခုတော့ ပိုပြီးလွတ်လပ်သွားတာပေါ့"

"ဒီအကြောင်းတွေကို တာတေဇာ မသိဘူးလား"

"မသိဘဲ ရှိပါ့မလားအေ၊ သူ့မိန်းမကို ကြာခိုတဲ့လူက အားလုံးကြောက်နေရတဲ့ သူကြီးမို့ မပြောဘဲ နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒီအတိုင်းဆိုရင်တော့ တာတေက အခဲကြေမှာ မဟုတ်ဘူး၊ တော်ကြာ သေရွာကနေ သရဲဘဝနဲ့ ထလာပြီး ကလဲ့စားချေမှာတောင်စိုးနေရသေးတယ်"

"ဟဲ့. . . စကားပြောတာ ဆင်ဆင်ခြင်ခြင် ပြောကြဟဲ့၊ တော်ကြာ သူကြီးကြားသွားလို့ ဖမ်းပြီး ထိပ်တုံးခတ်တာ ခံနေရဦးမယ်"

ဟု အချင်းချင်း ပြောဆိုနေကြလေသည်။

ယက္ခတာတေမှာ ခင်မှုံနှင့် အိမ်ထောင်ကျခဲ့ပြီးနောက် အလုပ်ကို လက်ကြောတင်းအောင် မလုပ်ရုံမကပဲ ဖဲရိုက် အရက်သောက်နှင့် ဆိုးခိုးတိုက်ခိုက်မှုများဖြင့်သာ နေလေ့ရှိသည်။

ခင်မှုံနှင့် အိမ်ထောင်ကျပြီးနောက်ပိုင်းမှာပင် ကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျခဲ့လေသည်။

ယခင်ကတော့ ခင်မှုံခမျာ လင်ဆိုးမယား တဖားဖား ဆိုသလို တာတေ အမှုတစ်ခုဖြစ်တိုင်း မျက်ရည်ကလေးစမ်းစမ်းဖြင့် ရုံး၊ ဂါတ် စသည်တို့ကို လိုက်ရလေသည်။

တရားသူကြီး၊ ရှေ့နေ၊ ရုံးစာရေးမှအစ ဂါတ်တဲမှ ဌာနအုပ် ပုလိပ်များပါမကျန် ခြေသလုံးဖက်လုမတတ် တောင်းပန်ပြောဆိုခဲ့ရသည်။

အမှုထင်ရှား၍ ထောင်ကျသွားသောအခါများမှာလည်း တငိုငို တရှိုရှိုနှင့် ကျန်ရစ်ခဲ့လေသည်။

ယခုနောက်ပိုင်း ရောက်လာတော့ ထိုသို့မဟုတ်တော့ပေ၊

အမှုဖြစ်၍ ရုံးဂါတ်သို့ လာရောက်သည့်တိုင် ယခင်ကလောက် အမူအယာ မပျက်လှတော့ပေ။

ငိုခြင်းရယ်ခြင်းလည်း မရှိတော့ပေ။

ယောက်ျားဖြစ်သူ ထောင်ထဲ ရောက်နေရသဖြင့် စိတ် မကောင်းသော အမူအယာလောက်သာ ရှိတော့သည်။

ရုံးချိန်းရှိသည့်နေ့များတွင် ခင်မှုံ လာသည့်အခါ သူကြီးအိမ်မှာ အလုပ်လုပ်နေသော လှည်းသမားက လိုက်ပို့ပေးသည်ကို တွေ့တော့မှ တာတေမှာ ခင်မှုံအပေါ် သင်္ကာမကင်း ရှိလာလေတော့သည်။

တာတေ အမှုစစ်မည့်နေ့ ရုံးထုတ်လာသောအခါ ခင်မှုံ ရောက် လာပြီး အစားအသောက်ကလေးများ ဝတ္တရားမပျက် လာပို့ပေးရုံမှတပြီး ပူဆွေးသောကရောက်နေသော အမူအယာမျိုး သိပ်မတွေ့ရတော့ပေ။

ထိုအခြေအနေကို ရိပ်မိသောအခါ တာတေမှာ မိမိမယား



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုံအပေါ် မသက်ာဖြစ်ရုံမက ဒေါသလည်း ဖြစ်မိလေသည်။

ယခင်က လင်ယောက်ျား အမှုဖြစ်တိုင်း တပိန်ပိန် တလိန်လိန် ဖြစ်နေလေ့ရှိသော ခင်မှုံမှာ ယခု တာတေ ထောင်ထဲ ရောက်နေသည့်တိုင် စိုစိုပြေပြေ ဝဝဖြိုးဖြိုးနှင့် တွေ့ရသောအခါ ပို၍မသက်ာ ဖြစ်မိလေသည်။

တာတေ ထောင်ကျနေစဉ်မှာ မိမိရွာဘက်မှ အမှုဖြစ်၍ ထောင်ကျလာသောသူများနှင့် တွေ့လျှင် ခင်မှုံအကြောင်းကို မေးမြန်းကြည့်ရသည်။

"ခင်မှုံတစ်ယောက်ရော နေထိုင်ကောင်းရဲ့လားကွာ၊ ငါမရှိတော့ အစားအသောက် အနေအထိုင် အဆင်မှ ပြေရဲ့လား"

ထိုလူက တာတေကို စိတ်မကောင်းသောမျက်နှာဖြင့် ကြည့်နေလေသည်။

"ဘာဖြစ်လို့လဲကွ"

"ငါက မင်းကို ကြည့်ပြီး သနားနေလို့ပါ"

"ဘာသနားတာလဲ. . . ငါ ထောင်ထဲ ရောက်နေတာကို သနားနေတာလား"

"မဟုတ်ပါဘူးကွာ. . . မင်းကတော့ ထောင်ထဲ ရောက်တဲ့ အထိ သားမယားကို ရှာဖွေကျွေးမွေးခဲ့တယ်၊ အခု မင်း ထောင်ထဲ ရောက်နေတဲ့အချိန်မှာ မင်းမိန်းမကတော့. . ."

ထိုလူက ဆက်မပြောတော့ပေ။

"ငါ့မိန်းမ ခင်မှုံ ဘာဖြစ်လို့လဲကွ. . . ပြောပါဦး"

"ငါပြောလိုက်ရင် မင်းစိတ်မကောင်းဖြစ်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောသာ ပြောပါကွာ"

"တခြားတော့ မဟုတ်ပါဘူး၊ မင်းမရှိတဲ့အချိန်တွေမှာ မင်းမိန်းမကို သူကြီးစံမြကကောင်းကောင်းစောင့်ရှောက်ပေးထားတယ်ဟေ့"

"ရှင်းရှင်းပြောစမ်းပါကွာ၊ ဘယ်လိုစောင့်ရှောက်ထားတာလဲ"

"မင်းကလဲ အ,လိုက်တာကွာ၊ စောင့်ရှောက်ထားတယ်ဆိုတာ မင်းမရှိတုန်း မင်းမိန်းမကို အပိုင်သိမ်းထားတယ်လို့ ပြောတာကွာ"

ထိုစကားကြားသောအခါ တာတေရင်ထဲမှာ ဒေါသစိတ်များက တလိပ်လိပ် တက်လာလေသည်။

သစ္စာမရှိသော မိန်းမအပေါ်မှာလည်း နာကြည်းမိသည်။ သို့ကြောင့် နှစ်စေ့၍ ထောင်မှ ထွက်သွားသောအခါ မသိဟန်ဆောင်၍ တစေ့တစောင်း အကဲခတ်ကြည့်သည်။ ငှက်ကြီးတောင်ဓါးကို မြနေအောင် သွေးကာ အဆင်သင့် ဆောင်ထားလေသည်။

သို့သော်လည်း ခင်မှုံက အနေအထိုင် ပါးနပ်လိမ္မာသည်။

တာတေ ရှိနေသည့်အချိန်မှာ တစ်စက်ကလေးမှ ဟန်အမူအယာ မပျက်ဘဲ နေနိုင်သည်။

သို့ကြောင့် ဘယ်လိုမှ ဖမ်းမမိပေ။

ခင်မှုံက ဟန်ဆောင်ကောင်းသဖြင့် တာတေစိတ်ထဲမှာ အတွေးတစ်မျိုးပင် ဝင်လာမိသည်။

ထောင်ထဲမှာ တွေ့သူ ပြောလိုက်သော စကားများမှာ ဖုတ်မှ ဟုတ်ပါ့မလားဟု ထင်မိသည်။

နောက်ပိုင်းရောက်လာတော့ တာတေအိမ်မှာ အမြဲမနေနိုင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုများကို လုပ်ကိုင်ရပြန်လေသည်။

ထိုအတောအတွင်းမှာပင် ယခုကဲ့သို့ လူသတ်မှုဖြင့် ထပ်မံအဖမ်းခံရခြင်းဖြစ်သည်။

တာတေမှာ ကလဲ့စားချေလိုသူကို ကလဲ့စားမချေရခင်မှာ အဖမ်းခံရသဖြင့် စိတ်မကောင်း ဖြစ်နေစဉ်မှာ ကံအားလျော်စွာ ပြန်လည်လွတ်မြောက်သွားခဲ့လေသည်။

ထိုအကြောင်းကိုတော့ ခင်မှုံနှင့်သူကြီး ဦးစံမြတို့က လုံးဝမသိကြတော့ပေ။

သူတို့နှစ်ယောက်ကတော့ တာတေတစ်ယောက် ဘီအိုင်အေ တပ်မှ သတ်ပစ်လိုက်သဖြင့် သေပြီဟုသာ သိထားကြလေသည်။သို့ကြောင့် နှစ်ယောက်စလုံး အပျော်ကြီး ပျော်နေကြသည်။ ဦးစံမြမှာ တရားဝင် ယူထားသော မိန်းမနှစ်ယောက်အပြင် တရားမဝင် ယူထားသောမိန်းမတွေလည်း ရှိသည်။

၎င်း၏အိမ်ကြီးမှာ နန်းပေါင်းရွာတွင် ရှိပြီး နှစ်ဆောင်ပြိုင်အိမ်ကြီးဖြစ်သည်။

မယားကြီးနှစ်ယောက်ကို အိမ်ကြီးပေါ်မှာ တစ်ဆောင်စီ ပေးထားပြီး မယားငယ်များကိုတော့ ခြံဝန်းကျယ်ကြီးအတွင်း၌ အိမ်ငယ်ကလေးများ ဆောက်ပေးထားသည်။

အချို့မယားငယ်များကိုတော့ ရွာထဲမှာ ထားလေသည်။

ဦးစံမြမှာ အင်္ဂလိပ်လက်ထက်မှာလည်း အင်္ဂလိပ် အလိုတော်ရိများနှင့် သင့်တင့်အောင် ပေါင်းပြီး ဂျပန်ခေတ် ရောက်သောအခါမှာလည်း ဂျပန်စကားပြန်များနှင့် အဆင်ပြေအောင် ပေါင်းသဖြင့် ယခုကဲ့

www.burmeseclassic.com



သို့ ခေတ်အဆက်ဆက် သူကြီးရာထူး တည်မြဲနေခြင်း ဖြစ်ပေသည်။

၎င်းရာထူး တည်မြဲဖို့ဆိုလျှင် အလိုတော်ရိများ စကားပြန်များ အလိုရှိပါက ရွှေငွေအပြင် မိန်းကလေးများကိုပါ ဆက်သပေးလေ သည်။

အချို့မိန်းကလေးများမှာ ၎င်း၏အာဏာစက်ကို မလွန်ဆန်ဝံ့ သဖြင့် ပန်းကောင်းအညွှန့်ချိုး ခံကြရသည်။

မိဘမောင်ဘွားများက မကျေနပ်၍ ဆူပူသောင်းကျန်းလျှင် တစ်နေ့မဟုတ်တစ်နေ့ အပြစ်တစ်ခုခု ပေါ်လာပြီး ဒုက္ခရောက်ကြရ သည်။

သို့ကြောင့်လည်း မကျေနပ်ကြသော်လည်း ကြိတ်မှိတ်ခံနေကြ ရလေသည်။

ယခုလည်း ဦးစံမြသည် စားနေကျ ကြောင်ဖားပမာ ယက္ခ တာတေ မရှိတော့ဟု သတင်းကြားရသည်နှင့် ခင်မှုံထံသို့ ရောက်လာ တော့သည်။

"ဘယ်လိုလဲ မှုံလေး. . . ဝမ်းမသာဘူးလား"

"ဘာကို ဝမ်းသာရမှာလဲ အစ်ကိုကြီးရဲ့"

"အရင်ကတော့ ယက္ခတာတေက ရှိနေတော့ သူ့ကို ကြောက် နေရတာနဲ့ လွတ်လွတ်လပ်လပ် မနေရဘူး၊ အခု သူ မရှိတော့ဘူးဆိုမှ တော့ အစ်ကိုကြီးတို့နှစ်ယောက် အေးအေးဆေးဆေး နေကြရတော့ မယ်၊ ဒါကြောင့် ဝမ်းမသာဘူးလားလို့ မေးတာ"

ဦးစံမြက သနပ်ခါးရေကျဲ လိမ်းပြီး လှလှပပ ပြင်ဆင်ထား သော ခင်မှုံကိုယ်ကလေးကို ဖက်ထားရင်း မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာတာပေါ့ အစ်ကိုကြီးရယ်၊ ကျွန်မက သူ့ရှိတုန်းက လည်း သူ့ကိုသာ လင်လုပ်နေရပေမယ့် တစ်စက်ကလေးမှ အားကိုးရတာ မဟုတ်တာ၊ အစ်ကိုကြီး ကျွေးမွေးစောင့်ရှောက်ထားလို့သာ အခုလို နေရတာလေ၊ ဒါကြောင့် အစ်ကိုကြီးကိုပဲ အားကိုးနေရတာပေါ့"

"ဒီလိုမှပေါ့"

"ဒါထက် ကိုတာတေ သေသွားပြီဆိုတာ တကယ်ပဲလားဟင်"

"တကယ်ပေါ့. . . သတင်းကြားတဲ့လူက အစ်ကိုကြီးဆီကို လာပြောသွားပြီးပြီ၊ တကယ်လို့ အသက်မသေသေးဘူးဆိုရင်တောင် လူသတ်မှု နှစ်မှုနဲ့ ဒီတစ်သက်တော့ ထောင်ကနေ လွတ်ရက်ရှိတော့မှာ မဟုတ်ဘူး၊

သူသတ်လိုက်တဲ့ နှစ်ယောက်စလုံးကလည်း အစိုးရ လူတွေချည်းပဲ၊ ဒီတော့ ဘယ်နည်းနဲ့မှ လွတ်လမ်းမရှိတော့ပါဘူး၊ ဘာလဲ. . . မွှံလေးက သူ့အတွက် စိတ်မကောင်း ဖြစ်နေသေးလို့လား"

"မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ စိတ်ထဲမှာ တစ်ခုခု စိုးရိမ်နေသလိုမို့ မေးကြည့်တာပါ"

"ကဲပါကွယ်. . . ဒီအကြောင်းတွေ တွေးမနေပါနဲ့တော့၊ ရောက်တုန်းရောက်ခိုက် ပျော်ပျော်ကြီး နေစမ်းပါရစေ"

ဟု ပြောဆိုကာ ခင်မွှံကိုယ်ကလေးကို ဖက်ကာ အခန်းထဲသို့ ခေါ်သွားလေသည်။

အချိန်မှာ ညဦးပိုင်းအချိန် ရှိသေးသော်လည်း အစ်ရွာလုံး မည်းမှောင်လျက်ရှိသည်။

ထိုအချိန်မှာ အဝေးဆီမှ ခွေးအူသံတစ်ချက် ပေါ်ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခဏကြာသောအခါ ခင်မှုံနေသောတဲဝသို့ မည်းမည်းသဏ္ဍာန်တစ်ခု ရောက်လာသည်။

၎င်းမှာ မြနေအောင် သွေးထားသော ငှက်ကြီးတောင်ဓားကို ဆုပ်ကိုင်ထားသော ယက္ခတာတေပင်ဖြစ်သည်။

သူသည် ဒေါသအရှိန်ကြောင့် မျက်နှာတစ်ခုလုံး ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ပြောင်းလဲနေပြီး မေးကြောကြီးများ ထောင်ထနေအောင် အံကြိတ်ထားလေသည်။

သူသည် တဲနောက်ဘက်မှ အိမ်ပေါ်သို့ တက်သွားလေသည်။

တဲ၏အလယ်တိုင်နေရာတွင် ရေနံဆီမီးအိမ်တစ်လုံးကို ခပ်မှိန်မှိန် ထွန်းထားသည်။

အခန်းထဲမှာတော့ ဦးစံမြနှင့် ခင်မှုံတို့မှာ ရမ္မက်ဇာနှင့် နစ်မျောနေကြသဖြင့် အိမ်ပေါ် တက်လာသော ခြေသံကို သတိမပြုမိလိုက်ကြပေ။

မီးရောင်ဖြင့် အိပ်ခန်းထဲသို့ အရိပ်မည်းကြီး ထိုးကျလာတော့မှ အလန့်တကြား ထကြလေသည်။

"ဘယ်သူလဲကွ"

ဦးစံမြက လှမ်းမေးရာ တာတေက မီးအိမ်ကို မြှင့်တင်လိုက်တော့မှ မျက်နှာကို မြင်ကြရသည်။

"ဟင်. . . တာ. . တာတေ"

ငှက်ကြီးတောင်ဓားကြီး ကိုင်ထားသော တာတေကို မြင်သောအခါ နှစ်ယောက်စလုံး များစွာကြောက်ရွံ့တုန်လှုပ်သွားကြလေသည်။

"ဘယ့်နှယ့်လဲ. . . သူများမယား အချောင်နိုက်ချင်တဲ့လူ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



တော့ လက်ပူးလက်ကြပ် မိပြီမဟုတ်လား”

“ငါ မှားပါပြီ တာတေရယ်. . . ချမ်းသာပေးပါကွာ”

အသံတုန်တုန်ယင်ယင်နှင့် တောင်းပန်သည်။

“လင်ကြီးရှိနေပါရက်နဲ့ လင်ငယ်နေချင်တဲ့မိန်းမရော ဘာပြောချင်သေးသလဲ”

“ကျ. . . ကျွန်မ မှားပါပြီ၊ နောက်ပြီး ကျွန်မသဘော ပါလို့ အခုလို လုပ်ရတာ မဟုတ်ပါဘူး၊ ကိုတာတေ မရှိတုန်း သူ့ကို ကြောက်လို့သာ လက်ခံရတာပါ၊ ကျွန်မတို့ ငယ်လင် ငယ်မယားဘဝက အကြောင်းကလေးတွေကို ထောက်ထားပြီး ကျွန်မကို ချမ်းသာပေးပါ ကိုတာတေရယ်”

ဟု ပြောက တာတေ၏ခြေသလုံး ဖက်ကာ တောင်းပန်လေသည်။ သို့သော် ဒေါသအိုး ပေါက်ကွဲနေသော တာတေက ခွင့်မလွှတ်တော့ပေ။

“နင့်လို သစ္စာမရှိတဲ့မိန်းမမျိုးကို လူ့ပြည်မှာ ဆက်ထားရင် အန္တရာယ် များလှပါတယ်၊ နင်နဲ့ ထိုက်တဲ့လမ်း သွားပေတော့”

ဟု ပြောကာ ခင်မှူးဆံပင်ကို ဆောင့်ဆွဲလိုက်ရာ ခေါင်းမော့လာသည်နှင့် ဓါးဖြင့် ပိုင်းချလိုက်ရာ တိကနဲ ပြတ်ကျသွားလေသည်။ ခင်မှူးမှာ ခေါင်းတခြား ကိုယ်တစ်ခြား ဖြစ်သွားသော်လည်း မျက်လုံးက မမှိတ်သေးပဲ တာတေကို မျက်လုံးပြူးကြီးနှင့် ကြည့်နေသေးသည်။

ခေါင်းပြတ်သွားသော လည်တိုင်မှ သွေးများက အပေါ်သို့ ပန်းတက်လေရာ အခန်းတစ်ခုလုံး နီရဲသွားလေတော့သည်။

ယက္ခတာတေက ခင်မှူး၏ခေါင်းပြတ်ကြီးကို လက်တစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလျက် တစ်ဖက်မှ သွေးစွန်းနေသော ငှက်ကြီးတောင်ခါးကြီးကို ကိုင်ကာ ဦးစံမြ ရှိရာသို့ တိုးသွားလေသည်။

ဦးစံမြမှာ ပြေးပေါက်မရှိတော့ပေ။

"တာတေ မင်းမှားမယ်နော်၊ ငါ့ကိုတော့ အသက်ချမ်းသာပေးပါကွာ"

ဟု ကြောက်လန့်တကြား တောင်းပန်လေသည်။

"ခင်ဗျားလို လူယုတ်မာမျိုး ထားရင် ဆန်ကုန်မြေလေးပါတယ် သွားပေတော့"

ဟု ပြောကာ အပေါ်မှ မိုး၍ ခုတ်ချလိုက်ရာ ခေါင်းမှာ ခေါင်းမှာ အုန်းသီးကို ခွဲချလိုက်သကဲ့သို့ ဖြစ်ကာ ကြမ်းပေါ်သို့ လဲကျသွားလေတော့သည်။

ထို့နောက်. . .

တာတေသည် ကြမ်းပြင်ပေါ်သို့ လဲကျနေသော ဦးစံမြနှင့် ခင်မုံတို့နှစ်ယောက် ကိုယ်ပေါ်သို့ ငှက်ကြီးတောင်ဓားဖြင့် အပိုင်းပိုင်း အတစ်တစ်ဖြစ်အောင် စိတ်ရှိလက်ရှိ ခုတ်လေတော့သည်။

"ကဲကွာ. . . ကဲကွာ"

"လူယုတ်မာတွေ မိန်းမယုတ်တွေ သေကြစမ်းဟ"

ကြောက်မက်ဖွယ် အသံကြီးဖြင့် အော်ပြောကာ တဒုန်းဒုန်း ခုတ်နေသော အသံများကို အိမ်နီးချင်းများက ကြားသဖြင့် မီးတုတ်များ ကိုင်ကာ အပြင်ထွက်လာကြသည်။

အိမ်ထဲမှာတော့ အသားတစ် အသားပိုင်းများက မြေမကောင်း အောင် ပြန့်ကြဲနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တာတေ တစ်ကိုယ်လုံးမှာလည်း သွေးများဖြင့် ရဲရဲနီနေချေပြီ။

ရွာသားများမှာလည်း တဲရှေ့ ရောက်လာကြသော်လည်း အိမ်ထဲမှာ ဘာဖြစ်နေမှန်း မသိသောကြောင့် မဝင်ဝံ့ကြပေ။ အတန်ကြာသောအခါ အသံများ ငြိမ်ကျသွားသည်။

တဆက်တည်း ကြမ်းပေါ်မှာ ခြေသံပြင်းပြင်းနှင့် နင်းထွက်လာသောအသံကို ကြားရပြီး တဲပေါ်မှ လူတစ်ယောက် ဆင်းလာသည်။

"ဟာ. . ."

"ဟင်. . ."

"အမယ်လေး. . ."

"ဟဲ့. . ဟဲ့. . . လုပ်ကြပါဦး၊ တာတေလက်ထဲမှာ ခေါင်းပြတ်ကြီး ပါလာတယ်"

မလှမ်းမကမ်းမှာ ကြည့်နေကြသော ရွာသားများက တစ်ယောက်တစ်မျိုး ဝိုင်းအော်ကြသည်။

တာတေကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ပဲ ခင်မှုံ၏ခေါင်းပြတ်ကြီးကို လက်တစ်ဖက်ကိုင် ကျန်တစ်ဖက်က ငှက်ကြီးတောင်ဓါးကြီးကို ကိုင်ကာ တဲပေါ်မှ အောက်သို့ ဆင်းလာသည်။

"မဆိုင်တဲ့လူတွေ မကပ်ကြနဲ့. . . ခေါင်းပြတ်သွားမယ်"

ဟု အသံနက်ကြီးဖြင့် လှမ်းအော်လိုက်ရာ စောစောက ကြောက်ရွံ့တုန်လှုပ်နေကြသော ရွာသားများမှာ ဘေးလွတ်ရာသို့ ထွက်ပြေးကြလေတော့သည်။

ယက္ခတာတေလည်း အသံနက်ကြီးဖြင့် အော်ဟစ်ကြိမ်းမောင်းကာ ယခုတိုင် မျက်လုံးပွင့်နေသေးသော ခင်မှုံ၏ဦးခေါင်းပြတ်ကြီးအား



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကာ အမှောင်ရိပ်ထဲသို့ ဝင်သွားလေတော့သည်။

နန်းပေါင်းရွှာအတွက် သွေးပျက်ဖွယ်ရာ ညတစ်ညပါပေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၇)

# လှေပေါ်မှ သွေးစုပ်ကောင်

**နောက်**တစ်နေ့ နံနက်စောစောအချိန်တွင် ရွာလူကြီးများက ဦးဆောင်ပြီး ရွာသူရွာသားများ စုပြီး ခင်မှုံနေသောအိမ်သို့ သွားရောက်ကြည့်ရှုကြရာ ကြောက်မက်ဖွယ်ရာမြင်ကွင်းကိုသာ တွေ့ကြရသည်။

ကြမ်းပြင်တစ်ခုလုံး သွေးကွက်သွေးစက်များ၊ အသားတုံးအသားပိုင်းများ၊ ဦးခေါင်းကို ဓားဖြင့် အခွဲခံရသဖြင့် ပြန့်ကျဲနေသော ဦးနှောက်များကို တွေ့ကြရသည်။

သူကြီး ဦးစံမြမှာ မူလရုပ်ပင် မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

# လှေပေါ်မှ သွေးစုပ်ကောင်

**နောက်**တစ်နေ့ နံနက်စောစောအချိန်တွင် ရွာလူကြီးများက ဦးဆောင်ပြီး ရွာသူရွာသားများ စုပြီး ခင်မှုံနေသောအိမ်သို့ သွားရောက်ကြည့်ရှုကြရာ ကြောက်မက်ဖွယ်ရာမြင်ကွင်းကိုသာ တွေ့ကြရသည်။

ကြမ်းပြင်တစ်ခုလုံး သွေးကွက်သွေးစက်များ၊ အသားတုံးအသားပိုင်းများ၊ ဦးခေါင်းကို ဓားဖြင့် အခွဲခံရသဖြင့် ပြန့်ကျဲနေသော ဦးနှောက်များကို တွေ့ကြရသည်။

သူကြီး ဦးစံမြမှာ မူလရုပ်ပင် မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုံတလည်း ကိုယ်လုံးသာ ကျန်ခဲ့ပြီး ခေါင်းက မရှိတော့ပေ။

တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်နှင့် လာရောက်ကြည့်ရှုကြရာမှ အမျိုးမျိုး တီးတိုးဝေဖန်ပြောဆိုနေကြလေသည်။

"လင်ကြီးရှိပါရက်နဲ့ လင်ငယ်နေချင်တဲ့မိန်းမမျိုး ဒီလို အသေဆိုးနဲ့ သေတာတောင် နည်းသေးတယ်"

"အို. . . ဘာထူးသေးလဲ၊ သူတပါးမယားကို ကြာခိုချင်တဲ့လူလည်း ဒီလိုအသတ်ခံရမှ ကောင်းတယ်၊ အခုမှပဲ ငါတို့ရွာက သမီးရှင်တွေလည်း စိတ်အေးရတော့တယ်၊ သူရှိနေရင် ဘယ်နေ့ လာပြီး မကောင်းကြံပါ့မလဲလို့ စိတ်ပူနေရတာ"

"ဒီလိုလည်း မပြောကြပါနဲ့ဟယ်၊ ခင်မှုံခမျာ တာတေနဲ့ ရပြီးကတည်းက လင်ဆိုးမယား တဖားဖားနဲ့ နေရတော့ ထွက်ပေါက်ရအောင် လုပ်တာများလားမှ မသိတာ"

"အို. . . ထွက်ပေါက်ရှာတာများ လင်ငယ်နေရတယ်လို့၊ ရိုးရိုးသားသား ရှာစားရင် ထမင်းတစ်လုတ်တော့ စားရပါတယ်၊ အခုတော့ လင်ကြီးရှိပါရက်နဲ့ လင်ငယ်ထားချင်တော့ ခေါင်းတစ်ခြား ကိုယ်တစ်ခြား ဖြစ်ရပြီ မဟုတ်လား"

"ဟုတ်ပါ့တော်. . . သေတာတောင် ခေါင်းနဲ့ကိုယ် အတူတူ မသေရဘူး၊ ဒါထက် သူ့ခေါင်းက ဘယ်ရောက်သွားပြီလဲ"

"တာတေ ယူသွားပြီလေ၊ ညတုန်းက သွေးသံရဲရဲနဲ့ ခေါင်းပြတ်ကြီးကို ဆွဲဆင်းသွားတာ မြင်လိုက်ကြရသတဲ့"

"သူက လူကိုတောင် ရက်ရက်စက်စက် သတ်ပြီးမှ ဒီခေါင်းပြတ်ကြီးကို ဘာကြောင့် ယူသွားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တာတေက သူ့မိန်းမကို သိပ်ချစ်တော့ အလွမ်းပြေ ကြည့်ဖို့ ယူသွားတာ ဖြစ်မှာပေါ့အေ"

"အမယ်လေး. . . ကြောက်စရာကြီးတော်"

ဟု အမျိုးမျိုး ပြောဆိုနေကြလေသည်။

ထို့နောက်တွင် ရွာလူကြီးများက ထီးချိုင့်ဂါတ်တဲသို့ သွားရောက်အကြောင်းကြားရာ ရာဇဝတ်အုပ်နှင့် ပုလိပ်များ [illegible]လာကာ လာရောက်စစ်ဆေးကြလေသည်။

ထို့ပြင် တာတေ ထွက်ပြေးသွားသော နန်းပေါင်း တောနက်အတွင်းသို့ လူစုလူဝေးဖြင့် လိုက်လံရှာဖွေကြလေသည်။

ယခင်က ယက္ခတာတေ သတ်သွားသော လူနှစ်ယောက်မှာလည်း အစိုးရဝန်ထမ်းနှစ်ယောက်ဖြစ်ပြီး ယခုတစ်ဖန် နှစ်လောင်းပြိုင်လူသတ်မှုတစ်ခုကို ထပ်မံကျူးလွန်ပြန်သဖြင့် အပြစ်က ကြီးလေးလှပေရာ ပုလိပ်အရာရှိများနှင့် ပုလိပ်များမှာ သဲကြီးမဲကြီး လိုက်လံရှာဖွေကြလေသည်။

ရာဇဝတ်ဝန်ကြီးကလည်း ထိုသတင်းကို ကြားသိသွားသော အခါ ၎င်းလက်အောက်မှ ဌာနအုပ်၊ မြို့အုပ်၊ အရေးပိုင်၊ ရာဇဝတ်အုပ်၊ အင်စပက်တော်များကို ခေါ်ယူကာ တရားခံ အမြန်ဆုံး ဖမ်းမိစေရန် အမိန့်ထုတ်ထားသဖြင့် အချို့နေရာများ တာတေ၏ပုံပန်းသဏ္ဌာန်နှင့် ကိုယ်ရေးအကျဉ်းကို ရေးသား၍ 'အလိုရှိသည်' ကြော်ငြာများ ချိတ်ဆွဲ ထပ်ထားရသည်အထိ အပူတပြင်း ဆောင်ရွက်ကြရသည်။

ပုလိပ်များ၊ ဆားပုလင်းများမှာလည်း နည်းအမျိုးမျိုးနှင့် ရှပ် ရှက်ကာ နေ့ရောညပါ ကြိုးစားရှာဖွေကြလေသည်။ ထိုအထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်အုပ် ကျော်စွာတစ်ယောက်တော့ မပါပေ။

အဘယ်ကြောင့်ဆိုသော်. . .

ကျော်စွာမှာ တရားခံ မိပြီးမှ လွတ်ပြေးသွားသည်ကို အထက်အရာရှိများက သတင်းကြားသိသွားသောကြောင့် တာဝန်မှ ရပ်စဲထားသောကြောင့် ဖြစ်သည်။

ကျော်စွာမှာ အစကတည်းက ပုလိပ်အလုပ်ကို မလုပ်ချင်သူဖြစ်သည်ကတစ်ကြောင်း၊ သူကိုယ်တိုင်ကလည်း အေးအေးဆေးဆေး အနားယူချင်နေသည်က တစ်ကြောင်းကြောင့် အလုပ်မှ ထွက်လိုက်လေသည်။

အလုပ်မှ ထွက်ပြီးသည်နှင့် မိဘများ ရှိရာ ပြန်မည် စိတ်ကူးထားပြီးမှ ဇေယျမင်းထင်က ရင်းတို့ထံသို့ အလည်လိုက်ခဲ့ရန် ခေါ်သဖြင့် လိုက်လာခဲ့သည်။

အမှန်တော့ ကျော်စွာမှာ ရေငတ်တုန်း ရေတွင်းထဲ ကျသူပမာ ဖြစ်ရချေသည်။

သူ့အနေနှင့် မြဝင်းသူအပေါ်မှာ မြင်မြင်ချင်း သံယောဇဉ်တွယ်နေမိသောကြောင့် ယခုကဲ့သို့ အလည်လိုက်လာရသောအခါ စိတ်ထဲမှ ကြိတ်၍ဝမ်းသာနေမိလေသည်။

မြဝင်းသူတို့အိမ်သို့ ရောက်သောအခါ ဇေယျမင်းထင်နှင့်အတူ တောထဲ ဝင်၍ အမဲလိုက်သည့်အခါ လိုက်သည်။

တစ်ခါတစ်ရံလည်း ဇေယျမင်းထင်တစ်ယောက်တည်း တောတက်သွားသောအခါ အိမ်၌ ကျန်ခဲ့ပြီး မြဝင်းသူနှင့် အေးအေးဆေးဆေး စကားပြောခွင့် ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလည်း တာတေကို လွှတ်ပေးလိုက်တာနဲ့ အလုပ်က ထွက်လိုက်ရတယ်၊ စိတ်မကောင်း မဖြစ်မိဘူးလားဟင်"

"မဖြစ်ပါဘူး မြဝင်းသူရယ်၊ အစ်ကိုက ပျော်တောင် ပျော်နေသေးတာ၊ အစကတည်းက ဒီပုလိပ်အလုပ်ကို သိပ်စိတ်တိုင်းကျတာ မဟုတ်ဘူး၊ ခုလို အလုပ်က ထွက်လိုက်ရတော့ ပျော်စရာက တစ်ခုတောင် မကဘူး၊ နှစ်ခုတောင် ရတာဗျ"

"တစ်ခုက ဘာလဲဟင်"

"တစ်ခုက ကိုယ်မလုပ်ချင်တဲ့အလုပ်က ထွက်ရတာ၊ နောက်တစ်ခုက မြဝင်းသူနဲ့ အခုလို အေးအေးဆေးဆေး တွေ့ခွင့်ရတာကို ပျော်နေတာ"

မြဝင်းသူ မျက်နှာပေါ်မှာ ကျေနပ်မှု အပြုံးရိပ်ကလေးများ ယှက်သန်းသွားလေသည်။

"ကျွန်မနဲ့ တွေ့ရရုံနဲ့ ဘာကြောင့် ပျော်ရတာလဲ"

"ပျော်တာပေါ့. . . အမှန်အတိုင်း ဖွင့်ပြောရရင် ကိုယ်က မြဝင်းသူကို မြင်မြင်ချင်း သဘောကျနေမိတာ"

"တောသူကိုများ ဘာတွေများ သဘောကျစရာ ရှိလို့လဲ"

"မြဝင်းသူက ပွင့်လင်းတယ် သတ္တိရှိတယ်၊ ဘယ်အရာမဆို ရင်ဆိုင်ရဲတဲ့စိတ်မျိုး ရှိတယ်၊ နောက်တစ်ခုက မြဝင်းသူက လှလည်း လှတယ်၊ ချောလည်း ချောလို့ပေါ့"

"အို. . . အစ်ကိုကလည်း"

မြဝင်းသူက ရှက်သွေးဖြာသောမျက်နှာလေးဖြင့် ခေါင်းငုံ့သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“အမှန်အတိုင်း ပြောတာပါ၊ ဒါကြောင့် ဆရာကြီးကိုတောင် ပြောသင့်သလောက် ဖွင့်ပြောထားပြီးပြီ”

“အို. . . ဘာတွေ ပြောပြထားတာလဲ”

“တခြားတော့ မဟုတ်ပါဘူး၊ မြဝင်းသူအပေါ်မှာ မေတ္တာရှိနေတဲ့အကြောင်း၊ ကာယကံရှင်က သဘောတူရင် လက်ထပ်ခွင့်ပေးဖို့ ပြောတာပါ”

“ဘယ်. . . ဘယ်တုန်းက ပြောတာလဲဟင်”

“ဟိုတစ်နေ့က တောထဲမှာ အမဲလိုက်ရင်းနဲ့ ပြောလိုက်တာပါ”

“အစ်ကို သိပ်ဆိုးတာပဲ၊ အဲသည်လို ပြောတော့ အစ်ကိုကြီးက ဘာပြန်ပြောသလဲဟင်”

“သူ့အနေကတော့ ကန့်ကွက်စရာ မရှိပါဘူးတဲ့၊ ကာယကံရှင်ရဲ့ဆန္ဒကိုသာ မေးပေါ့လို့ ပြန်ပြောတယ်၊ ဒါကြောင့် အခု ဖွင့်မေးတာပါ”

“ဘာကို မေးတာလဲ”

မြဝင်းသူက မသိဟန်ဆောင်၍ တမင်ပြန်မေးသည်။

“မြဝင်းသူကလည်း မသိဟန်ဆောင်နေပြန်ပြီ၊ အစ်ကို့သဘောကို ပြောပြီးပြီလေ၊ မြဝင်းသူရဲ့သဘောကို ပြောဖို့ပဲ ကျန်တော့တာပေါ့”

“အစ်ကိုပြောတာက အစ်ကိုကြီးကို ပြောတာလေ၊ ကာယကံရှင်ဖြစ်တဲ့ ကျွန်မကို ဘယ်မှာ ပြောရသေးလို့လဲ”

“အော်. . . ဟုတ်ပေသားပဲ၊ ကဲ. . . မထူးတော့ပါဘူး၊ ပြောလက်စနဲ့ အခုပဲ ဖွင့်ပြောလိုက်ပါတော့မယ်၊ ကိုယ်က ဟောဒီက မြဝင်းသူအပေါ်မှာ မေတ္တာစစ်နဲ့ ချစ်မိနေပါပြီ၊ မြဝင်းသူရဲ့သဘောကိုသာ ပြောပါတော့”



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ကျွန်မရဲ့အချစ်ကို အခုဖွင့်ပြော အခုရမယ်လို့များ လွယ်လွယ်တွေးထားလို့လား"

"ဒီလိုလည်း မဟုတ်ပါဘူး မြဝင်းသူရယ်၊ အစ်ကို့သဘောကို ပြောခွင့်ရတုန်း ပြောတာပါ၊ စဉ်းစားတာကတော့ မြဝင်းသူ သဘောကျတဲ့အထိ စဉ်းစားနိုင်ပါတယ်"

"အစ်ကိုက ဘယ်လောက်ကြာကြာ စောင့်မှာမို့လဲ"

"မြဝင်းသူဆီက အဖြေမရမချင်းပေါ့"

"တကယ်လို့ ကျွန်မက ငြင်းလိုက်ရင်ကော ဘယ်လိုလုပ်မှာလဲ"

"ကာယကံရှင်ကမှ ကိုယ့်အပေါ် မနှစ်သက်ဘူးဆိုရင်တော့ ပြန်ရုံပဲ ရှိတာပေါ့၊ မြဝင်းသူရဲ့ဘဝနဲ့ ပတ်သက်နေတာမို့ ကြိုက်သလို စဉ်းစားဆုံးဖြတ်ပိုင်ခွင့် ရှိပါတယ်"

မြဝင်းသူက တစ်ချက်ပြုံးလိုက်လေသည်။

"ဒီလိုဆိုရင်တော့ အစ်ကိုမပြန်ခင် အဖြေပေးနိုင်အောင် စဉ်းစားပါမယ်"

"အစ်ကိုက မြဝင်းသူဆီက အဖြေတစ်ခုခု သိရမှ ဆက်နေသင့် မနေသင့် ဆုံးဖြတ်ရမှာဆိုတော့ အခုပဲ အဖြေသိရမှကို ဖြစ်မှာ"

"အစ်ကိုက ပုလိပ်ဘဝက လာတယ်လို့ မပြောရဘူး၊ လူတစ်ယောက်သားဆီက စကားနှိုက်တဲ့နေရာမှာတော့ အတော်ကျွမ်းကျင်တယ်၊ ကျွန်မစကားနဲ့ ကျွန်မပြန်မိပြီး ဘာပြောရမှန်းတောင် မသိတော့ဘူး"

"ဒီလိုဆိုရင်လည်း အခုပဲ အဖြေပြောတော့လေ၊ ဆက်နေရမှာ လား. . . အထုပ်အပိုး ပြင်ရတော့မှာလား"

"အစ်ကို့ဖွာသာ ပြန်ချင်လည်းပြန်၊ နေချင်လည်း ဆက်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



နေ့၊ ကျွန်မကတော့ မနေနိုင်ပါဘူး”

“ဒီလိုဆိုရင် ကိုယ့်မေတ္တာကို လက်ခံပြီပေါ့နော်၊ အခုမှပဲ စိတ်အေးရတော့တယ်၊ မြဝင်းသူဆီက အဖြေသိရပြီဆိုတော့ တစ်သက်လုံးပဲ ဒီမှာ နေသွားတော့မယ်”

“အစ်ကိုက တောထဲတောင်ထဲမှာ တစ်သက်လုံး နေနိုင်မှာမို့လား”

“ဘာကြောင့် မနေနိုင်ရမှာလဲ၊ ကိုယ်ချစ်တဲ့သူနဲ့ အတူတူ နေရတာပဲ၊ ဘယ်နေရာမှာပဲ နေရနေရ နေနိုင်ရမှာပေါ့”

ဟု ပြောဆိုကာ မြဝင်းသူ ပခုံးလေးကို ဖက်ထားလိုက်လေသည်။

ကျော်စွာ မြဝင်းသူတို့အိမ်သို့ ရောက်နေပြီး သိပ်မကြာခင်မှာပင် ဦးစံမြနှင့် ခင်မှုံတို့နှစ်ယောက်ကို ရက်ရက်စက်စက် ဓါးနှင့် ခုတ်သတ်မှုကြီး ပေါ်လာတော့သည်။

“တာတေကတော့ ပြောသွားတဲ့အတိုင်း နှစ်ယောက်စလုံးကို သတ်သွားပြီ မောင်ကျော်စွာရေ”

“ဖြစ်ရလေ. . . အတော့်ကို အာဃာတကြီးတဲ့သူပဲ”

“ကြီးဆို သူ့မိန်းမရဲ့ခေါင်းကိုတောင် ဖြတ်ယူသွားသတဲ့၊ လူစိတ်ပျောက်သွားပြီ ထင်ပါရဲ့”

ဟု ဇေယျမင်းထင်က ပြောပြလေသည်။

ထိုရက်များအတွင်း ရွာထဲ၌ သတင်းဆိုးများ တစ်ခုပြီးတစ်ခု ထွက်လာလေတော့သည်။

ညအချိန် ရောက်လာလျှင် ရွာထဲမှာ ခွေးအူသံများ အဆက်

www.burmeseclassic.com

www.burmeseclassic.com



မပြတ် ကြားကြရပြီး ခင်မှူတို့ အသတ်ခံရသော အိမ်တစ်ဝိုက်တွင် ခေါင်းနှစ်ခြမ်းကွဲကို လက်တစ်ဖက်ဖြင့် ကိုင်ကာ လျှောက်နေသော သရဲနှင့် ခေါင်းမပါသော သရဲတစ်ကောင်တို့ကို လူအတော်များများ တွေ့မြင်ကြရသည်။

အချို့ကလည်း နေဝင်ရီတရောအချိန်မှာ လက်တစ်ဖက်မှာ ဓါးကို ကိုင်ကာ ကျန်တစ်ဖက်က ခေါင်းပြတ်ကြီးတစ်လုံးကို ဆွဲထားသော ယက္ခတာတေကို တွေ့လိုက်ရသည်ဟု ဆိုသည်။

အချို့ဆိုလျှင် ထိုနေရာတစ်ဝိုက်မှာပင် မနေဝံ့တော့သဖြင့် အခြားသို့ ရွှေ့ပြောင်းကြရသည်။

နေဝင်ရီတရောအချိန်ရောက်လျှင် ခွေးအူသံများ အဆက်မပြတ် ကြားလာရပြီး နှစ်လောင်းပြိုင် အသတ်ခံရသော အိမ်ပေါ်မှာ လူရိပ်များကို မြင်ကြရသည်။ ညဦးပိုင်းအချိန်ရောက်သည်နှင့် မည်းမည်း သဏ္ဌာန်ကြီးများ သွားလာနေသည်ကို တွေ့ကြရသည်။

သန်းခေါင်ယံအချိန် ရောက်လာလျှင် စူးစူးဝါးဝါးအော်သံများ ပေါ်ထွက်လာတတ်သည်။

"ကယ်ကြပါရှင်. . . ကယ်ကြပါဦး၊ ကျွန်မတို့ကို သတ်နေပြီ"

မိန်းမတစ်ယောက်၏စူးစူးဝါးဝါးအော်သံ ကြားရသူများမှာ စိတ်နှလုံးချောက်ချားကာ ထိတ်လန့်ကြောက်ရွံ့ကြလေသည်။

"မောင်ကျော်စွာ အိမ်မှာ ရောက်နေလို့သာ တော်ရော့တယ်၊ မဟုတ်ရင် ကျုပ်တို့မောင်နှမနှစ်ယောက်တည်း အခက်ပဲ၊ အခုတော့ အိမ်မှာ မြဝင်းသူအတွက် အဖော်ရှိနေတော့ ကျုပ်အနေနဲ့ ဧည့်ထဲကို စိတ်ဖြောင့်လက်ဖြောင့် သွားလို့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက တစ္ဆေသရဲ မကြောက်တတ်ပါဘူး အစ်ကိုကြီးရဲ့"

"တဲ. . . တစ္ဆေသရဲက ချောက်ရှိပဲချောက်တာ၊ အခု ယက္ခတာတေက လူတွေ လေးယောက်ဆက်တိုက် သတ်ပြီးတဲ့နောက်မှာ သရဲထက် ကြောက်စရာကောင်းတဲ့ဘဝ ရောက်နေပြီ၊

ငါ့အထင်ပြောရရင် သူ့ဆီမှာ လူရဲ့ဝိညာဉ်တောင် ရှိတော့မယ် မထင်ဘူး"

ဖေယျမင်းထင်က ရှေးဟောင်းဂမ္ဘီရပညာများ တတ်ကျွမ်းသူမို့ မှတ်ချက်ချလေသည်။

"အသက်မသေပဲ လူစင်စစ်က သရဲတစ္ဆေဘဝကို ရောက်နိုင်သလား ဆရာကြီး"

"ရှိတာပေါ့ကွယ်. . . အကုသိုလ်ဝဋ်ကြွေးကံ ကြီးတဲ့သူတွေဟာ တမဟုတ်ချင်း ဘဝပြောင်းနိုင်ကြတယ်၊ သူတို့ကိုယ်တိုင်တောင် ဘဝပြောင်းသွားမှန်း မသိကြဘူး၊

တချို့ကျတော့လည်း တဖြည်းဖြည်းနဲ့ လူဘဝကနေ အသက်မသေဘဲ သရဲဘဝကို ရောက်သွားကြတယ်"

(အင်းရဲကြီး သူကြီးမှာ လူ့အသက် မသေခင်ကပင် သရဲဘဝ ရောက်ခဲ့သူဖြစ်သည်။)

"အဲဒီလို ဘဝပြောင်းတဲ့သူတွေဟာ လူပင်ဆိုသော်လည်း လူစိတ်မရှိတော့ဘူး၊ လူတွေက သူတို့ကို လူထင်မှတ်ပြီး နီးနီးကပ်ကပ် ဆက်ဆံကြတဲ့အခါမှ အသက်အန္တရာယ် ဖြစ်ကြရတယ်၊ တခြားမကြည့်နဲ့၊ သွေးစုတ်ဖုတ်ကောင်တွေဟာ လူတွေနဲ့ အတူတူ နေကြမယ် သူတို့ကို သွေးစုပ်ဖုတ်ကောင်မှန်း မသိကြလို့ အသက်ဆုံးကြရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ငယ်ငယ်က ကြုံခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုကို ပြောပြရဦးမယ်"

ဟု အစချီကာ သွေးစုပ်ဖုတ်ကောင်အကြောင်းကို ပြောပြလေသည်။

တစ်ခါက(အင်္ဂလိပ်များ မြန်မာပြည်ကို သိမ်းပိုက်ပြီးစအချိန်) မြန်မာနိုင်ငံမှ အပြစ်ဒဏ် ကြီးမားသော နှစ်ကြီးအကျဉ်းသမားများအား တစ်ကျွန်းသို့ ပို့ရန် သင်္ဘောဖြင့် သွားရာ ကိုကိုးကျွန်း အနီးတစ်ဝိုက်မှာ လေပြင်းမုန်တိုင်းများ မိပြီး သင်္ဘောနစ်မြုပ်သွားရာ လူအတော်များများ သေကြေပျက်စီးသွားလေသည်။

အကျဉ်းသားများရော ပုလိပ်များ၊ သင်္ဘောသားအတော်များများ သေဆုံးသွားရာမှာ လူနှစ်ယောက်တို့မှာ အသက်ကယ်လှေ တစ်စင်းဖြင့် လွတ်မြောက်သွားကြလေသည်။

၎င်းတို့မှာ ပုလိပ်တစ်ယောက်နှင့် နှစ်ကြီးအကျဉ်းသားတစ်ဦးတို့ ဖြစ်ကြသည်။

၎င်းတို့နှစ်ဦးမှာ ရန်သူများပင် ဖြစ်ကြသော်လည်း ကံအားလျော်စွာ အသက်ဘေးမှ လွတ်မြောက်ရာတွင် ကံတူအကျိုးပေး ဖြစ်ကြပေသည်။

အသက်ကယ်လှေ၏ပဲ့ပိုင်း အံဝှက်ဖုံးထဲတွင် ရေနှင့် စားစရာ အချို့ ပါလေသည်။

ရေဘူး၊ ဘီစကစ်နှင့် ငါးသေတ္တာဘူး၊

ဆေးဝါးကိရိယာအချို့ပင် ပါသေးသည်။

ပင်လယ်ကူးသင်္ဘောကြီးများ၌ ထားသော အသက်ကယ်လှေများ၌ ထိုကဲ့သို့ ကြာရှည်အထားခံသော စားသောက်စရာများ ထည့်ထား



www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိသည်။

သူတို့နှစ်ယောက်သည် ပင်လယ်ရေပြင်ပေါ်မှာ ဦးတည်ရာမဲ့ မျောပါနေကြရင်း လှေပေါ်တွင် ရှိသော အစားအသောက်များကို ခွဲဝေတာ၍ စားသောက်ကြသည်။

ထိုအခါ ပုလိပ်ကသာ ၎င်းအတွက် ရသော အစားအသောက် များကို စားသော်လည်း အကျဉ်းသားကြီးကတော့ ကောင်းစွာမစားပေ။ သူတို့နှစ်ယောက်သည် လှေနံတစ်ဘက်စီတွင် မှီထိုင်ကာ တစ်နေ့ပြီး တစ်နေ့ ကုန်လွန်သွားလေသည်။

လှေနံပေါ်မှာ ဓါးဖြင့် အမှတ်အသားများ ပြုလုပ်လေသည်။

ရက်အတန်ကြာလာသည်အထိတော့ နောက်ထပ် အန္တရာယ် တစ်စုံတစ်ရာ မတွေ့ရပဲ ရေပြင်ပေါ်မှာ တစ်ရက်ပြီးတစ်ရက် မျောပါ လာလေသည်။

နောက်ပိုင်းရက်များမှာတော့ ပုလိပ်မှာ တစ်စုံတစ်ခုကို သတိပြု မိလာသည်။

အကျဉ်းသားကြီးမှာ ၎င်းအတွက် ရသော အစားအသောက် များကို ဟုတ်တိပတ်တိ စားသောက်တာ မတွေ့ရပေ။

"မင်း အစားအသောက်တွေ ဘာဖြစ်လို့ မစားတာလဲ"

"ငါက အစားအစာတွေကို ညမှ စားတာကွ"

ပြောသည့်အတိုင်းပင်. . .

အကျဉ်းသားမှာ တစ်နေ့လုံး အိပ်နေတတ်ပြီး ညမိုးချုပ်တော့မှ ပြန်နိုးလာသည်။

ထိုအချိန်မှာ ပုလိပ်က ၎င်းအတွက် ရသော အစားအသောက်



www.burmeseclassic.com

www.burmeseclassic.com



များကို စားသောက်ပြီး အိပ်လေတော့သည်။

ရက်အတန်ကြာသောအခါ အစားမှန်မှန်စား၍ မှန်မှန်အိပ်နေသော ပုလိပ်မှာ တစ်ကိုယ်လုံး အားအင်များ မရှိတော့သကဲ့သို့ နုံးခွေလာသည်။

သူ့ကိုယ်ထဲမှ အားအင်များကို တစ်စုံတစ်ယောက်က နှုတ်ယူထားသကဲ့သို့ ရှိနေသည်။

"ငါ ဘယ်လိုဖြစ်ပြီး ဒီလောက် အားနည်းသွားတာပါလိမ့်"

ဟုလည်း တွေးမိသည်။

အကျဉ်းသားကြီးကတော့ သူ့လို အစားအသောက် မှန်မှန်မစားဘဲ တစ်နေ့တစ်ခြား လန်းဆန်းတက်ကြွမှုတွေနှင့် ပြည့်ဖြိုးလာလေသည်။

သူ့ကို ကြည့်တော့လည်း အစားအသောက်များကို ဟက်ဟက်ပက်ပက် စားသောက်တာ မမြင်ရပေ။

"မင်းက ငါ့အတွက် အစားအစာ ချွေတာပေးနေတာလား"

"မဟုတ်ပါဘူး. . . မစားနိုင်လို့ မစားတာပါ၊ ငါ မစားနိုင်တော့ မင်း ဝဝစုများများ စားရတာပေါ့ကွာ"

"မင်းကြည့်ရတာ ဝေစုရတဲ့ အစားအစာတွေကို တစက်ကလေးမှ မစားသလိုပဲ"

"မင်းထင်လို့ပါ. . . ငါစားပါတယ်၊ ဒါပေမယ့် ငါ့အစာအိမ်က အစာမာမာတော့ သိပ်စားလို့မရဘူး၊ အရည်လောက်ပဲ သောက်လို့ရတယ်"

ဆယ်ရက်ခန့် ကြာသောအခါ ပုလိပ်မှာ ရိပ်မိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းသားကြီးမှာ အစာလုံးဝမစားပဲ နေခြင်းမဟုတ်ပေ။ သူ တစ်ခုခု စားနေသည်ကတော့ သေချာနေပြီ။

ညဉ့်အချိန်ရောက်လာသောအခါ လေက အနည်းငယ် ထန်လာပြီး လှိုင်းလုံးများက ကြွတက်လာသည်။

သူတို့ စီးလာသော လှေကလေးမှာ ဘယ်ညာလူးလိမ့်နေရာ ပုလိပ်မှာ အားနည်းနေသဖြင့် လှိုင်းဒဏ်မခံနိုင်ပဲ အိပ်ပျော်သွားလေတော့သည်။

သူ သတိရလာသောအခါ သူ့နံဘေးမှာ ကပ်အိပ်နေသော အကျဉ်းသားကြီး ရှိနေကြောင်း သတိထားမိလိုက်သည်။

"ဘယ်လိုလဲ. . . နိုးလာပြီလား"

အကျဉ်းသားကြီးက ခပ်တိုးတိုး မေးသည်။

"ဟုတ်တယ်. . . ငါ ဘာဖြစ်နေတာလဲ မသိဘူး၊ တစ်ခုခု ဖြစ်နေသလိုပဲ"

"ဘယ်လိုဖြစ်နေလို့လဲ"

"လည်ချောင်းတစ်ခုလုံး ပူပြီး တစ်ကိုယ်လုံး အားတွေ နုတ်ယူခံထားရသလိုပဲ"

"လှိုင်းမူးနေလို့ ဖြစ်မှာပါ၊ မနက်ကျတော့ ကောင်းသွားမှာပါ"

"မဟုတ်ဘူး. . . ငါ့ကိုယ်ထဲက အားအင်တွေ တဖြည်းဖြည်း လျော့သွားသလိုပဲ၊ ဒီအတိုင်းဆိုရင်တော့ မကြာခင် သေရတော့မယ် ထင်တယ်"

"မင်းသေလို့ ဘယ်ဖြစ်မှာလဲ၊ ပင်လယ်ထဲမှာ မင်းနဲ့ငါနဲ့ နှစ်ယောက်ထဲ ရှိတာ၊ မင်းသေရင် ငါလည်း သေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရာ ပုလိပ်မှာ များစွာအံ့ဩသွားလေသည်။

နောက်တစ်ညမှာတော့ ပုလိပ်မှာ အိပ်ပျော်ဟန်ဆောင်၍ စောင့်နေသည်။

တစ်ညလုံး မအိပ်ဘဲ ထိုင်နေသော အကျဉ်းသားကြီးမှာ သူ အိပ်ပျော်ချိန်လောက် ရောက်မှ အနားရောက်လာပြီး ဘေးချင်း ယှဉ်ကာ လှဲချလိုက်သည်။

ခဏကြာတော့ သူ့လည်ပင်းတစ်ဝိုက်မှာ ပူကနဲ ဖြစ်သွားသဖြင့် ဒေါသတကြီးနှင့် နေရာမှ ကျုံးထလိုက်သည်။

သို့စေကာမူ စိတ်ကသာ ထချင်သော်လည်း လူက ထမရတော့ပေ။

တစ်ကိုယ်လုံး အင်အားများ နှုတ်ယူခံထားရသကဲ့သို့ မလှုပ်နိုင်တော့ပေ။

လည်ပင်းတစ်ဝိုက်မှာလည်း တဆစ်ဆစ်နှင့် ပူလောင်နေသည်။ လူချင်း နီးကပ်နေသောကြောင့် အကျဉ်းသား၏ အသက်ရှူသံ ပြင်းပြင်းကိုပင် အတိုင်းသား ကြားနေရသည်။

သေချာပေပြီ။

သူ့လည်ပင်းမှာ သွေးစုပ်ခံနေရလေပြီ။

သူနှင့် တစ်လှေထဲ စီးနေရသော အကျဉ်းသားမှာ ကြောက်စရာကောင်းသော သွေးစုပ်ဖုတ်ကောင်ပင် ဖြစ်နေချေပြီ။

ပုလိပ်အနေနှင့် ပြေးစရာလည်း မမြေမရှိ။

အခြားနေရာ ရှောင်သွားစရာလည်း နေရာမရှိတော့ပေ။

သဘော်နစ်မြုပ်ရာမှာ ကံကောင်းထောက်မစွာဖြင့် အသက်



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ လွတ်ခဲ့သော်လည်း ကံဆိုးစွာနှင့် သွေးစုပ်ဖုတ်ကောင်နှင့်မှ အတူတူ ရှိနေရချေပြီ။

သို့သော်လည်း မတတ်နိုင်တော့ပေ။

နောက်တစ်နေ့ မနက်လင်းတော့ ဒေါသတကြီး ပြောလိုက်သည်။

"မင်း သွေးစုပ်ဖုတ်ကောင် မဟုတ်လား"

အကျဉ်းသားကြီးက ရယ်နေသည်။

"ငါ သွေးစုပ်ဖုတ်ကောင်ဆိုရင်တောင် မင်းကို ဘယ်လို အန္တရာယ်မှ မပေးပါဘူးကွာ၊ တကယ်လို့ ဘီလူးတစ်ကောင်ဆိုရင်တော့ မင်းကို သတ်စားမှာပေါ့"

"မင်း ငါ့သွေးတွေ စုပ်ပြီး အသက်ရှင်နေတာပေါ့လေ"

"ဒါကလည်း တရားမျှတပါတယ်ကွာ၊ နေ့ဘက်မှာ ငါ စားမယ့် အစားအစာတွေကို မင်းကို ကျွေးတာပဲ၊ ညဘက်မှာတော့ ငါကြိုက် နှစ်သက်တဲ့သွေးကို စုပ်ယူတာ တရားမျှတပါတယ်ကွာ"

ပုလိပ်က အကျဉ်းသားကြီးကို စက်ဆုပ်စွာ တစ်ချက်ကြည့် လိုက်လေသည်။

သွေးစုပ်အကျဉ်းသားကြီးမှာ ညအချိန်တွင် သွေးစုပ်ပြီး နေ့ အချိန်တွင် အိပ်လေ့ရှိသည်။

ပုလိပ်က ထိုအချိန်ကို စောင့်ကာ အကျဉ်းသားကြီးအား ဓါးဖြင့် ထိုးသတ်ကာ ပင်လယ်ထဲသို့ ပစ်ချလိုက်သည်။

ထိုသို့ ပစ်ချလိုက်ပြီးနောက်တွင် သူကိုယ်တိုင်မှာလည်း အစား အစာ စားချင်စိတ် မရှိတော့။ သွေးကိုသာ တောင့်တလာမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ သူကိုယ်တိုင် သွေးစုပ်ကောင်အဖြစ် ပြောင်းလဲခဲ့သည်ကို ပုလိပ်ခမျာ မသိခဲ့ပေ။

သွေးစုပ်ကောင်အစွယ်မှ အဆိပ်များက သွေးကြောအတွင်း ပျံ့နှံ့ဝင်ခဲ့ရာမှတစ်ဆင့် တဖြည်းဖြည်းနှင့် သွေးစုပ်ကောင်ဘဝသို့ ပြောင်းလဲခဲ့ရချေပြီ။

ထိုအခါမှ အထိတ်တလန့်ဖြင့် ပါးစပ်အတွင်းသို့ စမ်းကြည့်သောအခါ ချွန်မြသောအစွယ်များ ထွက်နေသည်ကို တွေ့ရသည်။

ထို့အတွင် လှေဝမ်းထဲမှာ အနည်းငယ် ကျန်နေသေးသော အစားအစာများကို မစားလိုတော့ပေ။

သူ၏စိတ်ဆန္ဒက သွေးကိုသာ တောင့်တနေလေပြီ။

သို့သော် သွေးစုပ်ရမည့်လူသားကား တစ်ယောက်မှ မရှိတော့ပေ။

နောက်ဆုံးတော့ သွေးစုပ်ကောင်အဖြစ် ပြောင်းလဲနေသော ပုလိပ်ခမျာ ပင်လယ်ပြင်၌ တစ်ယောက်ထဲ မျောပါနေရင်းမှ သေဆုံးသွားခဲ့လေသည်။

သူ့ကို ငါးဖမ်းစက်လှေတစ်စင်းမှ တွေ့သောအခါ အရိုးစုဘဝ ရောက်နေလေပြီ။

သို့သော် သူ ရေးမှတ်ထားသော မှတ်တမ်းအချို့ကို တွေ့ရသဖြင့် ကြောက်မက်ဖွယ်ရာကောင်းသော သွေးစုပ်ကောင်အကြောင်းကို သိကြရသည်။

ဇေယျမင်းထင် ပြောပြသောအကြောင်းများကို ကြားရသောအခါ ကျော်စွာမှာ များစွာအံ့သြသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဆရာကြီး ပြောပုံအရဆိုရင် တာတေလည်း လူစိတ်ပျောက်ပြီး သရဲဘဝများ ရောက်နေပြီလား မပြောတတ်ဘူး"

"ဒီလိုဆိုရင် အစ်ကိုကြီး တောထဲ သွားတဲ့အခါမှာလည်း ဂရုစိုက်ပါနော်၊ တော်ကြာ သူနဲ့ တွေ့ရင် ရန်မူချင် မူနေမှာ"

"အစ်ကိုကြီးအတွက် ဘာမှ မစိုးရိမ်ပါနဲ့၊ ညီမလေးသာ အိမ်မှာနေတဲ့အခါ ဂရုစိုက်ပြီးနေပါ၊ ဒါပေမယ့် စိုးရိမ်စရာတော့ မရှိပါဘူး။ မောင်ကျော်စွာလည်း မပြန်သေးတော့ အဖော်ရတာပေါ့"

ဇေယျမင်းထင်က ထိုသို့ပြောပြီး ထသွားရာ အနှောင့်မလွတ် အသွားမလွတ်စကားကြောင့် ကျော်စွာနှင့် မြဝင်းသူတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

# သူသာနဲ့ထဲမှ ခေါင်းပြတ်အလောင်း

**တော**နက်အတွင်းဝယ် သစ်ပင်များ အုံ့ဆိုင်းနေသဖြင့် အမှောင်ရိပ်များက သမ်းနေသည်။

ထိုအချိန်မှာပင် မမျှော်လင့်ပဲ မိုးသားမိုးရိပ်များ တက်လာသောကြောင့် သာမန်အခြေအနေထက် မဲမှောင်သွားလေသည်။ ထိုအချိန်တွင် ဇေယျမင်းထင်မှာ တစ်ယောက်တည်း တောထဲ ရှောက်နေသည်။

သူသည် ရှားရှားပါးပါး တွေ့လိုက်ရသော တာတိုးကောင်

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ သဲကြီးမဲကြီး လိုက်လာရာမှ တောနက်အတွင်းသို့ ရောက်လာခြင်းဖြစ်သည်။

ကတိုးကောင်မှာ ရေခဲတောင်တန်းများပေါ်၌ အနေများပြီး တစ်ခါတစ်ရံမှသာ နန်းပေါင်းတောနက်များထဲတွင် တွေ့ရခြင်းဖြစ်သည်။

ဇေယျမင်းထင်မှာ တစ်ခါတစ်ရံမှသာ တွေ့ရလေ့ရှိသော ကတိုးနောက်သို့ သဲကြီးမဲကြီး လိုက်လာရာမှ နောက်ဆုံးတော့ ကတိုးကောင် ရှိသောနေရာကို ခြေရာခံမိသွားလေသည်။ ကတိုးမှာ လူနှင့် မလှမ်းမကမ်းရှိ ဝါးရုံတောအတွင်းသို့ ဝင်သွားခြင်းပင် ဖြစ်သည်။

သူသည် မလှမ်းမကမ်းနေရာမှ အခြေအနေကို စောင့်ကြည့်နေစဉ် ဝါးရုံတောအတွင်းမှ လှုပ်ရှားမှုအချို့ကို လှမ်းမြင်နေရသည်။

သို့သော် ဝါးရုံတောများ လှုပ်ယမ်းနေသည်မှလွဲပြီး အခြားဘာကိုမှတော့ သဲသဲကွဲကွဲ မမြင်ရပေ။

ဇေယျမင်းထင်သည် အမဲပစ်သေနတ်ကို အဆင်သင့်ပြင်ကာ အခြေအနေကို စောင့်ကြည့်နေသည်။

ထိုအခိုက်မှာပင် ဝါးရုံတောများ သိမ့်ခနဲ လှုပ်ရှားသွားကာ ကတိုးကောင် ပြန်ပြေးထွက်လာသည်။

ကတိုးမှာ နောက်ဘက်မှ ကြောက်လန့်စရာ တစ်စုံတစ်ခု တွေ့ဟန်ဖြင့် အလန့်တကြား ပြေးထွက်လာခြင်းဖြစ်သည်။

ဇေယျမင်းထင်က ထိုအခွင့်အရေးကို လက်လွတ်မခံပေ။

ပြေးထွက်လာသော ကတိုးကောင်ကို သေနတ်ဖြင့် ပစ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း. . ."

သေနတ်ကျည်ဆန်မှာ ချက်ကောင်းထိသွားသဖြင့် ကတိုးကောင်မှာ ဝါးရုံတောစပ်သို့ ပစ်လဲကျသွားသည်။

အခြေအနေက ခဏချင်း ပြန်လည်ငြိမ်သက်သွားလေသည်။

သို့စေကာမူ ဇေယျမင်းထင်က ချက်ချင်း အပြင်သို့ မထွက်သေးဘဲ အခြေအနေကို စောင့်ကြည့်နေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

သားကောင်နောက်မှ တောကောင်ကြီးများ ပါလာပါက အန္တရာယ်နှင့် တွေ့ရတတ်သောကြောင့် ဖြစ်သည်။

အတန်ကြာသည်အထိ အခြေအနေ ငြိမ်သက်နေတော့မှ အပြင်သို့ ထွက်ကာ လဲကျနေသော ကတိုးကောင် ရှိရာသို့ သွားလေသည်။

သေနတ်ကျည်ဆန်မှာ ကတိုးကောင်အား ချက်ကောင်းထိမှန်ထားသောကြောင့် သေနေပြီ ဖြစ်၏။

ဇေယျမင်းထင်က ကတိုးကောင်အား ကောက်ယူရန် ထိုင်ချလိုက်စဉ် အနောက်ဘက်မှ တောတိုးလာသံနှင့်အတူ သစ်ပင်သစ်ကိုင်းများ လှုပ်ရှားသွားသည်ကို ရိပ်ကနဲ မြင်လိုက်ရသည်။

သူ့စိတ်ထဲမှာ တောကောင်ထွက်လာပြီဟု ထင်လိုက်မိသည်။

သို့ကြောင့် ကိုယ်ကို ဖျတ်ခနဲ လှည့်ကာ သေနတ်ဖြင့် ချိန်ထားလိုက်သည်။

တောထဲမှ ထွက်လာသောအရာက တိရစ္ဆာန်တစ်ကောင် မဟုတ်ပေ။ လူတစ်ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားသူ မဟုတ်ပေ။

ဝရမ်းပြေး ယက္ခတာတေပင်ဖြစ်၏။

တာတေမှာ လူနှစ်ယောက်ကို သတ်ပြီး ထွက်သွားသည့်ပုံစံ အတိုင်းပင်။ လက်တစ်ဖက်မှာ သွေးစွန်းနေသော ဓားကြီးတောင်ဓါးကို ကိုင်ထားပြီး ကျန်တစ်ဖက်က ရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီဖြစ်သော ခင်မှူး၏ခေါင်းပြတ်ကြီးကို ဆံပင်က ဆွဲကိုင်ထားသည်။

တောထဲမှာ နေရသဖြင့် အဝတ်အစားများကလည်း အစိတ်စိတ် အမြွာမြွာ စုတ်ပြဲလျက်ရှိပြီး လူရုပ်ကလည်း ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် အသွင်ပြောင်းနေချေပြီ။

တာတေက သူ့ကို မြင်တော့ ရှေ့ထွက်လာသည်။

ဇေယျမင်းထင်ကလည်း တာတေ၏အခြေအနေ မဟန်မှန်း သိသဖြင့် တစ်စက်ကလေးမှ အလစ်မပေးချေ။

မလှမ်းမကမ်းရောက်တော့ တာတေက ရပ်လိုက်သည်။

"ဆရာကြီး. . ."

ဟု အသံသြသြကြီးနှင့် ခေါ်လိုက်သည်။

"မင်း ဘယ်လိုဖြစ်နေတာလဲ တာတေ"

"ကျုပ် ဝရမ်းပြေးနေရတာလေ၊ ဆရာကြီးလည်း အသိသားနဲ့"

"ဝရမ်းပြေးရင်လည်း လွတ်တဲ့နေရာ ပြေးပါလားကွာ၊ ဘာကြောင့် ဒီနေရာမှာ နေရတာလဲ"

"သူတို့ ကျုပ်ကို ဘယ်နည်းနဲ့မှ ဖမ်းမမိနိုင်ပါဘူး"

"ပုလိပ်တွေက မင်းကို တောနင်းပြီး ရှာနေကြတာ၊ တစ်နေ့ မဟုတ်တစ်နေ့ မိသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဇေယျမင်းထင်က စေတနာဖြင့် သတိပေးလိုက်သည်။

"ကျုပ်အတွက် စိတ်မပူပါနဲ့ ဆရာကြီး၊ သူတို့ ဘယ်လိုပဲရှာရှာ ကျုပ်ကို မမိပါဘူး"

"ဒါထက် ဒီခေါင်းပြတ်ကြီးက ဘာလို့ ကိုင်ထားရတာလဲ. . . ပစ်လိုက်ပါတော့လား"

"ဘယ်ဖြစ်မလဲ ဆရာကြီးရဲ့၊ ဒါ ကျုပ်မိန်းမ ခင်မှုံရဲ့ခေါင်းလေ၊ ကျုပ်မိန်းမကို သိပ်ပြီးချစ်တာ ဆရာကြီးလဲ အသိသားနဲ့ဗျာ"

ဟု ရင်ခေါင်းသံကြီးဖြင့် ပြောရာ ဇေယျမင်းဆင်ပင် စိတ်မကောင်းဖြစ်သွားမိသည်။

"မင်း အခု ဘာလာလုပ်တာလဲ"

"ဆရာကြီး မိထားတဲ့ ကတိုးကောင်ကို တစ်ပိုင်းပေးခဲ့ပါ၊ ကျုပ်တို့မှာ ဘာမှ စားစရာ မရှိလို့ပါ"

"ကျုပ်တို့ပါဆိုတော့ ဘယ်သူနဲ့ နေတာမို့လဲ၊ မင်းတစ်ယောက်တည်း နေတာ မဟုတ်လား"

"မဟုတ်ဘူးလေ. . . တောထဲမှာ ကျုပ်တို့လင်မယားနှစ်ယောက် နေကြတာလေ"

"ဟင်. . ."

ဇေယျမင်းထင်မှာ များစွာအံ့သြသွားလေသည်။

သူထင်ထားသလို တာတေမှာ စိတ်ဖောက်ပြန်လျှင်ဖောက်ပြန်၊ ဒါမှမဟုတ် သရဲသဘက် စီးနေပြီဟု စိတ်ထဲမှ တွေးလိုက်မိသည်။

"မင်းစားချင်ရင် ယူသွားပေါ့"

ဟု ပြောလိုက်သည်နှင့် ယက္ခတာတေက ကတိုးကောင်အန်း



www.burmeseclassic.com

www.burmeseclassic.com



သို့ သွားပြီး လက်ထဲမှ ဓါးဖြင့် ခုတ်ပိုင်းချလိုက်ရာ တိကနဲ ပြတ်ကျသွား တော့သည်။

ထို့နောက်. . .

အမြီးပိုင်းကို ခြေထောက်မှ ဆွဲကာ တောထဲ ပြန်ဝင်သွားလေ သည်။

ဖေယျမင်းထင်က ကျန်တစ်ပိုင်းကို ယူ၍ ပြန်လာခဲ့ပေသည်။

ထိုအချိန်တွင် တောထဲမှာ မှောင်မည်းတက်လာပြီး မိုးဖွဲ ကလေးများပင် ကျလာချေပြီ။

လူခေါင်းပြတ်ကတစ်ဖက်၊ ကတိုးကောင်ကို ခါးမှ ပိုင်းဖြတ်ကာ ဆွဲလာသော တာတေသည် တောနက်ထဲမှ သူနေသောနေရာ ရောက် အောင် သွားလေသည်။

ကတိုးကောင်၏အူနှင့် ကလီစာများက လမ်းတစ်လျှောက်လုံး တန်လန်းတန်းလန်းနှင့် ပါလာပြီး သွေးများကလည်း နီရဲလျက် ပါလာ လေ၏။

သို့သော် ထိုအရာများကို ဂရုမစိုက်ပဲ ၎င်းနေသောနေရာ ရောက်အောင် ပြန်လေသည်။

သူနေသောနေရာမှာ အပေါက်ဝ၌ သစ်ပင်ခြုံနွယ်များ ပိတ် ဆီးနေသော ဂူတစ်ဂူဖြစ်သည်။

ဂူထဲ ရောက်သောအခါ လက်ထဲမှ ဆွဲလာသောအရာများကို အောက်သို့ ချရာ ခေါင်းပြတ်ကြီးက လိမ့်ကျသွားသည်။

သို့ကြောင့် ပြန်ကောက်ယူပြီး ဂူနံရံမှာ မှီထောင်ထားလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ကျုပ်ကို ခေါင်းတစ်ခြား ကိုယ်တစ်ခြား ထားမှတော့ ဘယ်လိုစားရမှာလဲ"

ခင်မှုံအသံကို ကြားရသည်။

"အခုကျမှ ငါ ဘယ်လိုလုပ်ပေးရမှာလဲ"

"ကျုပ်ကို ကိုယ်နဲ့ခေါင်း ပြန်ဆက်ပေးပေါ့"

"နင့်ကိုယ်က ဘယ်နေရာမှာလဲ"

"ဘယ်မှာ ရှိမှာလဲ၊ နန်းပေါင်းရွာသံချိုင်းမှာ ရှိမှာပေါ့"

"ငါက ဘယ်လိုလုပ်ပေးရမလဲ"

"သချိုင်းမှာ ထားခဲ့တဲ့ ကျုပ်ခန္ဓာကိုယ်ကို ရှင်သွားဖော်လာခဲ့ပေါ့"

"အခုတလော ငါ့နောက်ကို ပုလိပ်တွေက လိုက်နေတာ. . . ဖြစ်ပါ့မလားဟ"

"ဖြစ်ပါတယ်. . . သူတို့ မမြင်အောင် သွားပေါ့"

"ဘယ်လိုသွားရမှာလဲ"

"သရဲတစ္ဆေတွေကို လူတွေက မမြင်ရဘူး၊ အဲဒီလို သွားပေါ့"

"ဟင်. . . ငါက လူပဲ၊ တစ္ဆေသရဲမှ မဟုတ်တာ"

တာတေစကားကြောင့် ခင်မှုံထံမှ ရယ်သံထွက်လာသည်။

ယခင်က ခင်မှုံ ယခုလို ရယ်လိုက်လျှင် ချစ်စရာကောင်းသည်ဟု ထင်ခဲ့မိသော်လည်း ယခုတော့ ကြောက်စရာ ကောင်းလှပေသည်။

"ရှင်က ကိုယ့်ကိုယ်ကို လူ့ဘဝမှာပဲ ရှိနေသေးတယ်လို့ အခုထိ ထင်နေသေးတာလား"

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့နှစ်ယောက်စလုံးကို ဓါးနဲ့ ခုတ်သတ်ပြီး တောထဲ ရောက်ကတည်းက လူအသက်မရှိတော့ဘူး၊ အပမှီပြီး သရဲဘဝ ရောက်နေတယ်ဆိုတာရော ကိုယ့်ကိုယ်ကို သတိမထားမိဘူးလား"

ထိုအခါမှ သူ့အနေနှင့် တောထဲ ရောက်ကတည်းက ရှာဖွေရ သမျှ အသားငါးများကို ချက်ပြုတ်စားသောက်ခြင်း မရှိပဲ အစိမ်းလိုက် စားခဲ့သည်များကို သတိပြုမိတော့သည်။

အစကတော့ ချက်ပြုတ်နေ၍ မီးခိုးငွေ့များ ထွက်ပါက ပုလိပ် များ တွေ့မြင်မည်စိုးသဖြင့် အစိမ်းလိုက် စားသောက်ခဲ့သည်ဟု ထင်နေ မိသည်။

ယခု ခင်မှုံပြောပြတော့မှ သူ့ကိုယ်သူ သရဲဘဝ ရောက်နေမှန်း သိရတော့သည်။

"ငါ့ဘဝက သရဲဘဝ ရောက်နေလည်း သိပ်အကြောင်းမထူး တော့ပါဘူးဟာ၊ အခု ငါ ဘာလုပ်ရမှာလဲ"

"သင်္ချိုင်းကုန်းက ကျုပ်ရဲ့ကိုယ်တစ်ပိုင်းကို သွားယူလာခဲ့ပေါ့"

ဟု ပြောသဖြင့် တာတေက ဓင်းရလာသော ကတိုးကောင် တစ်ပိုင်းကို ခင်မှုံခေါင်းပြတ်ရှေ့တွင် ချပေးခဲ့ပြီး ငှက်ကြီးတောင်ဓါးကြီး ကို ကိုင်ကာ နန်းပေါင်းရွာ သင်္ချိုင်းရှိရာသို့ ထွက်သွားလေတော့သည်။

ဓင်းရောက်သွားသောအချိန်မှာ မှောင်စပျိုးနေချေပြီ။ နန်း ပေါင်းသုဿာန်မှာ ရွာအပြင် တောစပ်၌ ရှိပြီး သစ်ပင်ချုံနွယ်များ ရှုပ်ထွေးလျက်ရှိသည်။

သစ်ပင်ကြီးများက အုံ့ဆိုင်းနေသောကြောင့် အမှောင်ရိပ်များ က ဖုံးလွှမ်းလျက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ သချိုင်းနား ရောက်တော့ ရွာဘက်မှ ခွေးအူသံများ ပေါ်ထွက်လာသည်။

တကယ်တော့ လာသာ လာခဲ့ရသည်။

ခင်မှုံအလောင်း မြှုပ်ထားသောနေရာကို သူမသိပေ။

မြေပုံအဟောင်းများ၊ မြေပုံအသစ်များက နေရာအနှံ့အပြား၌ ရှိနေသည်။

သချိုင်းအစပ်နားမှာ ရပ်နေစဉ် မလှမ်းမကမ်းရှိ သစ်ပင်ကြီးပေါ်မှ မည်းမည်းသဏ္ဍာန်တစ်ကောင် ဆင်းလာသည်။

၎င်းမှာ အရပ်မြင့်မြင့်နှင့် တစ်ကိုယ်လုံး အမွေးရှည်များရှိသည်။

နားရွက်နှစ်ဘက်က သာမန်ထက် ပိုကြီးကာ ခေါင်းသုံးလုံးတွဲချည်ထားသကဲ့သို့ ရှိလေသည်။

မျက်နှာသွင်ပြင်မှာ ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

သာမန် အခြေအနေမျိုးဆိုလျှင် သုသာန်မြေ၌ ယခုကဲ့သို့ အမှောင်ဖုံးနေသောအချိန်မျိုးတွင် ယခုကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော သဏ္ဍာန်မျိုးကို တွေ့မြင်ရပါက ကြောက်လန့်တကြားနှင့် ထွက်ပြေးကြမည်ဖြစ်သော်လည်း တာတေကတော့ ကြောက်ရွံ့မှု မရှိပေ။

လက်ထဲမှ ဓါးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားကာ ကြည့်နေသည်။

တရွေ့ရွေ့နှင့် လာနေသော မည်းမည်းသဏ္ဍာန်က တာတေနှင့် မလှမ်းမကမ်းမှာ ရပ်လိုက်သည်။

"မင်းဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အသံညြညြကြီးနှင့် မေးသည်။

"ငါ့မိန်းမအလောင်း လာရှာတာ"

"သုသာန်မှာ မြှုပ်ထားပြီးသားအလောင်းကို ယူချင်တိုင်း ယူလို့ မရဘူး"

"ငါ့သဘောနဲ့ ငါယူတာ ဘာဖြစ်လဲ၊ မင်းက ဘာကောင်လဲ"

"ငါက သင်္ချိုင်းစောင့်တာတေ"

"သင်္ချိုင်းစောင့်တာတေရောဘာသော နားမလည်ဘူး၊ ငါ့ကို နှောင့်ယှက်ရင်တော့ ဓါးစာအမိပဲ"

ယက္ခတာတေက ဓါးကို မြှောက်ပြရင်း ပြောသည်။

"ဒီလိုဆိုရင်လည်း ငါ့ကို နိုင်အောင်သတ်ပြီးမှ မင်းလိုချင်တာ ယူပေတော့"

ဟု ပြောကာ တဖြည်းဖြည်းနှင့် အနားကပ်လာရာ ယက္ခတာတေက ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ လက်ထဲမှာ ကိုင်ထားသော ငှက်ကြီးတောင်ဓါးဖြင့် ပြေးခုတ်သည်။ မည်းမည်းသဏ္ဌာန်ကိုယ်ပေါ်သို့ ဓါးချက်ပေါင်းများစွာ ထိသော်လည်း ဖွဲအိတ်ကြီးကို ခုတ်ရသကဲ့သို့ 'တဖုန်းဖုန်း' နှင့် အသံမြည်နေသော်လည်း ဘာမှ ထူးခြားမှု မရှိလှပေ။

နောက်ဆုံးတော့ ဓါးကို ပစ်ချပြီးနောက် နပန်းဖက်လုံးလေတော့သည်။

ယက္ခတာတေနှင့် သင်္ချိုင်းစောင့်တာတေတို့နှစ်ယောက်မှာ သူတပြန် ကိုယ်တပြန်နှင့် နပန်းဖက်လုံးကြရာ အချိန်အတော်ကြာသည် အထိ အနိုင်အရှုံး မပေါ်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး နှစ်ယောက်စလုံး မောဟိုက်လာသဖြင့် လူချင်းခွာလိုက်ကြသည်။

"တော်ပြီကွာ. . . ငါလည်း မောပြီ၊ နောက်တစ်နေ့မှ လာပြီး ဆက်လုံးမယ်"

ဟု ယက္ခတာတေက ပြောလိုက်သည်။

ထိုအခါ သုသာန်စောင့် တာတေက. . .

"မင်းနဲ့ငါနဲ့ နပန်းလုံးဖက် ဖြစ်သွားပြီဆိုတော့ မင်းလိုချင်တာကို အကူအညီ ပေးရမှာပေါ့၊ မင်းအခုလာတာ မင်းမိန်းမအလောင်းကို ဖော်ချင်လို့ မဟုတ်လား"

ဟု မေးသည်။

"အေး. . . ဟုတ်တယ်"

"လာ. . . ငါ့နောက်လိုက်ခဲ့၊ ငါ ပြပေးမယ်"

ဟု ပြောကာ ခေါ်သွားသဖြင့် ယက္ခတာတေက နောက်မှ လိုက်သွားလေသည်။

ချုံပုတ်များ အုပ်နေသောနေရာသို့ ရောက်သောအခါ လက်ညှိုးထိုးပြလေသည်။

"အဲဒီနေရာမှာ တူးပေတော့"

ဟု ပြောသဖြင့် တာတေက ငှက်ကြီးတောင်ဓါးဖြင့် တူးဆွလေသည်။

မြေမှာ မိုးရေထိထားသဖြင့် ပျော့အိနေရာ ခက်ခက်ခဲခဲတော့ မတူးရပေ။

အတန်ကြာအောင် တူးမိသောအခါ ဖျာလိပ်ဖြင့် ပတ်ထာ



www.burmeseclassic.com

www.burmeseclassic.com



မြှုပ်ထားသော အလောင်းတစ်လောင်း ပေါ်လာသည်။

သဘောဲ့ဖျာက ရေနှုးပြီး ပြုကျနေသည်။

တာတေက သဘောဲ့ဖျာစများကို ဖယ်လိုက်သောအခါ အပုတ်နံ့များ တထောင်းထောင်း ထနေသော ခေါင်းပြတ်အလောင်းကြီးက ပေါ်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

# ဝရမ်းပြေးကလဲ့စား

**အ**စိုးရတောအုပ်တစ်ဦး၊ ရာဇဝတ်အုပ်တစ်ယောက်တို့အား သတ်ဖြတ်ပြီး မကြာခင်မှာပင် နှစ်လောင်းပြိုင် လူသတ်မှု ဘပ်မံကျူးလွန်ခဲ့သော ယက္ခတာဝေနောက်သို့ ရာဇဝတ်အုပ် ထွန်းဆိုင်နှင့် ပုလိပ်များက သဲကြီးမဲကြီး လိုက်လံရှာဖွေနေကြလေသည်။

နန်းပေါင်းတောထဲမှာပင် ခိုအောင်းနေသည်ဆိုသော သတင်းကြောင့်လည်း ပုလိပ်အင်အား အများအပြား သုံး၍ လူစုခွဲကာ လိုက်လံရှာဖွေကြသော်လည်း တာဝေ၏အရိပ်အယောင်ကိုမျှ မတွေ့ရပေ။

www.burmeseclassic.com



ပုလိပ်များတသာ တာတေကို မတွေ့ကြသော်လည်း အခြားရွာသားများတတော့ တာရုတကို နှစ်ကြိမ်သုံးကြိမ်ထက်မနည်း တွေ့ကြရသည်။

တစ်ဖက်က ငှက်ကြီးတောင်ဓါး ကိုင်ထားပြီး အခြားလက်တစ်ဖက်ထဲမှာ ခေါင်းပြတ်ကြီးတစ်လုံး ကိုင်ထားသော တာတေကို တောထဲ၌ ဖြတ်သွားနေသည်ကို လှမ်းမြင်ကြရသည်။

တစ်ခါတစ်ရံလည်း နေဝင်ရီတရောအချိန်တွင် တောစပ်၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်ကို လှမ်းမြင်သူက မြင်ရသည်။

ထိုသတင်းများ ကြားရလေလေ ပုလိပ်များက သဲကြီးမဲကြီး လိုက်လံရှာဖွေကြလေလေ ရှိကြသည်။

ရာဇဝတ်အုပ် ထွန်းဆိုင် ခေါင်းဆောင်သော ပုလိပ်များမှာ တောကြီးမျက်မည်းထဲတွင် ပိုက်စိပ်တိုက်ကာ လိုက်လံရှာဖွေကြသော်လည်း တာတေ၏အရိပ်အယောင်ကိုမှ မတွေ့ရပေရာ နောက်ဆုံး ရွာသို့ ပြန်ခဲ့ကြသည်။

နန်းပေါင်ရွာတွင် သူကြီးဦးစံမြ အသတ်ခံရပြီး နောက်ထပ်တက်လာသော သူကြီးဦးဖူးရှုံဖြစ်သည်။

ဦးဖူးရှုံက ရာဇဝတ်အုပ်နှင့် ပုလိပ်များကို ဒိုင်ခံချက်ပြုတ်ကျွေးမွေးရလေသည်။ ရာဇဝတ်အုပ် ထွန်းဆိုင်တို့ ရွာသို့ ပြန်ရောက်ရုံရှိသေးသည်။ ရွာသားတစ်ယောက်က အူယားဖားယား ပြေးလာပြီး ပြောသည်။

"ရာဇဝတ်အုပ်မင်းတို့က တောထဲ လိုက်ရှာနေတဲ့အချိန်မှာ တာတေက ရွာထဲ ရောက်နေတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ ရာဇဝတ်အုပ်ရော သူကြီးပါ မျက်လုံးပြူးသွားကြလေသည်။

"မင်းဥစ္စာ သေချာရဲ့လား၊ လူများ မှားနေရော့သလား။ တာတေကတော့ ဒီလောက်အရဲကိုးပြီး ရွာထဲ လာဝံ့မယ် မထင်ပါဘူး"

"တာတေမှ တာတေအစစ်ပါဗျာ၊ ခင်မှုံနဲ့ သူကြီးဦးစံမြကို သတ်သွားတဲ့ညက ပုံစံအတိုင်း တွေ့လိုက်ရတာ၊ သူ့မျက်နှာကြီးက ဒီပြီးကြောက်ဖို့ကောင်းလာတယ်ဗျ၊ နောက်ပြီး လက်ထဲမှာလည်း ငှက်ကြီးတောင်ဓါးကြီး ကိုင်ထားတာဗျ"

"မင်းတို့ ဘယ်နေရာမှာ တွေ့တာလဲ"

"ခင်မှုံတဲရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာဗျ၊ ကျုပ်တို့လည်း အဝေးကသာ လှမ်းကြည့်ဝံ့တာ"

"ဘယ်အချိန် တွေ့တာလဲ"

"နေဝင်ရီတရောအချိန်လောက်မှာ တွေ့တာ"

"ကဲ. . . မင်းတို့ တစ်နေရာကနေ တစေ့တစောင်း ကြည့်ကြ၊ ငါတို့လည်း ပြန်ရောက်နေပြီဆိုတော့ ဒီတစ်ခါ မြင်တာနဲ့ ချက်ချင်းလာပြောကြ. . . ကြားလား"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ရွာသားများ ပြန်သွားကြလေသည်။

သူကြီးဦးဖူးရှုံလည်း ၎င်းအိမ်သားများအား ရာဇဝတ်အုပ်နှင့် ပုလိပ်များ ကျွေးမွေးရန်အတွက် ထမင်းဟင်းများ စီမံချက်ပြုတ်စေသည်။

ပုလိပ်များကလည်း တစ်နေကုန် တောထဲမှာ ပင်ပန်းလာကြ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ပါးစပ်တပြင်ပြင် ဖြစ်နေကြသည်။

ညဦးပိုင်းအချိန်တွင် ထမင်းဟင်းများ ချက်ပြုတ်ပြီးသောကြောင့် အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာပင် ဝိုင်းဖွဲ့ကျွေးရန် ထမင်းပွဲများ ပြင်ဆင်နေကြသည်။

ထိုအချိန်မှာပင် ရွာသားတစ်ယောက် ရေးကြီးသုတ်ပျာနှင့် ရောက်လာပြီး သတင်းလာပို့သည်။

"သူကြီး. . . တာတေ ရောက်နေပြီဗျ"

"ဟေ. . . ဘယ်မှာလဲ"

"ခင်မှုံတို့အိမ်ရှေ့မှာ ဓါးကြီးကိုင်ပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာ မြင်ခဲ့တယ်"

"ဒါဖြင့် အမြန်သွားပြီး အမိဖမ်းကြရအောင်. . . အသင့်ပြင်ကြ"

ပုလိပ်များမှာ ထမင်းလုပ် ပါးစပ်ထဲ ရောက်ကာနီးမှ ချက်ချင်းပြန်ထကာ သေနတ်များကို ပြင်ဆင်ကြရလေသည်။

ထို့နောက်. . .

သူကြီးနှင့် ရာဇဝတ်အုပ်တို့က ရှေ့မှ ဦးဆောင်ကာ နောက်မှ ပုလိပ်များရော ရွာသားများပါ လက်နက်များ အသီးသီး ကိုင်ဆောင်၍ ခင်မှုံတို့အိမ် ရှိရာသို့ လာခဲ့ကြလေသည်။

အချိန်ကလည်း မှောင်ရီသမ်းစအချိန် ရောက်နေချေပြီ။

ရင်းတို့လူအုပ်ကြီး ထွက်သွားသောအခါ သူကြီးအိမ်၌ ဘာမှသိပ် မကျန်တော့ပေ။

သူကြီးကတော်နှင့် မိန်းမအချို့သာ ကျန်ခဲ့ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



မိန်းမများမှာလည်း ကြောက်ကြောက်လန့်လန့်နှင့် လူဆိုးဖမ်းသွားသူများ ပြန်ရောက်လာပါက အဆင်သင့် စားသောက်နိုင်ရန် ထမင်းပွဲများကို အဆင်သင့်ပြင်ကာ အုပ်ထားကြသည်။

အတန်ကြာသောအခါ ခင်မှုံတို့အိမ်ဘက်မှ သေနတ်သံများ ပေါ်ထွက်လာသည်။

"ဒိုင်း. . . ဒိုင်း"

"ဒိန်း. . . ဒိန်း"

ရိုင်ဖယ်သေနတ်သံများရော နှစ်လုံးပြူးသေနတ်သံများပါ ကြားရသော သူကြီးကတော်နှင့် မိန်းမများမှာ အတန်အသင့် ဝမ်းသာသွားကြလေသည်။

"ဒီတစ်ခါတော့ လူသတ်သမားကို မိပြီထင်တယ်"

"မိလို့သာ သေနတ်နဲ့ ပစ်ဖမ်းတာ ဖြစ်မှာပေါ့"

"မိပါစေတော်. . . ဒါမှပဲ ကောင်းကောင်းနေရမယ်၊ နို့မဟုတ်ရင် ဓါးကြီးကို တကိုင်ကိုင်နဲ့ စိတ်မထင်ရင် မထင်သလို ဝင်သတ်မှာ စိုးရတယ်"

ဟု အိမ်ထဲမှာ ထိုင်ပြောနေကြစဉ် အိမ်ရှေ့ကွပ်ပျစ်ပေါ်၌ ပြင်ဆင်ထားသော ထမင်းပွဲ ရှိရာမှ ဇွန်းသံ ပန်းကန်သံများ ကြားရသည်။

"ထမင်းပွဲကို ဘယ်သူဝင်စားနေတာလဲ ကြည့်ကြစမ်းဟဲ့"

ဟု သူကြီးကတော်က ပြောသဖြင့် လှမ်းကြည့်လိုက်သောအခါ အားလုံးမျက်လုံးပြူးသွားကြလေသည်။

ထမင်းပွဲ၌ အားရပါးရ ဝင်စားနေသူမှာ အခြားမဟုတ်ပေ။ ဗေတ္တာတာဝေပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ. . . အိမ်ရှေ့မှာ ထ. . . ထမင်းစားနေတာ တာ. . . တာတေကြီးတော့"

"ဟဲ့. . . ဟုတ်ရဲ့လား"

"တာတေမှ တာတေအစစ်ပါတော်၊ သူ့ဘေးနားမှာ ဓါးကြီး တောင် ချထားလိုက်သေးတယ်"

"ဒီလိုဆိုရင် အသံမပေးကြနဲ့ဟဲ့၊ တော်တော်ကြာ ငါတို့ပါ ဝင် သတ်သွားဦးမယ်"

ဟု ပြောဆိုကာ မီးခွက်မှုတ်ပြီး ငြိမ်နေကြရသည်။

ထမင်းပွဲများကို အားရပါးရ စားသောက်နေသော တာတေမှာ မည်သူ့ကိုမှ ဂရုစိုက်ဟန် မရှိပဲ အေးအေးဆေးဆေးပင် စားသောက် နေသည်။

၎င်း၏ပုံပန်းသဏ္ဌာန်မှာလည်း ယခင်ကနှင့် လုံးဝမတူတော့ ပေ။ အဝတ်အစားများက အစိတ်စိတ်အမြွာမြွာ စုတ်ပြဲနေပြီး ခန္ဓာကိုယ် ကြီးမှာလည်း ပုပ်ပွနေသကဲ့သို့ ကြီးမားနေသည်။ မျက်နှာမှာလည်း လူရုပ်မရှိတော့ပဲ သရဲသဘက်တစ်ကောင်အလား ကြောက်မက်ဖွယ်ရာ ဖြစ်နေချေပြီ။

တာတေသည် စားပွဲပေါ်၌ ပြင်ဆင်ထားသော ထမင်းဟင်း များကို အရိုးအရင်းပါမကျန် ကုန်စင်အောင် စားသောက်ပြီးသောအခါ ထမင်းပွဲများကို ခြေထောက်ဖြင့် ကန်ကျောက်လိုက်ရာ မြေပေါ်သို့ လွင့်စဉ်ကျသွားတော့သည်။

ပြီးမှ ဓါးကြီးကို ကောက်ကိုင်ကာ အိမ်ဘက်သို့ တစ်ချက်လှမ်း ကြည့်လေရာ အိမ်ထဲမှာ ပုန်းနေသော မိန်းမများမှာ လန့်မအောင်မိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ပါးစပ်ပိတ်ထားကြရသည်။

ထိုအခိုက်မှာပင် ရွာထဲမှ ဆူဆူညံညံအသံများ ကြားလာရသည်။ လူဆိုးသွားဖမ်းသောအဖွဲ့များ ပြန်လာကြလေသည်။

ထိုအခါမှ တာတေသည် မကျေမချမ်းဖြင့် အံကြိတ်ကာ အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

မရှေးမနှောင်းမှာပင် သူကြီးနှင့် ပုလိပ်အဖွဲ့များ ပြန်ရောက်လာကြလေသည်။

"တောက်. . . အိမ်ထဲမှာ ရှိနေမှန်း လှမ်းမြင်နေရပါရက် သေနတ်နဲ့ ပိုင်းပစ်တဲ့ကြားက ဘယ်လိုလွတ်သွားတယ် မသိဘူး"

"အတော်အံ့ဩဖို့ကောင်းတယ်. . . ကျုပ်တို့ ရောက်သွားတဲ့အချိန်မှာ တဲပေါက်ဝမှာ မတ်တတ်ရပ်နေတာကို သေသေချာချာ မြင်လိုက်ရသေးတယ်၊ လက်နှိပ်မီးနဲ့ လှမ်းထိုးကြည့်တော့ ပုံပျက်ပန်းပျက်ဖြစ်နေတဲ့ သူ့မျက်နှာကြီးကိုတောင် အတိုင်းသား မြင်နေရသေးတာပဲ၊ ကျုပ်တို့ဘက်တောင် လှည့်ကြည့်ပြီး သွားဖြဲပြလိုက်သေးဘယ်"

"သူ့လက်ထဲမှာလည်း ဓါးက ကိုင်ထားသေးတယ်၊ ဓါးကိုချိုင်းတာ မချတာနဲ့ သေနတ်နဲ့ နှစ်ချက်ပစ်တာ ရင်ပွင့်ထွက်ပြီ မှတ်တာ၊ အံ့ဩစရာပဲ. . . ဘာမှမဖြစ်ဘူးဗျာ၊ တဲထဲ လှည့်ဝင်သွားသေးတယ်"

"ဒါတင် ဘယ်ကပါ့မလဲ၊ တဲထဲမှာ သူရှိနေမှန်းသိလို့ တဲပတ်ပတ်လည် ဝိုင်းပြီး ဝင်ရှာတော့လည်း မတွေ့ရပြန်ဘူး၊ ဇကန္တသေတ္တာထဲမှာ ပြေးရင်းလွှားရင်းနဲ့ သိဒ္ဓိရှိတဲ့ ဂမုန်းဥတွေ စားမိပြီး သေနတ်ပီးတဲ့နည်းတင်မကဘူး၊ ကိုယ်ပျောက်တဲ့အစွမ်းပါ ရသွားရော



www.burmeseclassic.com

www.burmeseclassic.com



သလား မပြောတတ်ဘူးဗျို့”

ထိုသို့ အချင်းချင်း ပြောဆိုကာ ခြံဝန်းထဲ ဝင်လာကြရာ အတွင်းသို့ ရောက်သောအခါ ခြံဝန်းတစ်ခုလုံး ပြန့်ကျဲနေသော ထမင်းပန်းကန်တင်းပန်းကန်များကို တွေ့မြင်ရသောအခါ များစွာအံ့ဩသွားကြလေသည်။

“ဟဲ့. . . ဒါတွေက ဘယ်လိုဖြစ်တာတုန်း”

ထိုအခါမှ သူကြီးကတော်က အပြင်သို့ ထွက်လာပြီး. . .

“ဘယ်လိုဖြစ်ရမှာလဲ. . . တော်တို့ သွားဖမ်းတဲ့ တာတေက တော်တို့ ထွက်သွားပြီး မကြာပါဘူး၊ ဒီကိုရောက်လာပြီး ထမင်းဟင်းတွေ အကုန်စားသွားရုံ မကဘူး၊ ထမင်းပွဲတွေပါ ခြေထောက်နဲ့ ကန်ချသွားတာ မြင်တဲ့အတိုင်းပဲ”

ဟု ပြောလေရာ အားလုံးအံ့ဩသွားကြလေတော့သည်။

သူတို့က ဟိုမှာ တာတေကို သဲကြီးမဲကြီး ဖမ်းဆီးနေချိန်မှာ တာတေက သူတို့အတွက် ပြင်ဆင်ထားသော ထမင်းဟင်းများကို လာရောက်စားသောက်သွားခဲ့လေပြီ။

တစ်နေရာမှာ သေနတ်ဖြင့် ဝိုင်းပစ်နေသော တာတေဘယ်ကဘယ်လို သူကြီးအိမ် ရောက်လာပြီး ထိုကဲ့သို့ သောင်းကျန်းသွားသည်ကို မစဉ်းစားနိုင်အောင် ရှိကြလေသည်။

သူကြီးနှင့် ရာဇဝတ်အုပ် ထွန်းဆိုင်တို့မှာ ၎င်းတို့အား အရှုံးလုပ်သွားသော ရာဇဝတ်ကောင် တာတေအပေါ် မကျေမနပ် ဖြစ်ကာ ဆဲဆိုကြိမ်းမောင်းနေကြလေသည်။

ရွာထဲမှာလည်း တာတေနှင့် ပတ်သက်ပြီး အမျိုးမျိုး ပြောဆိုနေ



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

"ဟိုတစ်နေ့က တာတေကို ပုလိပ်တွေက သေနတ်နဲ့ ဝိုင်းပစ်တာ မသေဘူးတဲ့၊ သေနတ်ပြီးတဲ့ဆေးများ ရှိနေရော့သလား"

"ဒါတင် ဘယ်ကမှာလဲ၊ တဲထဲမှာ ရှိနေမှန်း သိလို့ လူတွေဝိုင်းဖမ်းတာ ဟိုမှာ မတွေ့ရတော့ပဲ တာတေက သူကြီးအိမ် ရောက်လာပြီး ထမင်းဟင်းတွေ အကုန်စားသွားတာတဲ့၊ သေနတ်ပြီးရုံ မကဘူး၊ ကိုယ်ပျောက်ဆေးပါ ရှိချင်ရှိနေမှာ"

ဤသို့ဖြင့် တာတေသတင်းက တစ်နေ့တစ်ခြား ကြီးလာတော့သည်။

နန်းပေါင်းရွာမှသာမက အခြားရွာများမှပါ ထိုသတင်းကို ကြားပြီး စိတ်ဝင်စားနေကြသည်။

ထို့ပြင် တောနင်းရှာဖွေနေသော ပုလိပ်များကသာ တာတေ၏ အရိပ်အယောင်ကို မတွေ့ကြရသော်လည်း တောထဲမှာ သွားလာနေကြသော ရွာသူရွာသားများနှင့်တော့ မကြာခဏ တွေ့ရလေသည်။

၎င်းတို့မှာ ကြောက်မက်ဖွယ်ဖြစ်နေသော တာတေ၏ပုံပန်းသဏ္ဌာန်ကို တွေ့မြင်ရသည်နှင့် ကြောက်လန့်တကြား ထွက်ပြေးကြရလေသည်။

ပုလိပ်များမှာ အစွမ်းအစ ရှိသလောက် နေ့ရောညပါ ကြိုးစားပါသော်လည်း ဝရမ်းပြေးတာတေကို မမိနိုင်ဘဲ ရှိနေရာ ရာဇဝတ်ဝန်ကြီးက ဒေါသူပုန်ထကာ တာတေကို ဖမ်းဆီးရန်အတွက် နောက်ထပ်စစ်ပုလိပ်များကိုပင် ထပ်လွှတ်လိုက်လေသည်။

တာတေ အဝင်အထွက်ရှိသော ခင်မှုံတို့အိမ်အနီးတစ်ဝိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း လျှို့ဝှက်စွာဖြင့် အစောင့်များ ချထားလေသည်။

သို့သော်လည်း တာတေက ၎င်းတို့ ရှိသည့်နေရာသို့ ဘယ်သောအခါမှ လာလေ့မရှိပေ။

ပုလိပ်များက ရွာအရှေ့ဘက်မှ ထွက်လျှင် အနောက်ပေါက်မှ ဝင်လာသည်။

အနောက်မှ ဝင်လာသည် ကြားသဖြင့် ပတ်ဝိုင်းသောအခါ အရှေ့ဘက်မှ ထွက်သွားတတ်သည်။

ဤနည်းဖြင့် ပုလိပ်များကို အရူးလုပ်ကာ ဒုက္ခပေးနေတော့သည်။

နောက်တော့ စစ်ပုလိပ်များ၊ ဌာနအုပ် ထွန်းဆိုင် ခေါင်းဆောင်သော ပုလိပ်များ၊ ရွာသူကြီးနှင့် ရွာသူရွာသားများမှာ နန်းပေါင်းတောထဲသို့ ဝင်ကာ တောနင်းရှာကြလေသည်။

သို့သော် တာတေ၏အစအနကိုမျှ မတွေ့ရဘဲ ၎င်းနေထိုင်ခဲ့သော နေရာဟောင်းများကိုသာ တွေ့ကြရသည်။

တောထဲသို့ ဝင်ရောက်ရှာဖွေသော အဖွဲ့သားများမှာ ရက်ကြာလာသည်နှင့် အစာရေစာပြတ်တောက်မှုနှင့် မိုးလေမိပြီး ဖျားသူကဖျားကြလေသည်။

အချို့လည်း ရောဂါပြင်းသဖြင့် ရွာသို့ ပြန်ပို့ပေးရသည်။

စစ်ပုလိပ်နှင့် ပုလိပ်များမှာ ရာဇဝတ်ဝန်ကြီးက ဝရမ်းပြေး တာတေကို အသေရရ အရှင်ရရ မမိမချင်း မပြန်ခဲ့နှင့်ဟု တစ်ချက်လွှတ် အမိန့်ပေးလိုက်သောကြောင့် အဘယ်မျှပင် ဒုက္ခဆင်းရဲများနှင့် ကြုံကြုံ ဆက်လက်ရှာဖွေကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်မှာတော့ တာတေ၏ခြေရာလက်ရာများကို တွေ့သဖြင့် လျှို့ဝှက်စွာ စောင့်နေကြသည်။

ထိုနေရာသည် စမ်းချောင်းကလေး ရှိသည်။

နေဝင်ရီတရောအချိန်တွင် ချောင်းစပ်သို့ ဆင်းလာသော တာတေကို လှမ်းမြင်ကြရသဖြင့် သေနတ်များဖြင့် အနီးကပ် ဝိုင်းပစ်ကြရာ တောတစ်တောလုံး သေနတ်သံများ ဆူညံသွားလေတော့သည်။

သေနတ်ဖြင့် ပစ်လိုက်စဉ်မှာ သောင်ပြင်ပေါ်သို့ လဲကျသွားသည်ကိုလည်း လှမ်းမြင်ရသည်။

သို့စေကာမူ. . .

သူတို့နေရာမှ မထခင်မှာပင် သေနတ်ကျည်ဆန် ထိမှန်သွားသော တာတေက နေရာမှ ပြန်ထကာ တောထဲသို့ ပြေးဝင်သွားလေတော့သည်။

သို့ကြောင့် ကပျာကယာ ထကာ နောက်မှ ပြေးလိုက်ကြလေသည်။ ထိုသို့ လိုက်ကြရာဝယ် စစ်ပုလိပ်များက တစ်နေရာ၊ ရာဇဝတ်အုပ် ထွန်းဆိုင် ခေါင်းဆောင်သော ပုလိပ်များက တစ်နေရာနှင့် သူကြီးဦးဖူးရုံနှင့် ရွာသူရွာသားများက တစ်နေရာစီ ခွဲ၍ရှာဖွေကြလေသည်။

ထိုသို့ နေရာလပ် မကျန်အောင် လိုက်လံရှာဖွေကြသော်လည်း ဝရမ်းပြေးတာတေကတော့ အစအနမျှပင် မတွေ့ရပဲ ပျောက်ချင်းမလှ ပျောက်သွားလေသည်။

ရာဇဝတ်အုပ် ထွန်းဆိုင်မှာ အပွဲပွဲ နွှဲလာသမျှ ဒီပွဲကျမှ နှင်ပစ်ခံရသလို လူဆိုးလူမိုက်ပေါင်းများစွာတို့ကို လက်ရဖမ်းဆီးလာခဲ့ပြီးမှ ယခု ဝရမ်းပြေးတာတေနှင့် တွေ့တော့မှ အရှက်တကွဲ အကျိုးနည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရသည်။

အထက်အရာရှိများကလည်း လုပ်ငန်းတစ်ခု မအောင်မြင်လျှင် ၎င်းတို့အပေါ် တာဝန်ပိမည်စိုးသောကြောင့် လက်အောက်ငယ်သား များအား ဖိကြိမ်းကာ အပြစ်တင်လေ့ရှိသည့် သဘာဝအတိုင်း ယခု ထွန်းဆိုင်ခမျာလည်း အထက်လူကြီးများ၏ကြိမ်းမောင်းအပြစ်တင်ခြင်း ကို ခံနေရလေသည်။

ထိုသို့ အကြိမ်အမောင်း ခံရလေလေ ဝရမ်းပြေးတာတေ အပေါ် ဒေါသထွက်လေလေဖြစ်၏။

သို့ကြောင့် ၎င်းအား မမိလျှင် မပြန်တော့ဟု ဆုံးဖြတ်ကာ သဲကြီးမဲကြီး လိုက်လံရှာဖွေလေသည်။

ရာဇဝတ်အုပ် ထွန်းဆိုင်မှာ မိမိနောက်မှ ပါလာသော ပုလိပ် များကို တစ်နေရာစီ ခွဲ၍ ရှာဖွေစေပြီး ၎င်းကိုယ်တိုင်က သေနတ်ကို အဆင်သင့် ပြင်ကာ လိုက်လံရှာဖွေရင်း တောနက်ထဲသို့ ရောက်လာ လေတော့သည်။

တစ်နေရာ ရောက်သောအခါ ချုံနောက်ဘက်မှ မသင်္ကာဖွယ် ရာ လှုပ်ရှားမှုတစ်ခုကို တွေ့ရသဖြင့် သတိကြီးစွာထား၍ အနီးသို့ တိုးကပ်သွားစဉ် အနားရောက်သောအခါမှ ဝါကနဲ ထပျံသွားသော တောကြက်နှစ်ကောင်ကို တွေ့ရသဖြင့် လန့်သွားလေသည်။

ထိုအခိုက်မှာပင် နောက်ကျောဘက်မှ ရေခဲတုံးကြီးဖြင့် ကပ် လိုက်သကဲ့သို့ စိမ့်ခနဲ ဖြစ်သွားသဖြင့် လှည့်ကြည့်လိုက်ရာ ကြောက်မက် ဖွယ်ကောင်းသော မျက်နှာကြီးကို တွေ့လိုက်ရသည်။ မျက်နှာကြီးမှာ ပုံပျက်ပန်းပျက် ဖောရောင်နေပြီး အမွေးအမှင်များကလည်း ထိုးထိုး



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထောင် ပေါက်နေသည်။ မျက်လုံးနီနီကြီးကို ပြူးထားပြီး ပါးစပ်တွင်းမှ သွားများ ပေါ်အောင် ဖြဲထားသည်။

လက်ထဲမှာ သွေးစွန်းနေသော ငှက်ကြီးတောင်ခါးကြီးကို ကိုင်ထားသော ဝရမ်းပြေးတာတေပင် ဖြစ်သည်။

ဝရမ်းပြေးတာတေနှင့် ထွန်းဆိုင်မှာ လက်တကမ်းပင် မကွာတော့ပေ။

ထိုအခါမှ ဝရမ်းပြေးတာတေ၏မျက်နှာနှင့် ပုံပန်းသဏ္ဌာန်မှာ လူရုပ်နှင့် မတူတော့ပဲ တစ္ဆေသရဲတစ်ကောင်နှင့် တူနေသည်ကို တွေ့ရတော့သည်။

"မင်း ငါ့ကို ရှာနေတာ မဟုတ်လား"

အသံသြသြကြီးဖြင့် မေးလိုက်သည်။

ထွန်းဆိုင်မှာ မတွေ့ခင်က မောင်းတင်ထားသော်လည်း တကယ်တမ်း ရင်ဆိုင်တွေ့သောအခါ ခြေတုန်လက်တုန်ဖြစ်လာပြီး ဘာလုပ်ရမှန်း မသိတော့ပေ။

သေနတ်ကိုင်ထားသော လက်များပင် တဆတ်ဆတ် တုန်နေလေသည်။

"ပုလိပ်စုတ်. . . အခုတော့ ကြောက်နေပြီ မဟုတ်လား၊ မင်းလက်ထဲက သေနတ်နဲ့ ငါ့ကို ပစ်လိုက်လေကွာ"

ထိုသို့ပြောသည်နှင့် သေနတ်ဖြင့် ချိန်ကာ မောင်းဖြုတ်ချလိုက်လေသည်။

"ဒိုင်း. . ."

အနီးကပ် ပစ်ရသောကြောင့် လွဲစရာအကြောင်းမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကျည်ဆန်က တာတေကိုယ်ကို ဖောက်ထွက်သွားသည်။ ဝရမ်းပြေးတာတေမှာ နောက်ဘက်သို့ ယိုင်လဲကျသွားသော်လည်း ချက်ချင်းပြန်ထလာသည်။

"ဟင်. . . မင်း သေနတ်နဲ့ ပစ်လို့ မသေဘူးဟုတ်လား"

"ဟုတ်တယ်လေကွာ. . . ထပ်ပစ်ကြည့်ပါဦး"

"ဒိုင်း. . ."

နောက်တစ်ချက် ထပ်ပစ်သော်လည်း ချက်ချင်းပြန်ထလာသည်။

ထွန်းဆိုင်မှာ အခြေအနေ မဟန်မှန်း ရိပ်မိသဖြင့် နောက်ကြောင်းသို့ ပြန်လှည့်ပြေးလေတော့သည်။

"မင်းအလှည့်ပြီးရင် ငါ့အလှည့်ပေါ့ကွာ. . . သေပေတော့"

ဝရမ်းပြေးတာတေက ဌက်ကြီးတောင်ခါးကြီးကို မြှောက်ကာ ပြေးလိုက်လာလေသည်။

ထွန်းဆိုင်မှာလည်း အခြားသူကို သေနတ်နဲ့ ရက်ရက်စက်စက် ပစ်သတ်ဝံ့သော်လည်း မိမိသေရမည့်အလှည့်ရောက်သောအခါ များစွာကြောက်ရွံ့လျက် ဘေးလွတ်ရာသို့ ပြေးလေတော့သည်။

ဝရမ်းပြေးတာတေကလည်း ထပ်ကြပ်မကွာ လိုက်လာသည်။

တစ်နေရာရောက်သောအခါ သစ်တုံးတစ်ခုကို ခလုတ်တိုက်ပြီး လဲကျသွားလေရာ သေနတ်တခြား လူတခြား ဖြစ်သွားလေတော့သည်။

ထိုအချိန်မှာပင် ဝရမ်းပြေးတာတေက အနားရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့. . . ငါ့ကို မသတ်ပါနဲ့. . . ချမ်းသာပေးပါကွာ"

"မင်းတို့ နှိပ်စက်လို့ အပြစ်မရှိပဲ ဒုက္ခရောက်ရတဲ့သူတွေ အတော်များလှပြီ၊ မင်းကို အသက်ရှင်ခွင့်ပေးရင် အဆိပ်ပင် ရေလောင်းသလို ဖြစ်မယ်. . . ကဲကွာ"

ဟု ပြောဆိုကာ ဓါးဖြင့် ခုတ်ပိုင်းချလိုက်ရာ ဇက်ပြတ်ကျသွားတော့သည်။

ဌာနအုပ်ထွန်းဆိုင်၏ကြောက်လန့်တကြား အော်ဟစ်လိုက်သံကြီးက ပဲ့တင်ထပ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀)

# တရုတ်ဝါးနှင့် မိစ္ဆာနီဂုံး

**နောက်**ပိုင်းမှာလည်း ဝရမ်းပြေးတာတေနောက်သို့ လိုက်ကြသူများမှာ ဝရမ်းပြေးတာတေလက်ချက်ဖြင့် တစ်ယောက်ပြီးတစ်ယောက် သေဆုံးကြရလေသည်။

သို့ကြောင့် အချို့ရွာသားများမှာ တောထဲသို့ မလိုက်ဝံ့အောင် ဖြစ်လာကြတော့သည်။

ဝရမ်းပြေးတာတေကလည်း တစ်နေ့တစ်ခြား ပိုမိုဆိုးဝါးလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်နှင့် ရွာသားများက ဇင်းအား ရှာဖွေရန် တောထဲ သွားကြသောအချိန်မှာ သူက ရွာထဲ ရောက်လာပြီး သောင်းကျန်းချင်တိုင်း သောင်းကျန်းလေတော့သည်။

ရွာထဲ ရောက်နေသည် သတင်းကြား၍ ပြန်လာကြလျှင် သူက တောထဲ ပြန်ရောက်သွားလေသည်။

နည်းအမျိုးမျိုးနှင့် ကြံစည်ကာ ဖမ်းဆီးရန် ကြိုးစားကြသော်လည်း မမိနိုင်ပဲ ဝရမ်းပြေးတာတေလက်ချက်ကြောင့် တစ်ယောက်ပြီး တစ်ယောက် သေကြရလေသည်။

နောက်ဆုံးမှာတော့ ရွာလူကြီး ဦးဖူးရုံက အကြံတစ်ချက် ရသဖြင့် ဇေယျမင်းထင်ထံသို့ ရောက်လာပြီး အကူအညီတောင်းလေသည်။

"ကျုပ်တို့ကို အကူအညီပေးပါဦး ဆရာကြီးရယ်၊ ဒီပုံအတိုင်းသာ သွားရင် ကျုပ်တို့တစ်ရွာလုံး ဒုက္ခတွေ့ကြရပါလိမ့်မယ်"

"ခင်ဗျားတို့တော့ အကူအညီ ပေးချင်ပါရဲ့၊ ဒါပေမယ့် ပုလိပ်တွေနဲ့ ပတ်သက်နေတော့ အကူအညီ မပေးချင်ဘူးဗျ"

"အခုကိစ္စက ပုလိပ်တွေနဲ့ ပတ်သက်ပြီး အကူအညီ တောင်းတာ မဟုတ်ပါဘူး၊ ကျုပ်တို့ရွာအတွက် အကူအညီ လာတောင်းတာပါ။ တာတေကို ဘယ်လိုသတ်လို့မှ မသေတော့ပဲ သူ့လက်ချက်ကြောင့် ရွာသားတွေ တစ်ယောက်ပြီးတစ်ယောက် သေနေကြရတယ်၊ ဒီပုံ အတိုင်းဆိုရင် မကြာခင် ရွာပျက်ရတော့မယ် ထင်ပါရဲ့၊ အဆိတ် လောက် အကူအညီပေးပါဦး ဆရာကြီးရယ်"

ဟု တောင်းပန်ပြောဆိုသဖြင့် ဇေယျမင်းထင်က အကူအညီ

www.burmeseclassic.com

www.burmeseclassic.com



ပေးမည်ဖြစ်ကြောင်း ကတိပေးလိုက်လေသည်။

သူကြီး ပြန်သွားသောအခါ. . .

"ကဲ. . . မောင်ကျော်စွာရေ ရပ်ရေးရွာရေးနဲ့ ပတ်သက်လာပြီ ဆိုတော့လည်း ကျုပ်တို့ အကူညီပေးမှ ဖြစ်မယ်"

ဟု ပြောလိုက်သည်။

"သူက သတ်လို့ မသေတော့တာ ဘာကြောင့်လဲ ဆရာကြီး"

"တာတေက လူစိတ်မှ မရှိတော့တာ၊ လူစင်စစ်ကနေ နာနာ ဘာဝအဖြစ်ကို ရောက်နေပြီဆိုတော့ သတ်လို့ ဘယ်ရတော့မှာလဲ"

"ဒါဖြင့် ဘယ်လိုသတ်မှာလဲ ဆရာကြီး"

"နည်းလမ်းရှိပါတယ်. . . မောင်ကျော်စွာနဲ့ကျုပ်နဲ့ သုသာန်ကို သွားကြရမယ်"

ဟု ပြောဆိုကာ နန်းပေါင်းရွာ သုသာန်သို့ သွားကြလေသည်။

သုသာန်ရောက်သောအခါ အလောင်းများကို မီးသင်္ဂြိုဟ်ရာ တွင် အသုံးပြုထားခဲ့သော တစူးဝါးတစ်ချောင်းကို ရအောင်ရှာကြသည်။

တစူးဝါးမှာ အလုံးအရွယ်တော် ရှိပြီး အလျား လေးတောင်ခန့် အရှည်ရှိကာ တစ်ဖက်ချွန်ဖြစ်သည်။

ဇေယျမင်းထင်က တစူးဝါး ရသောအခါ သုသာန်မြေမှာပင် အစီအရင်များ ပြုလုပ်လေသည်။

(ထိုအစီအရင်များ ပြုလုပ်ပုံများကို ဖော်ပြရန် မသင့်လျော် သဖြင့် မဖော်ပြတော့ပြီ)

တစူးဝါး ရသောအခါ အဝတ်စများဖြင့် လုံခြုံအောင် ပတ်လိုက် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လတ်နက်တော့ ရပြီ၊ တောထဲ ဝင်ကြရအောင်၊ တာတေနဲ့ ရင်ဆိုင်တွေ့တဲ့အခါ သတိတော့ထား မောင်ကျော်စွာ၊ သူက သရဲဘဝ ရောက်နေပြီဆိုတော့ မှတ်မိချင်မှ မှတ်မိတော့မယ်၊ စိတ်ချရအောင် တချပ် လက်ဖွဲ့တစ်လုံး ပေးထားမယ်၊ လည်ပင်းမှာ ဆွဲထားပေတော့"

ဟု ပြောကာ လက်ဖွဲ့တစ်လုံး ပေးသဖြင့် ကျော်စွာက လည်ပင်းမှာ ဆွဲထားလိုက်သည်။

ထို့နောက်. . .

နှစ်ယောက်သား တောနက်ထဲ ဝင်ကြလေသည်။

သူတို့ တောနက်ထဲ ရောက်သောအချိန်မှာပင် မိုးက တဖွဲဖွဲ ရွာချလာလေတော့သည်။

"ဒီအတိုင်း ရှာနေလို့တော့ သူနဲ့ တွေ့ရမှာ မဟုတ်ဘူး၊ ဒီတော့ အမြန်ဆုံး တွေ့ရအောင် အမဲတစ်ကောင်လောက် ရအောင် အရင်ပစ်ကြစို့"

ဟု ပြောကာ သားကောင်လိုက်ပစ်ရာ ကံအားလျော်စွာ သစ်ပင်တစ်ပင်အောက်၌ မိုးခိုနေသော ဒရယ်တစ်ကောင်ကို တွေ့သဖြင့် ပစ်သတ်လိုက်သည်။

ဒရယ်ကို ရသည်နှင့် သစ်ပင်အောက်မှာပင် ဖျက်ကြလေသည်။

ဒရယ်ကို ဖျက်နေစဉ် သွေးညှီနံ့များက ပတ်ဝန်းကျင်သို့ ပျံ့နှံ့သွားလေသည်။

ခဏကြာတော့ တောတိုးလာသော အသံအချို့ကို မသဲမကွဲ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူလာနေပြီ မောင်ကျော်စွာ"

ဇေယျမင်းထင်က သတိပေးလိုက်သည်။

ခြေသံက တဖြည်းဖြည်းနှင့် နီးလာပြီး နောက်ဆုံး အနား ရောက်လာကာ သစ်ပင်သစ်ကိုင်းများကြားမှ ဝရမ်းပြေးတာတေ တိုး ထွက်လာတော့သည်။

၎င်း၏ပုံပန်းသဏ္ဌာန်မှာ ယခင်ကထက် ပိုမိုကြောက်မက်ဖွယ် ကောင်းလာလေသည်။

ဆံပင်နှင့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးအရှည်များအပြင် တစ် ကိုယ်လုံးမှာ အမွေးအမှင်များက ထိုးထိုးထောင်ထောင် ပေါက်နေ သည်။

ခန္ဓာကိုယ်မှာ ပိုမိုကြီးထွားလာကာ သာမန်မဟုတ်တော့ပဲ ပုတ်အက်နေပြီ။

မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့မှာလည်း လူတစ်ယောက်နှင့် မတူတော့ပဲ သရဲသဘက် မျက်နှာမျိုး ဖြစ်နေချေပြီ။

သူ့လက်ထဲမှာတော့ ငှက်ကြီးတောင်ခါးကြီးက ကိုင်ထားမြဲပင်။

ဝရမ်းပြေးတာတေက သူတို့နှစ်ယောက်ကို စူးစူးစိုက်စိုက် လှမ်း ကြည့်နေသည်။

ယခုက်တစ်ကြိမ် တွေ့ရစဉ်က မှတ်မိသေးသော်သည်း ယခု တစ်ကြိမ်၌မူ မှတ်မိဟန်ပင် မရှိတော့ပေ။

သူ့မျက်လုံးများက ကျော်စွာတို့နှစ်ယောက်ကို ကြည့်နေရာမှ သွေးသံရဲရဲဖြင့် ဖျက်ဆီးထားသော ဒရယ်ဆီသို့ ရောက်သွားသည်။

"အူး . . ဝူး"



www.burmeseclassic.com

www.burmeseclassic.com



အသံကြဲကြဲကြီးဖြင့် မာန်ဖီလိုက်သဖြင့် ကျော်စွာတို့နှစ်ယောက်က နံဘေးသို့ ဖယ်ပေးလိုက်ကြသည်။

ထိုအခါ ဝရမ်းပြေးတာတေက ဒရယ်ရှိရာသို့ လာကာ ကုန်းကောက်လိုက်စဉ် ကျော်စွာက နောက်မှ သေနတ်ဖြင့် ပစ်ချလိုက်ရာ ရှေ့သို့ စိုက်ကျသွားသည်။

ခဏချင်းမှာပင် ပြန်ကုန်းထလာသည်။

နောက်တစ်ချက် ထပ်ပစ်ပြန်သည်။

လဲကျသွားပြန်သည်။

ဒီတစ်ကြိမ်မှာတော့ ဇေယျမင်းထင်က တစူးဝါးကို ပတ်ထားသောအဝတ်ကို အလျင်အမြန် ဖယ်ပြီး ဝရမ်းပြေးတာတေ ကျောပြင်ကို တစူးဝါးချွန်ဖြင့် ထိုးစိုက်ချလိုက်တော့သည်။

"ဒုတ်. . ."

"အား. . ."

တစူးဝါးက ကျောဘက်မှ ရှေ့သို့ ထုတ်ချင်းခတ် ပေါက်ထွက်သွားလေတော့သည်။

ဝရမ်းပြေးတာတေမှာ တစူးဝါးဒဏ်ကို မခံနိုင်တော့ပဲ ဒယိမ်းဒယိုင်ဖြင့် ထကာ တောထဲ ဝင်ပြေးလေတော့သည်။

ထိုအခါ ကျော်စွာတို့နှစ်ယောက်ကလည်း နောက်မှ လိုက်သွားကြလေသည်။

သို့သော် ၎င်းကိုယ်မှ ကျကျန်ခဲ့သော သွေးပုတ်ရည်စက်များကို ကြည့်ပြီး လိုက်သွားရာ နောက်ဆုံး သစ်ပင်ချုံနွယ်များ ပိတ်ဖုံးနေသော ဂူပေါက်သို့ ရောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား သတိကြီးစွာထား၍ ဂူအတွင်းသို့ ဝင်လိုက်သွားကြလေသည်။

ဂူအတွင်းမှာတော့ သွေးညှီနံ့ အပုတ်နံ့များက လှိုင်နေသည်။

"ဒါ သူပုန်းနေတဲ့နေရာဖြစ်မယ်"

အပြင်ဘက်မှာ မိုးတဖွဲဖွဲ ရွာနေသော်လည်း ဂူအတွင်း၌ အလင်းရောင်အချို့ ရှိနေသည်။

တစ်နေရာ ရောက်သောအခါ ခေါင်းနှင့်ကိုယ် တခြားစီ ဖြစ်နေသော အရိုးစုတစ်ခုကို တွေ့ရသည်။

ကိုယ်ပေါ်မှာ ဝတ်ထားသော အဝတ်အစားများမှာ ဆွေးမြေ့နေပြီဖြစ်သော်လည်း မိန်းမတစ်ယောက်၏အဝတ်အစားမှန်း သိသာပေသည်။

ထိုနေရာနှင့် မနီးမဝေးမှာတော့ တုံးလုံးလဲကာ တအိအိ တအဲအဲ ဖြစ်နေသော ဝရမ်းပြေးတာတေကို တွေ့ကြရသည်။

ဇေယျမင်းထင်က အနားသို့ သွားကာ. . .

"တာတေ ဒီမကောင်းဆိုးဝါးဘဝကနေ လွတ်ရာကျွတ်ရာ သွားပေတော့"

ဟု ပြောဆိုကာ စိုက်ဝင်နေသော တစူးဝါးကို ဆွဲနှုတ်လိုက်သဖြင့် သွေးပုတ်ရေများ ပွက်ကနဲ ထွက်ကျလာပြီးနောက် တာတေလည်း တဖြည်းဖြည်းနှင့် ငြိမ်ကျသွားလေတော့သည်။

ခဏချင်းမှာပင် ပုတ်ပွနေသော ခန္ဓာကိုယ်ကြီးမှာ တဖြည်းဖြည်း သေးလာပြီး အရိုးပေါ်အရေတင်ဘဝသို့ ရောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာနှင့် ဇေယျမင်းထင်တို့နှစ်ယောက် ဂူပေါက်ဝသို့ ပြန်ထွက်လာသောအခါ သေနတ်သံကြားရသဖြင့် လိုက်လာကြသော သူကြီးဦးဖုန်ရှိန်နှင့် ပုလိပ်များကို တွေ့ရသဖြင့် အကြောင်းစုံ ပြောပြကာ ထိုနေရာမှ ထွက်ခဲ့ကြလေတော့သည်။ အပြင်၌ မိုးက မစဲသေးပေ။





# အခန်း(၁၁)

# အချစ်များဖြင့် သံသရာရှည်

ယက္ခတာတေ၏အန္တရာယ်များ ပြီးဆုံးသွားသောအခါ နန်းပေါင်းရွာကလေးမှာ ယခင်ကကဲ့သို့ အေးအေးချမ်းချမ်း ပြန်ဖြစ်လာလေတော့သည်။

ထိုအဖြစ်အပျက်များဖြစ်ပြီး လအနည်းငယ်ကြာသောအခါ ကျော်စွာနှင့် မြဝင်းသူတို့နှစ်ယောက်မှာ ရွာဓလေ့ထုံးစံအရ လက်ထပ်လိုက်ကြလေသည်။

ကျော်စွာက ၎င်းတို့မောင်နှမကို တောထဲမှာ ဆက်မနေစေ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

# အချစ်များဖြင့် သံသရာရှည်

ယက္ခတာတေ၏အန္တရာယ်များ ပြီးဆုံးသွားသောအခါ နန်းပေါင်းရွာကလေးမှာ ယခင်ကကဲ့သို့ အေးအေးချမ်းချမ်း ပြန်ဖြစ်လာလေတော့သည်။

ထိုအဖြစ်အပျက်များဖြစ်ပြီး လအနည်းငယ်ကြာသောအခါ ကျော်စွာနှင့် မြဝင်းသူတို့နှစ်ယောက်မှာ ရွာခလေ့ထုံးစံအရ လက်ထပ်လိုက်ကြလေသည်။

ကျော်စွာက ၎င်းတို့မောင်နှမကို တောယံမှာ ဆက်မနေစေဘဲ

www.burmeseclassic.com

www.burmeseclassic.com



ၡင်းတို့နေရပ်သို့ လိုက်နေပါရန် ဖျောင်းဖျခေါ်သဖြင့် နောက်ဆုံး ဇေယျမင်းထင်ကပါ သဘောတူလေသည်။

"ကျုပ်ကတော့ နောက်ဆံတင်းစရာလူလည်း မရှိတော့ဘူးဆိုတော့ မောင်ကျော်စွာတို့ နေရပ်ရောက်ရင် ရှိတဲ့ အတွင်းပစ္စည်းလေးတွေကို ထုခွဲပြီး သာသနာ့ဘောင်ကိုပဲ ဝင်ဖို့ စိတ်ကူးတော့တယ်"

ဟု ၡင်း၏ဆန္ဒကို ဖွင့်ပြောလေသည်။

ထိုစကားကြားသောအခါ တောထဲမှာ သေနတ်တစ်လက်ဖြင့် လှည့်လည်နေသော ဇေယျမင်းထင်တစ်ယောက် အကျွတ်တရားရသွားလေပြီဟု ဝမ်းသာကြရလေသည်။

"ကျွန်မကတော့ အစ်ကို့မေတ္တာကို ယုံလို့ အားကိုးတကြီးနဲ့ လိုက်လာခဲ့ပြီနော်၊ ဟိုရောက်မှ မနှိပ်စက်ရဘူး"

"အစကတည်းက မြလေးကို ချစ်လို့ လက်ထပ်ပြီးတော့င်ယူထားခဲ့ပြီးမှ နှိပ်စက်ဖို့များတော့ စိတ်ကူးထဲမှာတောင် မထားပါဘူး၊ တိုးပြီးချစ်ဖို့သာ စိတ်ကူးရှိပါတယ်"

"ကျွန်မကတော့ အစ်ကိုခေါ်လို့သာ လိုက်ရတယ်၊ စိတ်ထဲမှာတော့ စိုးရိမ်နေသလိုပဲ"

"ဘာများ စိုးရိမ်စရာရှိလို့လဲ မြလေးရဲ့"

"ကျွန်မက တောထဲမှာပဲ အနေကြာခဲ့တော့ မြို့ရောက်ကာမှ မနေတတ် မထိုင်တတ် ဖြစ်မှာစိုးလို့ပါ"

"ဒါများ စိုးရိမ်စရာမှတ်လို့ကွယ်၊ ဘယ်လိုအကြောင်းမျိုးနဲ့ဖြစ်ဖြစ် မြလေးအပေါ်မှာ သစ္စာရှိရှိနဲ့ တစ်သက်လုံး ချစ်သွားပါ့မယ်လို့ ကတိပေးပါတယ်"

---

www.burmeseclassic.com

www.burmeseclassic.com

မြဝင်းသူက ချစ်စဖွယ်အပြုံးလေးဖြင့် ကျော်စွာရင်ခွင်ထဲ အားဘိုးတကြီး တိုးဝင်လိုက်လေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(ယက္ခတာတေ)အမည်ရှိ ပရဆန်းကြွယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

# ပြီးပါပြီ

စာပြီးချိန် ။ ။ (၂၀၀၉)ခုနှစ်၊ ဖေဖော်ဝါရီ(၂၈)ရက်၊ စနေနေ့၊ ညနေ(၄)နာရီ



www.burmeseclassic.com